# သွေးစွန်းနေသော

# တံခါးပေါက်များ

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် SAC ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများ ပိုမိုပြင်းထန် လာခြင်းသည် BRI-ပိုးလမ်းမ စီမံကိန်း တိုးချဲ့မှု အတွက် လမ်းခင်း ပေးခြင်း ဖြစ်သည်။

# မာတိကာ


အကျဉ်းချုပ် ..... 3

စစ်ကောင်စီ စနစ်အောက်တွင် BRI-ပိုးလမ်းမစီမံကိန်းကို အရှိန်မြင့်ခြင်းဖြင့် အန္တရာယ်များ ဖိတ်ခေါ် နေသော တရုတ်နိုင်ငံ ..... 7

အရပ်သား ပြည်သူများ တည်ရှိရာသို့ လေကြောင်းတိုက်ခိုက်ခြင်းများ၊ အစုလိုက်အပြုံလိုက် အိမ် မီးရှို့ခြင်းများ ..... 9

- ဖားကန့်မြို့ နယ် ဆယ်ဇင်းရွာရှိ လူနေအိမ်များကို လေကြောင်းတိုက်ခိုက်ခြင်းနှင့် မီးရှို့ခြင်း ..... 11
- ရွှေကူမြို့နယ်ရှိ လူနေအိမ်များကို လေကြောင်းတိုက်ခိုက်ခြင်းနှင့် မီးရှို့ခြင်း ..... 13
- အနန့်ပါ လေကြောင်းတိုက်ခိုက်မှုကို လေ့လာသုံးသပ်ခြင်း- အရပ်သားများကို ရည်ရွယ်ချက် ရှိရှိဖြင့် ပစ်မှတ်ထားခြင်း ..... 15

အရပ်ဘက်နေရာများကို လက်နက်ကြီးများဖြင့် တိုက်ခိုက်ခြင်း ..... 20

အရပ်သားကို မတရားပစ်ခတ်ခြင်း ..... 23

မတရားဖမ်းဆီးခြင်း၊ ရွာသူရွာသားများကို လူသားဒိုင်းအဖြစ် အသုံးပြုခြင်း ..... 26

ဆက်လက်ဖြစ်ပွားနေသော လိင်အကြမ်းဖက်မှုအပေါ် ပြစ်ဒဏ်ကင်းလွတ်မှု အခြေအနေများ ..... 28

နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်မှုအသစ်များ ..... 29

နေရပ်စွန့်ခွာ စခန်းများ ပိတ်ရန် စစ်ကောင်စီ ၏ ဖိအားများပိုမိုတိုးလာခြင်း ..... 32

ကချင်ပြည်နယ်ရှိ IDP စခန်းများပိတ်ရန် ဖိအားများ ..... 33

ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများအကြား နေရပ်စွန့်ခွာသူများ နေရပ် ပြန်နိုင်ရေးအတွက် အန္တရာယ်များ ..... 36

နိဂုံးနှင့် အကြံပြုချက်များ ..... 38

နောက်ဆက်တွဲ - လူ့အခွင့်အရေး ချိုးဖောက်မှုများ အသေးစိတ်စာရင်း ..... 40

## အကျဉ်းချုပ်

| ကချင်ပြည်နယ်နှင့် ရှမ်းမြောက်ဒေသရှိ စစ်ကောင်စီ တပ်ဖွဲ့များ၏ လူ့အခွင့်အရေး ချိုးဖောက်မှု ခံရသူများ | ဖေဖော်ဝါရီ ၂၀၂၁ - ဧပြီ ၂၀၂၂ | မေ ၂၀၂၂- ဇူလိုင် ၂၀၂၃ |
|---|---|---|
| အရပ်ဘက်နေရာများတွင် လေကြောင်း တိုက်ခိုက်မှုများ ကြောင့် ထိခိုက်သူများ (သေဆုံးသူ သို့မဟုတ် ဒဏ်ရာရသူ) စာရင်း | ၁၇ | ၁၉၁ |
| လူသားဒိုင်းများအဖြစ် အသုံးပြုခံရသည့် ရွာသူရွာသား များ အရေအတွက် | ၃၃ | ၂၂၁ |

KWAT ၏ ဤမှတ်တမ်းအချက်အလက်သည် ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းမှစတင်၍ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ စစ်ကောင်စီတပ်ဖွဲ့များ၏ အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထား တိုက်ခိုက်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ တိုးမြင့်လာမှုကို ဖော်ပြထားပါသည်။ မိမိတို့၏ အချက်အလက်များ အရ ပြီးခဲ့သည့် ၁၅ လနှင့် နှိုင်းယှဉ်ပါက လေကြောင်းဖြင့် ဗုံးကျဲတိုက်ခိုက်ခံရသူ အရပ်သား ပြည်သူများနှင့် လူသားဒိုင်းအဖြစ် အတင်းအဓမ္မ အသုံးပြုခံရသူ အရပ်သား ပြည်သူအရေအတွက်များမှာ သိသိသာသာ တိုးမြင့်လာသည်ကို တွေ့ရသည်။ စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ကချင်ပြည်နယ်ရှိ နေအိမ်များကိုလည်း အစုလိုက်အပြုံလိုက် မီးရှို့မှုများ စတင် လုပ်ဆောင်နေပြီ ဖြစ်သည်။

စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် လူနေထူထပ်သည့် နေရာများတွင် ပစ်ခတ်မှုများကို ကျယ်ကျယ်ပြန့် ပြန့် ဆက်လက်ကျူးလွန်လျှက်ရှိသည်။ ၂၀၂၂ ခုနှစ် မေလမှ ၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း KWAT သည် ကလေး ၁၁ ဦးအပါအဝင် အရပ်သား ၆၁ ဦးကို ထိခိုက်စေခဲ့သော ဖြစ်ရပ်အပါအဝင် အလားတူ ဖြစ်ရပ်ပေါင်း ၃၀ ခုကို မှတ်တမ်းတင်နိုင်ခဲ့သည်။ ထိုထဲတွင် မြို့နယ်ပေါင်း ၉ မြို့နယ်အတွင်း အရပ်သား ၈ ဦးသေဆုံးကာ ၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရပ်သားများအပေါ် မတရားပစ်ခတ်မှုပေါင်း ၁၂ မှုလည်း ပါဝင်သည်။

လွန်ခဲ့သည့် ၁၅ လအတွင်း တွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင်တွင် စစ်ကောင်စီ အာဏာပိုင် များမှ လူပေါင်း ၄၄၁ ဦးကို မတရားဖမ်းဆီးခဲ့သည်။ KBC အကြီးအကဲဟောင်း ဒေါက်တာ ခလမ်ဆမ်ဆွန် အပါအဝင် ကချင်ဘာသာရေး ခေါင်းဆောင် အများအပြားလည်း မတရား ဖမ်းဆီးခံရသည်။ ၂၀၂၃ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ဖားကန့်တွင် အစုလိုက် အဖမ်းခံရသည့် အမျိုးသား

၂၀၀ အပါအဝင် ထိုသို့ အဖမ်းခံရသူ များထဲမှ အများစုမှာ တော်လှန်ရေးအဖွဲ့များနှင့် ဆက်နွယ်မှုရှိသည်ဟုဆိုကာ စွပ်စွဲခံထားရသည်။ အနည်းဆုံး လူ ၁၃ ဦးမှာ စစ်ဆေးမေးမြန်းစဉ်အတွင်း ရိုက်နှက်ခံခဲ့ရပြီး အမျိုးသား ၄ ဦးမှာ ဖမ်းဆီးခံရပြီးနောက် စစ်သားများ၏ ပစ်သတ်ခံခဲ့ရသည်ဟု သိရှိရပြီး ယနေ့ချိန်ထိ ပျောက်ဆုံးနေသူမှာ ၂၄ ဦးရှိသည်။

ဖမ်းဆီးခံထားရသူများထဲမှာ ၂၀၀ ကျော်မှာ စစ်ကောင်စီတပ်ဖွဲ့ဝင်များ၏ လူသားဒိုင်းအဖြစ် အတင်းအဓမ္မ ခိုင်းစေမှုကို ခံခဲ့ရပြီး တခါတရံ သေဆုံးသည်အထိ ရှိခဲ့သည်။ အမျိုးသမီးနှင့် မိန်းကလေးငယ်များ အပါအဝင် လူပေါင်း ၇၀ ရှိသော ရွာသူရွာသားအုပ်စု တစ်စုကို စစ်ကောင်စီမှ စစ်ကားနှစ်စီးပေါ် အတင်းအဓမ္မ စီးနင်းခိုင်းခဲ့ပြီး ထိုကားနှစ်စီးသည် တော်လှန်ရေးတပ်ဖွဲ့များ၏ တိုက်ခိုက်ခြင်း ခံခဲ့ရသောကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး အခြားအမျိုးသမီးနှင့် မိန်းကလေးငယ် ၆ ဦးမှာ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြသည်။

ကွတ်ခိုင်တွင် လတ်တလောဖြစ်ပွားခဲ့သည့် စစ်ကောင်စီ တပ်ဖွဲ့ဝင်များမှ ၎င်းတို့တပ်စွဲထားသော ရွာ၌ တစ်ညတည်းတွင် ကျူးလွန်ခဲ့သည့် အုပ်စုလိုက် မုဒိမ်းကျင့်မှု နှစ်ခုကို ကြည့်ခြင်းအားဖြင့် စစ်ကောင်စီသည် လိင်အကြမ်းဖက်မှုများကို ပြောင်ပြောင်တင်းတင်း ဆက်လက် တိုးမြင့် ကျူးလွန်လျှက်ရှိသည်ကို တွေ့မြင်နိုင်သည်။

တရုတ်နိုင်ငံ၏ BRI-ပိုးလမ်းမစီမံကိန်း အောက်တွင် မြန်မာနိုင်ငံတဝှမ်း အခြေခံ အဆောက်အုံ စီမံကိန်းများ တည်ဆောက်ရန် တံခါးပေါက်များဖြစ်သော မြန်မာနိုင်ငံ မြောက်ပိုင်းရှိ သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများ လုံခြုံရေးအတွက် စစ်ကောင်စီ၏ ထိုးစစ်များ အရှိန်မြှင့် လုပ်ဆောင်နေစဉ် အတွင်းမှာပင် ဤအကြမ်းဖက်ချိုးဖောက်မှုများ ပိုမိုပြင်းထန်လာခဲ့သည်။ တော်လှန်ရေး အင်အားစုများ အပေါ် သမရိုးကျ စစ်ဆင်ရေး ရှုံးနိမ့်လာသည်နှင့်အမျှ စစ်ကောင်စီသည် ၎င်းတို့၏ နယ်မြေ ထိန်းချုပ်နိုင်ရေး အတွက် အရပ်သားပစ်မှတ်ထားကာ စုပေါင်း ပြစ်ဒဏ်ပေးခြင်း နည်းလမ်းကို တိုးမြင့် အသုံးချလျှက်ရှိသည်။

ဥပမာ- စီစဉ်ထားသည့် တရုတ်-မြန်မာ ဧရာဝတီ စီးပွားရေးခါးပတ်လမ်း၏ အဓိက ချိတ်ဆက်မှု တစ်ခုဖြစ်သည့် ဗန်းမော်-မြစ်ကြီးနား သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့် ဗန်းမော်-လွယ်ဂျယ် ကုန်သွယ်ရေးလမ်းကြောင်းတို့ကို အပေါ်စီးမှ ကြည့်ရှုနိုင်သည့် ကချင်ပြည်နယ် အရှေ့တောင်ဘက် အမြင့်ဆုံးနေရာဖြစ်သော လုံဂျာတောင် KIA တပ်စခန်းကို သိမ်းယူရန်ကြိုးပမ်းမှုတွင် မအောင်မြင်ခဲ့ဘဲ ကြီးမားသော ဆုံးရှုံးမှုများဖြစ်ခဲ့သည်။ ထိုဆုံးရှုံးမှုအတွက် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့ တွင် ဖားကန့် ဂီတဖျော်ဖြေပွဲတွင် အကြီးအကျယ်ထိခိုက်ပျက်စီးခြင်းနှင့် လူ ၁၇၀ ကျော် ထိခိုက် သေဆုံး

စေသည့် လေကြောင်း တိုက်ခိုက်မှု လုပ်ဆောင်ချက်သည် ထိုဆုံးရှုံးမှုအတွက် တိုက်ရိုက် လက်တုံ့ပြန်မှု ဖြစ်ပုံရသည်။


စစ်ကောင်စီသည် မြန်မာနိုင်ငံ မြောက်ပိုင်းရှိ IDP ၁၀၇,၀၀၀ ကျော်နေထိုင်သော ရှိရင်းစွဲ စစ်ဘေးရှောင် စခန်းများကို ပိတ်သိမ်းရန် အစီအစဉ်များ ဆက်လက် တွန်းအားပေး လုပ်ဆောင်နေသော်လည်း လွန်ခဲ့သော ၁၅ လအတွင်း တိုက်ခိုက်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် ရွာသူရွာသားပေါင်း ၁၄,၀၀၀ နီးပါးကို ထပ်မံ အိုးအိမ်စွန့်ခွာထွက်ပြေးမှုဆက်လက်ဖြစ်စေခဲ့သည်။ ပဋိပက္ခများ ဆက်လက် ဖြစ်ပွားနေသည့်ကြားမှပင် IDP ၄,၀၀၀ ကျော်သည် စခန်းများအတွင်း အကူအညီပေးရေး အဖွဲ့များ၏ နည်းပါးလှသော ရိက္ခာပံ့ပိုးမှုများဖြင့် ဆက်လက် အသက်ရှင်နေထိုင်ရန် ခက်ခဲလာခြင်းကြောင့် လတ်တလောနှစ်များအတွင်းတွင် မြစ်ကြီးနား တောင်ဘက်ရှိ ၎င်းတို့၏ မူလ ကျေးရွာများသို့ ပြန်ခဲ့ကြသည်။ သို့သော်လည်း ဗန်းမော်- မြစ်ကြီးနား ကားလမ်းလုံခြုံစေရန် ၂၀၂၃ ခုနှစ် ဇူလိုင်လမှ စတင်၍ စစ်ကောင်စီမှ နောက်ဆုံးပြုလုပ်ခဲ့သော စစ်ဆင်ရေးများကြောင့် နေရပ်ပြန်ခဲ့သော IDP ၁၁၀၀ ကျော်သည် ၎င်းတို့နေရာမှ ထပ်မံ ထွက်ပြေးခဲ့ရသည်။

စစ်ကောင်စီအနေဖြင့် မြန်မာနိုင်ငံတဝှမ်းရှိ အရပ်သားများအပေါ် ပစ်မှတ်ထားသော ပြင်းထန်သည့် တိုက်ခိုက်မှုများကို ရပ်တန့်ရန် ၎င်းတို့အပေါ် သံတမန်ရေးနှင့် စီးပွားရေးဆိုင်ရာ ဖိအားများ တိုးမြှင့်ပေးရန်အတွက် မိမိတို့ KWAT မှ အရေးပေါ် တောင်းဆိုပါသည်။

အလှူရှင် နိုင်ငံများအနေဖြင့်လည်း စစ်ကောင်စီ၏ IDP စခန်းပိတ်သိမ်းရေး အစီအစဉ်ကို ပံ့ပိုးမှု မပြုလုပ်ရန်နှင့် နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများကို ဦးစားပေးကာ ရှိရင်းစွဲနှင့် နောက်ထပ် တိုးပွားလာသော IDP များအတွက် အကူအညီများ တိုးမြှင့်ပေးရန် အတွက်လည်း မိမိတို့ KWAT မှ တိုက်တွန်း ပါသည်။

နောက်ဆုံးအနေဖြင့် မြန်မာနိုင်ငံတွင် လုပ်ဆောင်နေသော BRI-ပိုးလမ်းမစီမံကိန်းများသည် ပဋိပက္ခနှင့် အခွင့်အရေး ချိုးဖောက်မှုများကို ပိုမို ဖြစ်ပွား စေသောကြောင့် တရုတ်နိုင်ငံ အနေဖြင့် ထိုစီမံကိန်းများ ရှေ့တိုးလုပ်ဆောင်မှုများကို ရပ်တန့်ရန် KWAT မှ တိုက်တွန်းပါသည်။ ဤစီမံကိန်းများကို ဖျက်သိမ်းသင့်ပြီး မြန်မာနိုင်ငံအတွင်း စစ်အာဏာရှင်စနစ် ဖြုတ်ချပြီး မည်သည့် စီမံကိန်း အသစ်တွက်မဆို ဒေသခံလူထုကို ကြိုတင်အသိပေးခြင်းအပြင် လူထု၏ သဘောဆန္ဒနှင့် ခွင့်ပြုချက်ကို အာမခံမှုပေးသည့် ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် တစ်ခုအရ ကျင်းပသည့် ရွေးကောက်ပွဲ မရှိသရွေ့ မည်သည့်ရင်းနှီးမြှုပ်နှံမှုအသစ်ကိုမျှ လုပ်ဆောင်ခြင်း မပြုသင့်ပေ။

ပိုးလမ်းမဖွံ့ဖြိုးရေးစီမံကိန်း (BRI) နှင့်ဆက်နွယ်၍မြန်မာစစ်တပ်မှမြန်မာပြည်မြောက်ပိုင်းတွင်ကျူးလွန်သည့်လူ့အခွင့်အရေး ချိုးဖောက်မှုများ (၂၀၂၁ ဖေဖော်ဝါရီ - ၂၀၂၃ ဇူလိုင်)



# စစ်ကောင်စီ စနစ်အောက်တွင် BRI-ပိုးလမ်းမစီမံကိန်းကို အရှိန်မြှင့်ခြင်းဖြင့် အန္တရာယ်များ ဖိတ်ခေါ် နေသော တရုတ်နိုင်ငံ

နိုင်ငံတဝှမ်းရှိ အရပ်သားပြည်သူများအပေါ် စစ်ကောင်စီ၏ ရက်စက်ယုတ်မာမှုများ တိုးမြင့်နေသည့်ကြားမှာပင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွင်းရှိ ၎င်း၏ BRI-ပိုးလမ်းမ စီမံကိန်းများကို စိုင်းပြင်း လုပ်ဆောင်လျှက်ရှိသည်။ ၂၀၂၃ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် အမျိုးသမီးနှင့် ကလေးငယ်များ ဒါဇင်ပေါင်းများစွာ အပါအဝင် ရွာသူရွာသား ၁၆၅ ဦးကို သေဆုံးစေခဲ့သည့် စစ်ကောင်စီ၏ စစ်ကိုင်းတိုင်း ပဇီကြီးကျေးရွာ လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားပြီး သတင်းပတ်အနည်းငယ်အကြာ မေလ ၂ ရက်နေ့တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး Qin Gang သည် မြန်မာစစ်ခေါင်းဆောင် မင်းအောင်လှိုင်နှင့် တွေ့ဆုံခဲ့ပြီး "တရုတ်-မြန်မာ စီးပွားရေးစင်္ကြန်၏ အဓိက ပူးပေါင်း ဆောင်ရွက်ရေး စီမံကိန်းများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်ရန်" ကတိပြုခဲ့ကြသည်။[1].

မြန်မာနိုင်ငံမြောက်ပိုင်း BRI-ပိုးလမ်းမ စီမံကိန်းများဖြစ်သည့် ရှမ်းပြည်နယ်ရှိ မူဆယ်-ရွှေလီ နယ်စပ်စီးပွားရေးဇုန်နှင့် မူဆယ်-မန္တလေး အမြန်ရထားလမ်း၊ ကချင်ပြည်နယ်ရှိ Kanpiketi-Houqiao နယ်စပ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဇုန်နှင့် ကချင်ပြည်နယ် မြစ်ကြီးနား (သို့မဟုတ် Namjim) စီးပွားရေးဇုန် စသည့် စီမံကိန်းများကို အာဏာသိမ်းရန်စတင်ကြိုးပမ်းသည့် အချိန်ကာလကတည်းကပင် တဖြည်းဖြည်း လုပ်ဆောင်လျှက်ရှိသည်။ ထိုစီမံကိန်းများထဲမှ ဒုတိယ စီမံကိန်းနှစ်ခုမှာ Yunnan Baoshan Hengyi Industrial Group ၏ ဖက်စပ်လုပ်ငန်းခွဲများဖြစ်ပြီး Yunnan Baoshan Hengyi Industrial Group ၏ ဥက္ကဋ္ဌသည် စီမံကိန်းကို အမြန်အကောင်အထည်ဖော်ရန် ပြီးခဲ့သည့် ၂၀၂၃ ဖေဖော်ဝါရီ လတွင် စစ်ကောင်စီ အရာရှိများနှင့် မြစ်ကြီးနားတွင် တွေ့ဆုံခဲ့သည်။  အလွန် စိုးရိမ်ဖွယ်






*၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်ကောင်စီအရာရှိများနှင့် တွေ့ဆုံခဲ့သည့် Yunna Baoshan hengyi Industrial Group ၏ ဥက္ကဋ္ဌဖြစ်သူ Duan Zhiku* (https://news.iresearch.cn/yx/2023/02/461709.shtml)

1 https://www.fmprc.gov.cn/mfa_eng/zxxx_662805/202305/t20230504_11070139.html#:~:text=On%20May%202%2C%202023%20local,the%20same%20mountains%20and%20rivers.

ကောင်းသည့်အချက်မှာ စစ်ကောင်စီခေါင်းဆောင်များသည် ၂၀၁၁ ခုနှစ်ကတည်းက ရပ်ဆိုင်းထားခဲ့သည့် မြစ်ဆုံရေကာတာ စီမံကိန်းကို ဒေသခံများမှ ထိုစီမံကိန်းကို အပြင်းအထန် ကန့်ကွက်ထားသည့်ကြားမှပင် ပြန်လည် စတင် လုပ်ဆောင်တော့မည့် အကြောင်း မကြာသေးမီ လများအတွင်း အရိပ်အမြွက် ပြောခဲ့ကြသည်။ တရုတ်နိုင်ငံသည် ရေအားလျှပ်စစ်တင်ပို့ရန် လျာထားခဲ့သည့် ဧရာမ ရေကာတာကြီးကို ပြန်လည် စတင်ခြင်းအပြင် ဧရာဝတီမြစ်ကြောင်းပေါ်ရှိ အခြား ရေကာတာများ လုပ်ဆောင်ခြင်းကို ဘယ်သောအခါမှ စွန့်လွှတ်ခဲ့ခြင်း မရှိခဲ့ပေ။ ဆည်စီမံကိန်းကြောင့် မြစ်ဆုံဒေသမှ ရွာသူရွာသားပေါင်း ၂,၅၀၀ ကျော်သည် လွန်ခဲ့သည့် ၂၀၁၀ ခုနှစ်မှ စတင်ကာ "စံပြကျေးရွာများ"သို့ အတင်းအကြပ် ပြောင်းရွှေ့ခံခဲ့ရပြီး မြစ်ဆုံရေကာတာ ရပ်ဆိုင်းခဲ့သည့် တိုင်အောင် ၎င်းတို့မူလနေရာသို့ ပြန်နေခွင့် မရသေးပဲ စီမံကိန်းလုပ်ဆောင်သည့် တရုတ်နိုင်ငံ၏ နိုင်ငံတော် ဓာတ်အားပေး ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်း (SPIC) ထံမှ ရိက္ခာများ လက်ခံရရှိနေဆဲ ပင်ဖြစ်သည်။

နေပြည်တော် အာဏာပိုင်များသည် ဒေသခံပြည်သူလူထုအား ကြိုတင်အသိပေးခြင်းမရှိသည့် အပြင် လူထု၏ သဘောတူညီချက် တစုံတရာမရှိပဲ စီစဉ်ထားသော ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်အားလုံးကို ချမှတ်ခဲ့ကြသည်။ BRI - ပိုးလမ်းမ စီမံကိန်းအားလုံးသည် စစ်ကောင်စီ၏ ထိန်းချုပ်မှုကို ပိုမိုစိန်ခေါ်နေသည့် ပဋိပက္ခနယ်မြေများတွင် တည်ရှိနေခြင်းသည် တရုတ်နိုင်ငံအနေဖြင့် ယခုအချိန်တွင် စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ရန် တွန်းအားပေးခြင်းဖြင့် ကြီးမားသည့် အန္တရာယ်များကို ဖော်ဆောင်ပေး ခြင်းဖြစ်သည်ဟု အဓိပ္ပာယ်သက်ရောက်စေသည်။ စစ်ကောင်စီသည် လုံခြုံရေးအတွက် အာမခံနိုင်မှု မပေးနိုင်သည့်အပြင် စီမံကိန်းလုံခြုံရေးအတွက် ကြိုးပမ်းစဉ်အတွင်း ကျူးလွန်သည့် မည်သည့်ချိုးဖောက်မှုများမဆို တရုတ်နိုင်ငံအနေဖြင့် တိုက်ရိုက်ပါဝင်ပတ်သက်လာမည်ဖြစ်သည်။

မိမိတို့၏ မြေပုံအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းရန် စတင်ကြိုးပမ်းခဲ့ချိန်မှစ၍ မြန်မာနိုင်ငံ မြောက်ပိုင်းရှိ စစ်ကောင်စီတပ်ဖွဲ့ဝင်များမှ ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှု အများစုမှာ BRI - ပိုးလမ်းမ စီမံကိန်းများနှင့် သယ်ယူပို့ဆောင်ရေးစင်္ကြံများတလျှောက်တွင် ဖြစ်ပွားခဲ့ကြောင်း ပြသနေပြီဖြစ်သည်။ ဗန်းမော်-မြစ်ကြီးနားလမ်းလုံခြုံရေးအတွက် ၂၀၂၃ ခုနှစ် ဇူလိုင်လမှ စတင်ခဲ့သည့် စစ်ကောင်စီ၏ ထိုးစစ်ဆင်မှုသည် အရပ်သားများအပေါ် ဖိနှိပ်ချိုးဖောက်မှုများ ထပ်မံဖြစ်ပေါ်စေခဲ့ပြီး နေရပ်ပြန်လာသည့် IDPs များကိုလည်း နောက်ထပ်တစ်ကြိမ် ပြန်လည်ထွက်ပြေးစေခဲ့သည်။

## အရပ်သား ပြည်သူများ တည်ရှိရာသို့ လေကြောင်းတိုက်ခိုက်ခြင်းများ၊ အစုလိုက်အပြုံလိုက် အိမ် မီးရှို့ခြင်းများ

| မေလ ၂၀၂၂ - ဇူလိုင်လ ၂၀၂၃ ခုနှစ်အတွင်း လေကြောင်းတိုက်ခိုက်ခြင်းများ | | |
|---|---|---|
| **ရက်စွဲ** | **မြို့နယ်** | **ထိခိုက်မှုအရေအတွက်** |
| ၈ ဩဂုတ် ၂၀၂၂ | ဖားကန့် (ဆယ်ဇင်း) | အမျိုးသား ၂ ဦးနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီး ၁ ဦး ဒဏ်ရာရရှိခဲ့သည်။ |
| ၉ ဩဂုတ် ၂၀၂၂ | ဖားကန့် (ဆယ်ဇင်း) | ယောက်ျားကလေးငယ် ၁ ဦး သေဆုံးခဲ့ပြီး အမျိုးသမီး ၁ ဦးနှင့် ယောက်ျားကလေးငယ် ၁ ဦး ဒဏ်ရာရရှိခဲ့သည်။ |
| ၂၃ အောက်တိုဘာ ၂၀၂၂ | ဖားကန့် | ၆၉ ဦး သေဆုံးခဲ့ပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ |
| ၃ ဇန်နဝါရီ ၂၀၂၃ | မြစ်ကြီးနား | အမျိုးသမီး ၂ ဦးနှင့် အမျိုးသား ၂ ဦး ဒဏ်ရာရရှိခဲ့သည်။ |
| ၂၇ ဖေဖော်ဝါရီ ၂၀၂၃ | ရွှေကူ | အမျိုးသား ၂ ဦး ဒဏ်ရာရရှိခဲ့သည်။ |
| ၂၅ မတ် ၂၀၂၃ | ရွှေကူ | နွား ၃ ကောင် သေဆုံးခဲ့သည်။ |
| ၅၊ ၇၊ ၈၊ ၉ ဧပြီ ၂၀၂၃ | ရွှေကူ | အမျိုးသား ၆ ဦး သေဆုံးခဲ့သည်။ |
| ၁၇ ဇွန် ၂၀၂၃ | ဖားကန့် | အမျိုးသား ၂ ဦး သေဆုံးခဲ့သည်။ (ဒရုန်းဖြင့် ဗုံးကျဲတိုက်ခိုက်ခြင်း) |
| ၃၀ ဇွန် ၂၀၂၃ | ဖားကန့် | အမျိုးသမီး ၁ ဦး သေဆုံးခဲ့သည် (ဒရုန်းဖြင့် ဗုံးကျဲတိုက်ခိုက်ခြင်း) |
| ၂၅ ဇူလိုင် ၂၀၂၃ | မူဆယ် | အမျိုးသား ၁ ဦး သေဆုံးခဲ့သည်။ |

လွန်ခဲ့သည့် ၁၅ လအတွင်းတွင် စစ်ကောင်စီမှ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည့် ကချင်ပြည်နယ်ရှိ အဓိက နေရာများမှာ ဖားကန့်နှင့် ရွှေကူမြို့နယ်များဖြစ်ပြီး အများစုမှာ KIA နှင့် PDF တပ်ဖွဲ့များနှင့် မြေပြင်စစ်ဆင်ရေးအတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၃ ရက်နေ့ အနန့်ပါဖျော်ဖြေပွဲတွင် ဖြစ်ပွားခဲ့သည့် အဆိုးဝါးဆုံး လေကြောင်းတိုက်ခိုက်မှုမှာမူ ထိုဒေသအတွင်း မည်သည့်တိုက်ပွဲ ထိတွေ့မှုများ ဖြစ်ပွားခြင်းမရှိပဲ ဖျော်ဖြေပွဲလာသည့် အရပ်သားအများအပြား ထိခိုက်နစ်နာမည်ကို အပြည့်အဝ သိရှိနားလည်ထားသည့်ကြားမှပင် စစ်ကောင်စီမှ ပြုလုပ်ခဲ့သော တိုက်ခိုက်မှုတစ်ခုဖြစ်သည်။


အနန့်ပါ လေကြောင်းတိုက်ခိုက်မှုသည် စစ်ကောင်စီ၏ ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း တရုတ်-မြန်မာ ဧရာဝတီမြစ် စီးပွားရေးရပ်ဝန်း၏ တစိတ်တပိုင်းဖြစ်သော ဗန်းမော်-မြစ်ကြီးနား ကားလမ်းနှင့် ဗျူဟာမြောက် အရေးပါသော ဗန်းမော်-လွယ်ဂျယ် ကုန်သွယ်ရေးလမ်းကြောင်းတို့ကို အပေါ်စီးမှ ကြည့်မြင်နိုင်သည့် ကချင်ပြည်နယ် အရှေ့တောင်ဘက် အမြင့်ဆုံးနေရာဖြစ်သည့် မိုးမောက်မြို့အရှေ့ဘက် လုံဂျာတောင်ပေါ်ရှိ KIA တပ်စခန်းများကို သိမ်းပိုက်ရန် ကြိုးပမ်းမှုအတွင်း အထိနာခဲ့ရသည့် ကြီးမားသော ဆုံးရှုံးမှုအတွက် စစ်ကောင်စီမှ တိုက်ရိုက်လက်တုံ့ပြန်ခြင်း ဖြစ်ပုံပေါ်သည်။ တောင်ထိပ်အား သိမ်းပိုက်နိုင်ပါက စစ်ကောင်စီတပ်ဖွဲ့များသည် KIA ၏ လိုင်ဇာနှင့် မိုင်ဂျာယန်ရှိ အုပ်ချုပ်ရေးဗဟိုဌာနများအပါအဝင် အရှေ့ဘက် ကချင်-တရုတ်နယ်စပ်တလျှောက်ရှိ KIA နယ်မြေများကို တိုက်ရိုက်ပစ်ခတ်နိုင်မည်ဖြစ်သည်။ လုံဂျာဘွမ်ကို တိုက်ခိုက်ရာတွင် တပ်မ ၈၈ နှင့် မိုးမောက်အခြေစိုက် ခမရ ၄၃၇ မှ စစ်ကောင်စီတပ်ဖွဲ့ဝင် ရာနှင့်ချီ တပ်စွဲထားသည့်အပြင် ထိုတပ်များအတွက် လေကြောင်းတိုက်ခိုက်မှုများနှင့် အမြောက်များကိုလည်း ပံ့ပိုးထားခဲ့သည်။ သို့သော်လည်း KIA သည် စစ်ကောင်စီ၏ ထိုးစစ်ဆင်မှုကို အောင်မြင်စွာ ချေမှုန်းနိုင်ခဲ့ပြီး အောက်တိုဘာ ၂၂ ရက်နေ့တိုက်ပွဲ တစ်ရက်တည်းတွင် စစ်ကောင်စီဘက်မှ ကွပ်ကွဲရေးမှူးအပါအဝင် တပ်ဖွဲ့ဝင် ၄၀ ကျော် သေဆုံးခဲ့သည်။ ထိုဖြစ်ရပ်အပြီး နောက်နေ့ အောက်တိုဘာ ၂၃ ရက်နေ့တွင် အနန့်ပါ လေကြောင်း တိုက်ခိုက်မှုကို စစ်ကောင်စီမှ ပြုလုပ်ခဲ့သည်။

လေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့သော နေရာနှစ်နေရာဖြစ်သည့် ဖားကန့်ရှိ ဆယ်ဇင်းကျေးရွာနှင့် ရွှေကူမြို့တောင်ဘက် ကျေးရွာများတွင်လည်း စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် လူနေအိမ်အများအပြားကို မီးရှို့ဖျက်ဆီးခဲ့ပြီး ဒေသခံ အရပ်သားပြည်သူလူထုအပေါ် စုပေါင်းအပြစ်ပေးလိုသည့် ၎င်းတို့၏ ရည်ရွယ်ချက်ကို စစ်ကောင်စီက ရှင်းရှင်းလင်းလင်း ပြသခဲ့သည်။

စိုးရိမ်ဖွယ်ကောင်းသည့် တိုးတက်မှုတစ်ခုမှာ ၂၀၂၃ ခုနှစ် ဇွန်လမှ စတင်ကာ စစ်ကောင်စီ မဟာမိတ် တပ်များသည် အရပ်သား ပစ်မှတ်ထား ဗုံးကြဲတိုက်ခိုက်ရန်အတွက် ဒရုန်းများကို စတင် အသုံးပြုလာကြခြင်း ပင်ဖြစ်သည်။ ဇွန်လ ၁၇ ရက်နှင့် ဇွန်လ ၃၀ ရက်နေ့တွင် တစ်ကြိမ် မင်းဇင်သန့် ဦးဆောင်သည့် ဒေသခံပြည်သူ့စစ်အဖွဲ့သည်  အိန္ဒိယနယ်စပ်နှင့် ချိတ်ဆက်ထားသော လီဒို လမ်းမကြီး ပေါ်ရှိ ဝရာဇွပ် ကျေးရွာတပိုက်တွင် ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ဗုံးပေါက်ကွဲမှုကြောင့် ဇွန်လ ၁၇ ရက်နေ့တွင် ရွာသား အမျိုးသား ၂ ဦး သေဆုံးခဲ့ပြီး ဇွန်လ ၃၀ ရက်နေ့တွင် လယ်တောသို့ သွားနေသော အသက် ၅၃ နှစ်အရွယ် အမျိုးသမီးတစ်ဦး ထိခိုက် သေဆုံးခဲ့သည်။
လတ်တလော ဖြစ်ပွားခဲ့သည့် နောက်ထပ် စိတ်အနှောက်အယှက်ဖြစ်ဖွယ် တိုးတက်မှုတစ်ခုမှာ စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ထိခိုက်သေဆုံးသူ အရပ်သားများအား ခုခံတော်လှန်ရေး အဖွဲ့များ၏ ယူနီဖောင်းများကို ဝတ်ဆင်ပေးခြင်းဖြင့် ၎င်းတို့၏ အရပ်သားပစ်မှတ်ထား ဗုံးကြဲတိုက်ခိုက်မှုများကို

ဖုံးကွယ်ရန်ကြိုးစားနေခြင်းပင် ဖြစ်သည်။ ဇူလိုင်လ ၂၅ ရက်နေ့တွင် မူဆယ်မြို့နယ်ရှိ ဆိုင်ခေါင် (Sai Hkau) ရွာကို လေကြောင်းတိုက်ခိုက်ခဲ့ခြင်းကြောင့် အသက် ၄၀ အရွယ် ရွာသား အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီးနောက် စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် ၎င်း၏ အလောင်းအား ယူသွားကာ TNLA ယူနီဖောင်း ဝတ်ပေးခဲ့ပြီး ၎င်း၏ရွာနှင့် မိုင်ချီဝေးသည့် ဝေးလံသောနေရာတွင် အလောင်းအား စွန့်ပစ်ခဲ့ကြပြီး ၆ ရက်အကြာတွင်မှ ကျေးရွာဒေသခံများမှ တွေ့ရှိခဲ့ကြသည်။

## ဖားကန့်မြို့နယ် ဆယ်ဇင်းရွာရှိ လူနေအိမ်များကို လေကြောင်းတိုက်ခိုက်ခြင်းနှင့် မီးရှို့ခြင်း




KIA နှင့် PDF တပ်ဖွဲ့များသည် စစ်ကောင်စီနှင့် ၎င်းတို့၏ ရှမ်းနီပြည်သူ့စစ် မဟာမိတ်များထံမှ ဤနယ်မြေအား ပြန်လည်သိမ်းပိုက်ရန် ကြိုးပမ်းခြင်းကြောင့် ၂၀၂၂ ခုနှစ် ဇူလိုင်လ အစောပိုင်းတွင် ဆယ်ဇင်း၌ တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ ဩဂုတ်လဆန်းပိုင်းတွင် ဆယ်ဇင်း ကျေးရွာသူရွာသား အများအပြားသည် မိုင် ၂၀ ဝေးသော၊ ဖားကန့်သို့ သွားသည့်လမ်းပေါ်ရှိ တာမခနရွာသို့ ထွက်ပြေးခိုလှုံခဲ့ကြသော်လည်း အချို့မှာမူ ၎င်းတို့၏ နေအိမ်တွင်ပင် ဆက်လက် နေထိုင်ခဲ့ ကြသည်။

ဩဂုတ် ၈ ရက်နေ့ နံနက်ပိုင်း KIA နှင့် စစ်ကောင်စီတပ်ဖွဲ့ဝင်များအကြား တိုက်ပွဲပြီးနောက် မွန်းလွဲ ၂ နာရီအချိန်ခန့်တွင် စစ်ကောင်စီသည် ဆယ်ဇင်းကျေးရွာကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ ထိုအချိန်တွင် နေအိမ်အနီးရှိ ဗုံးခိုကျင်းတွင် ပုန်းခိုနေသည့် မိသားစုတစ်စုသည် ဗုံးထိမှန်ခဲ့ပြီး ကိုယ်ဝန် ၇ လ လွယ်ထားသည့် အမျိုးသမီးတစ်ဦးအပါအဝင် ၃ ဦး ဒဏ်ရာအပြင်းအထန် ရရှိခဲ့သည်။

ဩဂုတ်လ ၉ ရက်နေ့ နံနက်အစောပိုင်းတွင် KIA မှ ဆယ်ဇင်းရွာရှိ စစ်ကောင်စီစခန်းနှစ်ခုကို သိမ်းပိုက်ခဲ့သည်။ ထိုညတွင် စစ်ကောင်စီမှ ဂျက်တိုက်လေယာဉ်နှစ်စင်းဖြင့် ကျေးရွာအား ဗုံးကြဲခဲ့သည့်အပြင် ညသန်းခေါင်ယံအချိန်တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် ကျေးရွာရှိ အိမ်ခြေစုစုပေါင်း၏ ထက်ဝက်ခန့် အရေအတွက်ရှိသော အရပ်သားနေအိမ်ပေါင်း ၃၇၄ လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။ ရွာသားတစ်ဦးမှ ၄င်း၏ ၁၂ နှစ်အရွယ် သားငယ် သေဆုံးခဲ့ရပုံ၊ ၄င်း၏ ဇနီးနှင့် အသက် ၁၅ နှစ်အရွယ် သားဖြစ်သူတို့ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပုံကို ပြောပြခဲ့သည်။

> *ညနေ ၆ နာရီခွဲလောက်အချိန် ကျနော်က ကျနော့်အိမ်နီးချင်းအိမ်မှာ ရေချိုးနေတုန်းမှာ စစ်ကောင်စီလေယာဉ်တစင်းက ကျနော်တို့ အိမ်နားမှာ ဗုံးတစ်လုံးပစ်ချခဲ့တယ်။ ကျနော့် သားကြီးက ကျနော့်ကို အော်ခေါ်တယ် "အဖေ.. အမေထိသွားပြီ"ဆိုပြီး။ ကျနော် အိမ်ထဲကို ပြေးသွားတော့ သားအငယ်ဆုံးကိုတွေ့ခဲ့တယ်။ သူ့ရဲ့ ဘယ်ဘက်ပခုံးမှာ ဒဏ်ရာအပြင်းအထန်ရပြီး သူ့ဗိုက်မှာလည်း အပေါက်ကြီးတစ်ပေါက်တွေ့တယ်။ "အဖေ ကျနော် မရတော့ဘူး…." ဆိုပြီး သူပြောတယ်။ မိနစ်အနည်းငယ်အကြာမှာ သူဆုံးသွားတယ်။ သူ့ဘေးမှာ ကျနော့်ဇနီးက ခြေထောက်မှာ ဒဏ်ရာအကြီးအကျယ်ရပြီး သွေးတွေ အများကြီးထွက်နေတယ်။ ကျနော်တို့ကို ကူညီကြဖို့ အိမ်နီးချင်းတွေကို ကျနော် အော်ခေါ်လိုက်တယ်။ ဒါပေမဲ့ ဘယ်သူမှ မလာကြဘူး။ "သား ဒီမှာ ခဏနေဦး။ အဖေကားရှာပြီး ပြန်လာခဲ့မယ်" လို့ ကျနော့် သားကြီးကို ပြောလိုက်တယ်။ ကျနော် ရွာကို လှည့်ပတ်သွားကြည့်တယ်။ အဲဒီအချိန် မိုးတွေကလည်း ရွာနေတယ်။ ရွာထဲမှာ သေနတ်ပစ်ခတ်သံတွေလည်း ကြားရတယ်။ လမ်းမှာ ဒေသခံ ကယ်ဆယ်ရေးကားတစ်စီးတွေ့တယ်။ သော့က ကားထဲမှာ ရှိနေတော့ အိမ်ကို မောင်းသွားလိုက်တယ်။ အမှန်တော့ ကျနော်က ကားမမောင်းတတ်ဘူး။ ဒါပေမဲ့ အိမ်ရောက်အောင်ထိ မောင်းနိုင်ခဲ့တယ်။ အိမ်ပြန်ရောက်တော့ သားငယ်ရဲ့အလောင်းကို အခန်းထဲမှာ ထည့်ထားပြီး ဇနီးနဲ့ သားကြီးကို ကားပေါ်တင်ပြီး ဖားကန့်မြို့နယ် တာမခန်ရွာကို မောင်းလာခဲ့တယ်။ ဆယ်ဇင်းရွာက ဘုန်းကြီးတစ်ပါးကိုတော့ ကျနော့်သားငယ်ရဲ့အလောင်းကို ကြည့်ပေးဖို့ အကူအညီတောင်းခဲ့တယ်။ ၉ နာရီခွဲလောက်မှာ ကျနော်တို့ တာမခန်ပြည်သူ့ဆေးရုံကြီးကို ရောက်တယ်။ အဲဒီမှာ ခွဲစိတ်ခန်းသုံး ပစ္စည်းတွေမရှိတော့*

*ကျနော်တို့ မြစ်ကြီးနားမြို့က တပ်မတော်ဆေးရုံကို သွားခဲ့ရတယ်။ ကျနော့်ဇနီးရဲ့ ခြေနှစ်ဖက်လုံးကို ဒူးအောက်ကနေ ဖြတ်လိုက်ရတယ်။ ကျနော့်သားကြီးလည်း သူ့ဗိုက်မှာ ဒဏ်ရာနည်းနည်းရသွားတယ်။ မြန်မာစစ်တပ်က ကျနော်တို့ရွာကို မီးရှို့လိုက်တယ်လို့ကြားတယ်။ အဲဒါကြောင့် ကျနော်တို့လည်း အိမ်မပြန်ဘူး။ ကျနော်တို့အိမ်လည်း မီးလောင်သွားပြီလားဆိုတာတော့ ကျနော်လည်း မသိဘူး။”*

## ရွှေကူမြို့နယ်ရှိ လူနေအိမ်များကို လေကြောင်းတိုက်ခိုက်ခြင်းနှင့် မီးရှို့ခြင်း

ရွှေကူတောင်ပိုင်းရှိ ကျေးရွာများသည် KIA မဟာမိတ် PDF တပ်ဖွဲ့များ၏ အမာခံနယ်မြေဖြစ်ပြီး PDF တပ်ဖွဲ့များသည် ရွှေကူ-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ အဓိက တပ်မတော် စစ်ဆေးရေး ဂိတ်များနှင့် ရွှေကူရဲစခန်းအပါအဝင် စစ်ကောင်စီပစ်မှတ်များကို မကြာခဏ ပြောက်ကျားတိုက်ခိုက်မှုများ ပြုလုပ်လျှက် ရှိသည်။ ထို့ကြောင့် စစ်ကောင်စီသည် ဤကျေးရွာများမှ PDF များကို ဖယ်ရှားပစ်ရန်အပြင် ထိုဒေသရှိ ရွှေတူးဖော်ရေး လုပ်ငန်းကို ဆက်လက်ထိန်းချုပ်ကာကွယ်နိုင်ရေးအတွက် မြေပြင် တိုက်ခိုက်မှုများအပြင် လေကြောင်း တိုက်ခိုက်မှုများကိုပါ ပြုလုပ်ခဲ့သည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် စစ်ကောင်စီ၏ တိုက်လေယာဉ်တစ်စင်းသည် ရွှေကူ အရှေ့တောင်ဘက် ကျွန်းတော နှင့် သဘောအင်း ကျေးရွာကြားရှိ ဧရာဝတီမြစ်ကမ်းတလျှောက် ဗုံးကြဲ တိုက်ခိုက်ခဲ့ရာ အမျိုးသားနှစ်ဦး သေဆုံးခဲ့ပြီး ရွှေတူးဖော်ရေးလုပ်နေသည့် အခြားအမျိုးသားနှစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်။


မတ်လ ၂၃ ရက်နေ့တွင်လည်း ရွှေကူတောင်ဘက်ရှိ ဝင်ဂ၊ နန့်လန်နှင့် နောင်းလတ်ကြီးကျေးရွာများတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များမှ ရွာသား ၂၀ ကျော် ဖမ်းဆီးကာ ၎င်းတို့အတွက် အတင်းအဓမ္မ ထမင်း ချက်ပြုတ် ခိုင်းနေစဉ်နှင့် ဗုံးခိုကဒုတ်ကျင်းများ တူးခိုင်းစဉ်အတွင်း KIA နှင့် တပ်မ ၆၆၊ ၇၇ နှင့် ၈၈ တို့ကြား တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ အခြားရွာသူရွာသား အများစုမှာ ပုန်းခိုရန်အတွက် အနီးအနားရှိ တောများနှင့် မြို့များသို့ ထွက်ပြေးခဲ့ကြသည်။

မတ်လ ၂၅ ရက်နေ့တွင် စစ်ကောင်စီ၏ ဂျက်တိုက်လေယာဉ်နှစ်စင်းသည် ရွှေကူတောင်ပိုင်းရှိ စီသာ၊ မံဝိန်းနှင့် စီသောင် ကျေးရွာများကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ နေအိမ် ၂ လုံး မီးလောင်ကျွမ်းခဲ့ပြီး နွားငါးကောင် သေဆုံးခဲ့သည်။ မတ်လ ၃၀ ရက်နေ့တွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် စီမူကြီး၊မံဝိန်းနှင့် စီမူလေး စသည့် ကျေးရွာ ၃ ရွာရှိ လူနေအိမ်များကို စတင်မီးရှို့ဖျက်ဆီးခဲ့ကြသည်။ ဧပြီလ ၅ ရက်နေ့မှ ၁၁

ရက်နေ့အထိ အဆိုပါကျေးရွာ ၃ ရွာအပြင် အခြား ကျေးရွာ ၉ ရွာကို ဆက်လက်မီးရှို့ဖျက်ဆီးခဲ့ရာ ကျေးရွာ ၁၂ ရွာရှိ စုစုပေါင်း နေအိမ်များ၏ တဝက်ကျော်ဖြစ်သော နေအိမ်ပေါင်း ၉၆၄ လုံး မီးလောင်ကျွမ်းခဲ့သည်။

ဧပြီလ ၅ ရက်၊ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်အတွင်းတွင် စစ်ကောင်စီသည် စီသာ၊ စီသောင်၊ မံနား၊ မံခါး၊ မံဝိန်းနှင့် တုံးကောက် ကျေးရွာများနှင့် အနီးအနားရှိ တောများကို လေကြောင်း တိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ ဗုံးပေါက်ကွဲမှုကြောင့် ရွာသား ၆ ဦးသေဆုံးခဲ့ပြီး တောထဲတွင် ပုန်းခိုနေသည့် စီသာ ကျေးရွာမှာ အခြားရွာသား ၂ ဦး ဒဏ်ရာရခဲ့သည်။

ရွှေကူမြို့နယ်ရှိရွာများတွင်မြန်မာစစ်တပ်မှလေကြောင်းဖြင့်တိုက်ခိုက်ခြင်းနှင့်နေအိမ်များမီးရှို့ဖျက်စီးသည့်ပုံ (၂၅ မတ် - ၁၁ ဧပြီ ၂၀၂၃ ခုနှစ်)




| **၂၀၂၃ ခုနှစ် မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၁၁ ရက်နေ့အထိ ရွှေကူတောင်ပိုင်းရှိ ကျေးရွာများအတွင်း စစ်ကောင်စီတပ်ဖွဲ့ဝင်များမှ မီးရှို့ဖျက်ဆီးခဲ့သော နေအိမ်များ** | | | |
|---|---|---|---|
| | **ကျေးရွာနာမည်** | **မူလ အိမ်ထောင်စု အရေအတွက်** | **မီးရှို့ဖျက်ဆီးခံရသည့် နေအိမ်အရေအတွက်** |
| ၁ | မံဝိန်း | ၁၇၅ | ၁၃၁ |
| ၂ | မံနား | ၁၀၄ | ၄၃ |
| ၃ | တုံးကောက် | ၆၆ | ၄၀ |

| | | | |
|---|---|---|---|
| ၄ | စီမူလေး | ၇၇ | ၇၆ |
| ၅ | စီမူကြီး | ၄၅ | ၄၄ |
| ၆ | စီမော် | ၂၄၈ | ၉၅ |
| ၇ | နောင်လက်ကြီး | ၁၇၇ | ၃၆ |
| ၈ | မံခါး | ၁၃၀ | ၃၅ |
| ၉ | ဟိန်ကောင် | ၄၀ | ၃၃ |
| ၁၀ | နန့်လန် | ၂၀၀ | ၁၀၀ |
| ၁၁ | စီသောင် | ၃၁၄ | ၂၃၁ |
| ၁၂ | စီသာ | ၂၂၈ | ၁၀၀ |
| | **စုစုပေါင်း** | **၁,၈၀၄** | **၉၆၄** |

## အနန့်ပါ လေကြောင်းတိုက်ခိုက်မှုကို လေ့လာသုံးသပ်ခြင်း- အရပ်သားများကို ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်မှတ်ထားခြင်း

စစ်ကောင်စီခေါင်းဆောင်များသည် လေကြောင်းတိုက်ခိုက်မှုပြီးနောက် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် "အဲဒီမှာ (အနန့်ပါမှာ) အရပ်သား လုံးဝမရှိပါဘူး… KIA အဖွဲ့ဝင်တွေ၊ PDF အကြမ်းဖက်သမားတွေနဲ့ သူတို့နဲ့ ဆက်နွယ်သူတွေပဲရှိတယ်…. ဘာနှစ်ပတ်လည် အခမ်းအနားနဲ့ ပတ်သက်ပြီးတော့မှလည်း ကျနော်တို့ မသိထားပါဘူး" ဟု တုံ့ပြန်ထားသော်လည်း အနန့်ပါ လေကြောင်းတိုက်ခိုက်မှု၏ အခြေအနေများကို လေ့လာသုံးသပ်ကြည့်သည့်အခါ ၎င်းတို့သည် အရပ်သားအများအပြား ထိခိုက်စေမည်ကို ကောင်းစွာ သိရှိနားလည်ထားပြီးသားဖြစ်သည်ကို ခိုင်မာသည့် သက်သေအထောက်အထားများ ပေးထားသည်။

### ၁။ အနန့်ပါ - အရပ်သားကုန်သွယ်ရေးစခန်းတစ်ခု

အနန့်ပါသည် ဖားကန့်မြို့မြောက်ဘက် မိုင် ၂၀ ခန့်အကွာ ဥရုမြစ်နှင့် ဆုံစည်းရာ နေရာအနီး အနန့်ချောင်းတစ်လျှောက်ရှိ မြေပြန့်နေရာပေါ်တွင် တည်ရှိသော ကုန်သွယ်ရေးစခန်းငယ်တစ်ခုဖြစ်သည်။ (ကချင်စကားအရ "ပါ" ဆိုသော အဓိပ္ပာယ်မှာ ပြန့်ပြူးသောနေရာကို ဆိုလိုသည်)။ KIA အပစ်အခတ်ရပ်စဲရေးကာလ ၁၉၉၄ ခုနှစ်မှ ၂၀၁၁ ခုနှစ် ကာလအတွင်း အနီးအနားရှိ ဂင်ဆီ (Ginsi) ရွာတွင် အခြေစိုက်သော KIA တပ်ရင်း ၆ မှ အနန့်ပါရွာကို ၎င်း၏ လေ့ကျင့်ရေးနေရာအဖြစ် အသုံးပြုခဲ့သည်။

၂၀၁၁ ခုနှစ် တိုက်ပွဲများ တကျော့ပြန် ပြန်လည်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်းတွင် မြန်မာစစ်တပ်မှ KIA တပ်ရင်း ၆ ကို ဂင်ဆီ (Ginsi) ရွာမှ တိုက်ထုတ်ခဲ့ပြီး ထိုနေရာတွင် စစ်တပ်စခန်းမှာ ချထားခဲ့သည်။

၂၀၁၈ ခုနှစ်တွင် KIA သည် ၎င်း၏ တပ်မဟာအသစ်ဖြစ်သော တပ်မဟာ ၉ ကို ဖားကန့်ဒေသတွင် တည်ထောင်ခဲ့သော်လည်း အရပ်သားများကို အန္တရာယ်မကျရောက်စေရန်အတွက် ၎င်းတို့၏ စစ်စခန်းများကို လုံခြုံရေး ရည်ရွယ်ချက်ဖြင့် တောတွင်း တောင်ကုန်းနေရာများတွင်သာ စခန်း ချထားခဲ့သည်။ KIA အနေဖြင့် အနန့်ပါတွင် စစ်စခန်းများ ပြန်လည်မတည်ဆောက်ခဲ့သောကြောင့် ထိုအချိန်မှစ၍ အရပ်သားပြည်သူများ၏ ကုန်သွယ်ရေးစခန်းငယ်တစ်ခုအဖြစ်သာ တည်ရှိခဲ့သည်။

ထို့ကြောင့် အောက်တိုဘာ ၂၃ ရက်နေ့ လေကြောင်းတိုက်ခိုက်မှုပြီးနောက် စစ်ကောင်စီတပ်မှ ပြောသည့် "အခင်းဖြစ်ပွားသည့် နေရာအတိအကျမှာ KIA တပ်မဟာ ၉ အခြေစိုက်စခန်းဖြစ်သည်" ဆိုသည့် ပြောဆိုချက်မှာ မှားယွင်းပါသည်။

၂။ ရာနှင့်ချီသော အရပ်သားပြည်သူများသည် KIO နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ရန် စစ်ကောင်စီဂိတ်ကို ကျော်ဖြတ်ခဲ့ကြသည်။

ဒေသခံ ရပ်ရွာခေါင်းဆောင်များသည် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၅ ရက်နေ့တွင် ကျရောက်မည့် KIO ၏ ၆၂ နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် အနန့်ပါတွင် အခမ်းအနားပွဲများ အတွဲလိုက် ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုထဲတွင် ဖားကန့်ဒေသမှ အများစုလာရောက်ကြသော အရပ်သား ၂၀၀ ကျော် ပါဝင်တက်ရောက်သည့် အောက်တိုဘာ ၁၉ ရက်မှ ၂၂ ရက်နေ့အထိ ပြုလုပ်ခဲ့သော ၄ ရက်တာ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ သင်တန်းတစ်ခုလည်း အပါအဝင်ဖြစ်သည်။


ပါဝင်တက်ရောက်ကြသော အရပ်သားအများစုသည် ဖားကန့်လမ်းမကြီးတစ်လျှောက် ကားများ၊ ဆိုင်ကယ်များဖြင့် လာကြပြီး အောက်တိုဘာ ၁၈ ရက်နေ့တွင် အခမ်းအနား ကျင်းပရာနေရာသို့ ရောက်ရှိခဲ့ကြသည်။ အဆိုပါယာဉ်များ အားလုံးသည် အနန့်ပါရွာသို့ ရောက်ရှိရန်အတွက် ဂင်ဆီရွာ (Ginsi) ရှိ မြန်မာစစ်တပ် စစ်ဆေးရေးဂိတ်ကို ဖြတ်သန်းလာခဲ့ကြသော်လည်း ဂိတ်တွင် မည်သည့်ယာဉ်ကိုမျှ ရပ်တန့်စစ်ဆေးခြင်း မရှိခဲ့ပေ။ အများအားဖြင့် အဆိုပါ စစ်ဆေးရေးဂိတ်တွင် လက်နက်ကိုင်စစ်သားများက ဖြတ်သန်းသည့် ယာဉ်အားလုံးကို ဂိတ်တွင် ရပ်ခိုင်းကာ ခရီးသည်များအားလုံးကို ဆင်းခိုင်းပြီး ၎င်းတို့၏ မှတ်ပုံတင်များနှင့် ခရီးဆောင်အိတ်များကို စစ်ဆေးလေ့ရှိသည်။

အောက်တိုဘာ ၂၂ ရက်နေ့တွင် အရပ်သားဧည့်သည် အများအပြားသည် ဂင်ဆီ (Ginsi) မှတဆင့် ကားဖြင့် ရောက်ရှိလာကြသည်။ ထိုထဲတွင် နှစ်ပတ်လည် အခမ်းအနားတွင် သီဆိုဖျော်ဖြေမည့် နာမည်ကြီး ကချင်အဆိုတော် အများအပြားအပါဝင် စီးပွားရေးလုပ်ငန်းရှင်အချို့လည်း ပါဝင်ခဲ့သည်။ တဖန် ၂၀၁၈ ခုနှစ် မေလကတည်းက စ၍ ဖားကန့်တွင် လုံခြုံရေးတာဝန်ယူထားသည့် မြန်မာစစ်တပ်၏ တပ်မ ၃၃ မှ စစ်သားများ တာဝန်ကျကွပ်ကဲနေသည့် ဂင်ဆီ (Ginsi) စစ်ဆေးရေးဂိတ်သည် ထို့နေ့က အခမ်းအနားလာကြသည့် မည်သည့် ဧည့်သည်တဦးတယောက်ကိုမျှ တားဆီးစစ်ဆေး မေးမြန်းခြင်း မရှိခဲ့ပေ။

၃။ အဆောက်အဦးများကို ဗုံးခွဲတိုက်ခိုက်ရာတွင် အရပ်သားအမြောက်အမြား ပါဝင်သည်မှာ သေချာသည်။

အောက်တိုဘာ ၂၃ ရက်နေ့ နေ့လယ်ပိုင်းတွင် အနန့်ပါ၌ ဂေါက်ရိုက်ပြိုင်ပွဲ ကျင်းပခဲ့ပြီး ညနေပိုင်းတွင် အနန့်ပါ မြောက်ဘက်စွန်းရှိ အစည်းအဝေးခန်းမတွင် KIA အရာရှိများနှင့် လာရောက်လည်ပတ်ကြသည့် စီးပွားရေး လုပ်ငန်းရှင်များ တွေ့ဆုံသည့် ညစာစားပွဲတစ်ခုကို ဖျော်ဖြေပွဲနှင့်အတူ ပြုလုပ်ခဲ့သည်။

မြန်မာစစ်တပ်မှအရပ်သားပြည်သူများတည်ရှိရာ၊ ဖားကန့် မြို့ နယ်အနန့် ပါရွာသို့ လေကြောင်းဖြင့်တိုက်ခိုက်ခြင်း(၂၀၂၂ခုနှစ် အောက်တိုဘာလ ၂၃ရက်)



စီးပွားရေး သမားများအပြင် ခန်းမထဲတွင် သီဆိုဖျော်ဖြေနေသော အဆိုတော်များနှင့် အစားအသောက် ဧည့်ခံ ပြင်ဆင်ပေးနေသူများ အပါဝင် အခြားအရပ်သား ရာကျော်လည်း ရှိနေသည်။

ည ၈ နာရီခွဲမှ စတင်၍ မန္တလေး အခြေစိုက် တံတားဦးလေတပ်စခန်းမှ တိုက်လေယာဉ် ၃ စင်း ရောက်ရှိလာကာ ထမင်းစားခန်းမ၊ စားဖိုးဆောင်အနီးနှင့် အိပ်ဆောင်တစ်ဆောင်ပေါ်သို့ ဗုံး ၃လုံး ပစ်ချခဲ့သည်။ ထို အဆောက်အအုံများ အားလုံးတွင် အရပ်သား အမြောက်အမြား ပါဝင်ခဲ့သည်မှာ အသေအချာပင်ဖြစ်သည်။

တက်ရောက်သည့် အရပ်သားများထဲမှ တဦး အပါအဝင်ဖြစ်ပြီး အခင်းဖြစ်ပွားချိန်တွင် အိပ်ယာဝင်ခဲ့ပြီဖြစ်သည့် ဖားကန့်မှ အမျိုးသမီးတစ်ဦးက ဗုံးခွဲမှုဖြစ်စဉ်ကို ပြောပြခဲ့သည်-

> "အောက်တိုဘာ ၂၃ ရက်နေ့ ညနေမှာ ခန်းမထဲမှာ ခေါင်းဆောင်တွေအတွက် ညစာစားပွဲလုပ်နေတာ။ ကျမတို့အတွက် ညစာစားပွဲကို အောက်တိုဘာ ၂၄ မှာ လုပ်ပေးမယ်ဆိုပြီး ခေါင်းဆောင်တစ်ဦးက ကျမတို့ကို ပြောထားတယ်။ အဲဒီညက ကျမ အစောကြီး အိပ်ယာဝင်ခဲ့တယ်။ ကျမ အိပ်ပျော်ခါနီးအချိန်မှာပဲ တိုက်လေယာဉ်တစ်စင်းအသံကြားပြီး နောက်တော့ ပေါက်ကွဲသံကြားလိုက်တာပဲ။ ဗုံးက ဘယ်နေရာမှာ ကျသွားလဲတော့ ကျမ မသိခဲ့ဘူး။ ဒါပေမဲ့ ကျမ ပုန်းဖို့ တောင်ကုန်းပေါ်ကို ထွက်ပြေးခဲ့သည်။ ကျမ ပြန်ကြည့်လိုက်တော့ ခန်းမကြီးက မီးလောင်နေပြီ။ အဲဒီအချိန်မှာ နောက်ထပ် တိုက်လေယာဉ်တစ်စင်းပြန်လာပြီး နောက်ထပ် ဗုံးတစ်လုံး ပြန်ပစ်ချသွားတယ်။ အဲဒီအချိန်မှာ ကျောက်ခဲသေးသေးလေးတွေတောင် ကျမကို လာစင်သလို ခံစားခဲ့ရတယ်။ လေယာဉ်တွေ ပြန်ထွက်သွားတော့ နောက်ထပ် ဗုံးလာကြဲမှာစိုးလို့ အမျိုးသားတစ်ယောက်က ကျမတို့ကို ဒီနေရာကနေ ရွှေ့ဖို့ပြောတယ်။ အဲဒီသူက KIA က စစ်သားပဲလို့ ကျမထင်တယ်။ ပြီးတော့ ကျမနဲ့ ကျမနားကသူတွေအားလုံး အဲဒီအမျိုးသားနောက်ကို လိုက်သွားခဲ့တယ်။ အဲဒီညက ကျမတို့ KIA ရဲ့ စခန်းတစ်ခုမှာ ပုန်းခဲ့တယ်။ နောက်တနေ့ မနက်မှာ ကျမတို့ အဝတ်အစားတွေ ပြန်ယူဖို့ အခင်းဖြစ်တဲ့နေရာကို ပြန်သွားခဲ့တယ်။ အဲဒီအချိန်မှာ အလောင်းတွေအများကြီး မြေပေါ်မှာ ပြန့်ကျဲနေတာတွေ့ရတယ်။ အဲဒီလောက် လူတွေအတော်များများ သေတာမြင်တော့ ကျမ အရမ်းလန့်သွားတယ်။ နောက်တော့ KIA စစ်သားတွေက ဖြတ်လမ်းကနေ ကျမတို့ကို ခေါ်သွားတယ်။ ကျမတို့ အတူတူသွားတဲ့ထဲမှာ အားလုံး အယောက် ၅၀ လောက်ရှိမယ်။ အောက်တိုဘာ ၂၄ ရက်နေ့မှာ ကျမတို့ KIA စခန်းမှာ ညအိပ်တယ်။ အောက်တိုဘာ ၂၅ ရက်နေ့မှာ ကျမတို့ အိမ်ပြန်ရောက်ခဲ့တယ်။ အိမ်ရောက်တော့ ကျမရဲ့ ၃ နှစ်အရွယ် အငယ်ဆုံး သမီးက "အမေ…

အမေက သေသွားပြီဆို ဘာဖြစ်လို့ ပြန်လာတာလဲ” လို့ ပြောတယ်။ သူ့အဖွားက တခြားသူတွေနဲ့ ပြောနေတာကို သူကြားသွားတာလေ။

၂၀၂၁ ခုနှစ် ဩဂုတ်လ ကတည်းက စတင်ခဲ့သည့် အင်တာနက် ပြတ်တောက်မှုသည် ထိုအချိန်ကာလအထိ ဖြစ်နေဆဲဖြစ်သည်။ ထို့ပြင် အနန့်ပါတွင် ဖုန်းလိုင်း အကန့်အသတ် များကြောင့် ပူပင်သောက ရောက်နေသော မိသားစုဝင်များအနေဖြင့် တိုက်ခိုက်မှုမှ မည်သူ အသက်ရှင် ကျန်ရစ်နေသေးသည်ကို သတင်း သိရှိရန် အလွန်ခက်ခဲခဲ့သည်။

၄။ စစ်ကောင်စီမှ ဒဏ်ရာရသူများအတွက် ဆေးကုသခွင့် ပိတ်ဆို့ခြင်း

လေကြောင်းတိုက်ခိုက်မှုကြောင့် လူပေါင်း ၆၉ ဦး အခင်းဖြစ်ပွားရာနေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့ပြီး ၁၀၀ ကျော် ဒဏ်ရာရရှိကာ အချို့မှာ အသက်အန္တရာယ်စိုးရိမ်ရသည့် ဒဏ်ရာများရရှိခဲ့သည်။ နောက်တစ်နေ့ နံနက် အစောပိုင်းတွင် ဒဏ်ရာရသူများကို မြစ်ကြီးနား သို့မဟုတ် ဖားကန့်ရှိ ဆေးရုံများသို့ ပို့ဆောင်ရန် အတွက် အရပ်သား ယာဉ်မောင်းများ မောင်းနှင်လာသော ယာဉ်များဖြင့် လမ်းမကြီးအတိုင်း သယ်ဆောင် လာသော်လည်း ထိုယာဉ်များကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဂင်ဆီ (Ginsi) စစ်ဆေးရေးဂိတ်တွင် သွားခွင့် တားမြစ်ခဲ့သည်။ နှစ်ပတ်လည် အခမ်းအနားမတိုင်မီ အခြေအနေများနှင့် လုံးဝဆန့်ကျင်စွာပင် ဖားကန့် ဘက်မှလာသည့် ဆေးအကူအညီများ သယ်ဆောင်လာသော ယာဉ်များအပါအဝင် အခြား မည်သည့်ယာဉ်များကိုမှ ဖြတ်သန်းသွားလာခွင့် မပြုခဲ့ပေ။

ထိုအခြေအနေများကြောင့် စစ်ဆေးရေးဂိတ်ကို ဖြတ်လမ်းမှ ကျော်ဖြတ်သည့် တောလမ်းအတွင်းမှ ဒဏ်ရာရသူများကို သယ်ဆောင်ရသောကြောင့် ဆေးရုံရောက်ရန် အချိန်ပိုကြာမြင့်ခဲ့ပြီး လိုအပ်သည့် အရေးပေါ် ဆေးကုသမှုကို အချိန်မီ မရယူနိုင်သောကြောင့် အနည်းဆုံး ၁၀ ဦးထက်မနည်း ထပ်မံ သေဆုံးခဲ့ရသည်။

အောက်တိုဘာ ၂၅ ရက်နေ့တွင် စစ်ကောင်စီ စစ်တပ်အာဏာပိုင်များသည် ဖားကန့်တွင် ညနေ ၆ နာရီမှ မနက် ၆ နာရီအထိ ညမထွက်ရ အမိန့်ထုတ်ပြန်ခဲ့သည်။ ၎င်းတို့သည် ခွဲစိတ်ကုသရာတွင် အသုံးပြုသည့် ပစ္စည်းများ ရောင်းချခြင်းကိုလည်း တားမြစ်လိုက်ပြီး လေကြောင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရသူများကို ဆေးကုသပေးသည့် မည်သည့်ဆရာဝန်မဆို မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇/၁ အရ ဖမ်းဆီး အရေးယူမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။

ထို့ပြင် လေကြောင်း တိုက်ခိုက်မှုကြောင့် အသက်သေဆုံးခဲ့ရသော အရပ်သားပြည်သူများ၏ မိသားစုဝင်အများစုမှာလည်း အလောင်းများ သင်္ဂြိုလ်သည့်နေရာသို့ သွားရောက်ခြင်းကို တားမြစ်ပိတ်ပင်ခံကြရသည့်ပြင် အာဏာပိုင်များမှ ထပ်မံ လက်တုန့်ပြန်မည်ကို စိုးရိမ်ခြင်းကြောင့် အသုဘအခမ်းအနားကို ၎င်းတို့၏ နေအိမ်တွင် လျှို့ဝှက်လုပ်ဆောင်ခဲ့ရသည်။


## အရပ်ဘက်နေရာများကို လက်နက်ကြီးများဖြင့် တိုက်ခိုက်ခြင်း

| အချိန်ကာလ | လက်နက်ကြီး ပစ် သည့် ဖြစ်စဉ် အရေအတွက် | မြို့နယ်များ (ဖြစ်စဉ် အရေအတွက်) | စစ်ကောင်စီ တပ်ရင်း များ (သိရှိထားသည့်) | အရပ်သား ထိခိုက် ပျက်စီးမှု ဦးရေ |
|---|---|---|---|---|
| ၂၀၂၂ မေ - ၂၀၂၃ ဇူလိုင် | ၃၀ | ကွတ်ခိုင် (၈)၊ ဖားကန့် (၉)၊ မူဆယ် (၂)၊ မိုးမောက် (၃)၊ ဗန်းမော် (၁)၊ မိုးညှင်း (၂)၊ ဝိုင်းမော် (၂)၊ ရွှေကူ (၂)၊ မံစီ (၁) | တပ်မ ၃၃၊ တပ်မ ၈၈၊ တပ်မ ၉၉၊ ခလရ ၄၀၊ ခလရ ၄၅၊ ခလရ ၅၈ ခလရ ၁၂၃၊ ခလရ ၅၈၊ ခမရ ၄၃၇၊ ခမရ ၅၂၁ | သေဆုံးသူ ၁၁ ဦး (ကလေး ၁ ဦး အပါအဝင်)၊ ဒဏ်ရာရသူ ၅၀ဦး (ကလေး ၁၁ ဦးအပါအဝင်) |

KWAT သည် ၂၀၂၂ ခုနှစ် မေလမှ ၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း စစ်ကောင်စီတပ်ဖွဲ့ဝင်များမှ လူနေထူထပ်သည့် နေရာများသို့ လက်နက်ကြီးများ ရမ်းသန်းပစ်ခတ်ခဲ့၍ အရပ်သားပြည်သူ ၁၁ ဦးသေဆုံးခဲ့ပြီး ကလေးငယ် ၁၁ ဦးအပါအဝင် ၅၀ ဦး ဒဏ်ရာရရှိခဲ့သည့် ပစ်ခတ်မှုဖြစ်စဉ်ပေါင်း ၃၀ ခုကို မှတ်တမ်းတင်ခဲ့သည်။ ထိုကဲ့သို့ လက်နက်ကြီး ပစ်ခတ်မှုများကို စစ်ကောင်စီ တပ်ရင်း ၉ ခုမှ မြို့နယ်ပေါင်း ၉ ခုတွင် မကြာခဏ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသည့် သဘောသဘာဝကို ကြည့်ခြင်းအားဖြင့် ဤအခြေအနေသည် စနစ်တကျ ကျူးလွန်မှုတစ်ခု ဖြစ်သည်ဆိုသည်မှာ ထင်ရှားပေါ်လွင်ပါသည်။

အချို့သော အခြေအနေများတွင် KIA နှင့် စစ်ကောင်စီ တပ်ဖွဲ့များအကြား ဖြစ်ပွားသော တိုက်ပွဲများအတွင်း စစ်ကောင်စီဘက်မှ အထိနာသည့်အချိန်များတွင် စုပေါင်းပြစ်ဒဏ်ပေးသည့် ပုံစံတစ်ခုအဖြစ် အရပ်ဘက်နေရာများသို့ လက်နက်ကြီးပစ်သည့် ဖြစ်စဉ်များလည်း ရှိသည်။ ဥပမာအားဖြင့် အောက်တိုဘာ ၂၂ ရက်နေ့တွင် စတင်ခဲ့သော လုံဂျာရှိ KIA ၏ ဗျူဟာမြောက် တောင်ထိပ် စခန်းများကို သိမ်းယူရန် ကြိုးပမ်းခဲ့သည့် စစ်ဆင်ရေး မအောင်မြင်ခဲ့သည့်အတွက် မြန်မာစစ်တပ်၏ ခမရ ၄၃၇ စစ်စခန်းမှ မိုးမောက်မြို့ထဲသို့ လက်နက်ကြီး နှစ်ကြိမ် ပစ်ခတ်ခဲ့သည်။

မြန်မာစစ်တပ်မှ အရပ်သားပြည်သူများတည်ရှိရာ မိုးမောက်မြို့ သို့ လက်နက်ကြီးဖြင့်ပစ်ခတ်သည့်ပုံ (၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၉ & နိုဝင်ဘာ ၁၁)





သို့သော်လည်း ဖြစ်ရပ်အများစုမှာ အခင်းဖြစ်ပွားသည့် အချိန်၌ အနီးနားတွင် တိုက်ပွဲများ တစုံတရာမရှိပဲ အကြမ်းဖက်နည်းဗျူဟာ တစ်ခုအဖြစ်သာ အရပ်သားများကို ပစ်မှတ်ထား ပစ်ခတ်နေကြောင်းကို ပြသနေသည်။

ဥပမာအားဖြင့် ၂၀၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ကွတ်ခိုင် အခြေစိုက် ခလရ ၄၅ မှ စစ်ကောင်စီ တပ်ဖွဲ့ဝင်များ သည် ကွတ်ခိုင်ရှိ ဂါလျန် (Ga Leng) IDP စခန်းကို ရုတ်တရက် လက်နက်ကြီး

ပစ်ခတ်ခဲ့ခြင်းကြောင့် အသက် ၅၆ နှစ်အရွယ် အမျိုးသမီး တစ်ဦးနှင့် ၂၈ နှစ်အရွယ် ၎င်း၏သမီးဖြစ်သူတို့ သေဆုံးခဲ့ပြီး အသက် ၇၀ အရွယ် အမျိုးသားတစ်ဦး ဒဏ်ရာရခဲ့သည်။

အလားတူပင် နိုဝင်ဘာ ၃ ရက် ညတွင်လည်း အကြောင်းပြချက် တစုံတရာမရှိပဲ ခလရ ၄၅ မှ စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ကွတ်ခိုင်ရှိ Kachin Theological College ထဲသို့ ရုတ်တရက် လက်နက်ကြီး ပစ်ခတ်ခဲ့သောကြောင့် ကျောင်းသား ၄ ဦး ဒဏ်ရာရရှိခဲ့သည်။

မြန်မာစစ်တပ်မှအရပ်သားပြည်သူများတည်ရှိရာကွတ်ခိုင်မြို့သို့ လက်နက်ကြီးဖြင့်ပစ်ခတ်သောနေရာပြမြေပုံ (၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၃ရက်)




စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် စစ်ရေးတင်းမာစေသည့် အရေးပေါ် အကြောင်းတစုံတရာမရှိပဲ တိုက်ပွဲများ ပြင်းထန်လာမှုအပေါ် KIA ကို သတိပေးချက်တစ်ခုအဖြစ်သာ KIA ထိန်းချုပ်နယ်မြေရှိ အရပ်သားများကို ပစ်မှတ် ထားကာ လက်နက်ကြီးများ ပစ်ခတ်နေသည်ဆိုသည်မှာ ထင်ရှားသည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၀ ရက်နေ့တွင် စစ်ကောင်စီမှ လိုင်ဇာအနီးရှိ မုန်လိုင်ခတ် (Mung Lai Hkyet) ရွာသို့ လက်နက်ကြီး ပစ်ခတ်ခဲ့ပြီး နိုဝင်ဘာ ၅ ရက်နေ့တွင်လည်း မိုင်ဂျာယန် လူနေရပ်ကွက်အတွင်းသို့ လက်နက်ကြီး ပစ်ခတ်ခဲ့သည်။ ကံကောင်းစွာဖြင့် မည်သူမျှ ထိခိုက်ဒဏ်ရာမရရှိခဲ့သော်လည်း

ထောင်ချီသော IDPs များ အပါအဝင် ဒေသခံ အရပ်သား ပြည်သူများသည် ပစ်ခတ်မှုများကြောင့် ကြောက်ရွံ့ ထိတ်လန့်ခဲ့ကြသည်။

## အရပ်သားကို မတရားပစ်ခတ်ခြင်း

| အချိန်ကာလ | လက်နက်ကြီးပစ်သည့် ဖြစ်စဉ် အရေအတွက် | မြို့နယ်များ (ဖြစ်စဉ် အရေအတွက်) | စစ်ကောင်စီ တပ်ရင်းများ (သိရှိထားသည့်) | အရပ်သား ထိခိုက်ပျက်စီးမှု ဦးရေ |
|---|---|---|---|---|
| ၂၀၂၂ မေ - ၂၀၂၃ ဇူလိုင် | ၁၂ | ဖားကန့် (၂)၊ တနိုင်း (၁)၊ မံစီ (၁)၊ ပိုင်းမော် (၂)၊ မြစ်ကြီးနား (၁)၊ ကွတ်ခိုင် (၂)၊ မိုးကောင်း (၁)၊ ရွှေကူ (၁)၊ မိုးညှင်း (၁) | တပ်မ ၃၃၊ ခမရ ၃၈၄၊ ခမရ ၃၉၀ | သေဆုံးသူ ၈ ဦးနှင့် ဒဏ်ရာရသူ ၆ ဦး |

မြို့နယ် ၉ ခုတွင် အရပ်သားများကို ပစ်မှတ်ထားသော လက်နက်ကြီးပစ်ခတ်မှုဖြစ်စုစုပေါင်း ၁၂ ခု ရှိခဲ့ပြီး ပစ်ခတ်မှုများကြောင့် အရပ်သား ၈ ဦး သေဆုံးကာ ၆ ဦး ဒဏ်ရာရရှိခဲ့သည်။

မံစီနှင့် ကွတ်ခိုင်တွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ် ၂ ခုတွင်လည်း KIA တပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှု ခံရပြီးနောက်ပိုင်းတွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များမှ အနီးပတ်ဝန်းကျင်နေရာများသို့ ပစ်ခတ်ခဲ့ခြင်း ကြောင့် ရွာသူရွာသားများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

တနိုင်း၊ မြစ်ကြီးနား၊ ပိုင်းမော်နှင့် မိုးညှင်း စသည့်နေရာများတွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ် ၄ ခုတွင် ရွာသူရွာသားများသည် စစ်ကောင်စီ တပ်ဖွဲ့ဝင်များကို ကြောက်၍ ထွက်ပြေးသောကြောင့် သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရသည်။ ထိုထဲတွင် မြစ်ကြီးနားမှ အသက် ၃၆ နှစ်အရွယ် ရွာသားတစ်ဦးလည်း ၎င်း၏ လှေအား သွားရောက် စစ်ဆေးရန်လုပ်ဆောင်ချိန်အတွင်း သေနတ်ဖြင့် အပစ်ခံခဲ့ရပြီး ညဘက် ၎င်း၏ နေအိမ်

အရှေ့တွင် အသတ်ခံခဲ့ရသည်။ ၎င်း၏ ဇနီးဖြစ်သူမှ အခင်းဖြစ်ပွားခဲ့ပုံနှင့် သူမ တောင်းပန်နေသည့်ကြားမှပင် ခင်ပွန်းဖြစ်သူ၏ ခန္ဓာကိုယ်ကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ရက်စက်ကြမ်းကြုတ်စွာ မီးရှို့ခဲ့ပုံကို ပြောပြခဲ့သည်။

*စက်တင်ဘာ ၁၈ ရက်နေ့မှာ ကျမနဲ့ ကျမအမျိုးသား လေမြေဒီး က ဘုရားကျောင်းတက်ခဲ့တယ်။ နောက်တော့ ကျမတို့ ဆွေမျိုးတွေစီသွားလယ်ခဲ့တယ်။ ည ၇ နာရီလောက်မှာ ကျမတို့ အိမ်ပြန်ခဲ့တယ်။ အဲဒီညက ကျမတို့ မိသားစု အိပ်ယာစောစောဝင်ခဲ့တယ်။ ည ၈ နာရီခွဲလောက် ကျမတို့ရဲ့ ၂ နှစ်သားအရွယ်သားနဲ့ ကျမ အိပ်မောကျချိန်မှာ ကျမ အမျိုးသားက ထသွားတယ်။ အိမ်က သူ့ရဲ့ လက်လုပ်သေနတ်ကို ယူပြီး ရွှေရှာသည့် ဖောင်/လှေ ရှိတဲ့ မလိခမြစ်ကို သွားဖို့ ပြင်ခဲ့တယ်။ သူက အိမ်ကို အပြင်ဘက်ကနေ သော့ခတ်လိုက်တယ်။ သူခြံစည်းရိုးနား ရောက်ရောက်ချင်းမှာ လက်နက်ကိုင်ထားတဲ့စစ်သားတွေကိုတွေ့လိုက်တော့ အိမ်ထဲကို ချက်ချင်း ပြန်ပြေးလာတယ်။ စစ်သားတွေက သူ့ကိုသေနတ်နဲ့အဆက်မပြတ်ပစ်ခဲ့တယ်။ ထို့နောက် သေနတ်သံငြိမ်သွားတယ်။ စစ်သားတွေ ကျမယောကျ်ားရဲ့ အလောင်းကို အိမ်နဲ့ဝေးတဲ့နေရာကို ဆွဲထုတ်သွားပြီး အလောင်းကို မီးရှို့ဖို့ သူတို့တွေ ထင်းတွေ စုပုံနေကြတယ်။ အိမ်ထဲကနေ သူတို့လုပ်နေတာတွေကို ကျမ အပေါက်ကနေ မြင်နေရတယ်။ ကျမယောကျ်ားကို မီးမရှို့ဖို့ သူတို့က ကျမ တောင်းပန်ခဲ့တယ်။ ဒါပေမဲ့ ဘယ်သူမှ နားမထောင်ကြဘူး။ နောက်တော့ စစ်သားတချို့က သော့ပိတ်ထားတဲ့ တံခါးကို ဖျက်ဖို့ ကြိုးစားကြတယ်။ ကျမတို့အိမ်နားမှာနေတဲ့ ကျမအမေက ပြတင်းပေါက်ကို ဖွင့်လိုက်ဖို့ ကျမကို လှမ်းအော်တယ်။ ပြတင်းပေါက်ကို ကျမဖွင့်လိုက်တော့ စစ်သားတွေက ပြတင်းပေါက်ကတဆင့် အိမ်ထဲဝင်လာပြီး တအိမ်လုံးအနှံ့ လိုက်ရှာပြီး ငွေ တစ်သောင်းကျပ်နဲ့ smart ဖုန်းတစ်လုံး ယူသွားကြတယ်။ စစ်သားတစ်ယောက်က ကျမကို အိမ်ထဲမှာပဲနေဖို့ ပြောတယ်။ ကျမ သူ့ကိုပြောလိုက်တယ် "ကျေးဇူးပြုပြီး အလောင်းကို မီးမရှို့ပါနဲ့၊ ကျမတို့ ရိုးရာယဉ်ကျေးမှုနဲ့ ဆန့်ကျင်နေတယ်၊ ရှင်တို့ကိုလည်း ကျမ ဘာမှမလုပ်ပါဘူး။ ကျမယောကျ်ားရဲ့ အလောင်းကိုပဲ ကျမ ပြန်ယူချင်တာပါ" လို့ ။ ဒါပေမဲ့ စစ်သားက ခွင့်မပြုခဲ့ပဲ အလောင်းကို မီးရှို့လိုက်တယ်။ ကျမအမေလည်း ကျမဆီလာဖို့ကြိုးစားပေမယ့် စစ်သားတွေက သူ့ကို ပေးမလာဘူး။ ကျမယောကျ်ားအလောင်းကို မီးရှို့လိုက်တော့ ကျမလည်း မေ့လဲကျသွားတယ်။ အချိန်အတော်ကြာမှ စစ်သားတွေ ထွက်သွားပြီးနောက် အမေ ကျမဆီရောက်လာပြီ ကျမကို လှုပ်နှိုးလိုက်တယ်။ အဲဒီအချိန်က မနက် ၄ နာရီ ထိုးနေပြီ။"*

ပိုင်းမော်၊ ဖားကန့်နှင့် ကွတ်ခိုင်တွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ် ၃ ခုတွင် အမျိုးသား ၃ ဦးသည် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဆိုင်ကယ်ရပ်ရန်အမိန့်ခဲ့စဉ် ထွက်ပြေးမောင်းနှင်ခဲ့သော ကြောင့် ပစ်ခတ် အသတ်

ခံခဲ့ရသည်။ စိတ်ကျန်းမာရေး ပြဿနာရှိသော အမျိုးသမီးတစ်ဦးသည်လည်း မိုးကောင်းမြို့နားရှိ စစ်ကောင်စီ စစ်စခန်းသို့ ဖြတ်လျှောက်စဉ်အတွင်း သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရသည်။

အမျိုးသားရွာသားတစ်ဦးသည် ဆယ်ဇင်းတွင် တိုက်ပွဲများဖြစ်ပွားနေချိန် ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ဘုန်းကြီးကျောင်းတစ်ကျောင်းအတွင်း ခိုလှုံရန် ၎င်း၏ ဇနီးသည်နှင့်အတူ ပြေးလာချိန်တွင် စစ်ကောင်စီ စစ်သားတစ်ဦး၏ ပစ်သတ်ခြင်းကို ခံခဲ့ရသည်။ ၎င်း၏ ဇနီးဖြစ်သည်မှာ အဆိုပါဖြစ်စဉ်ကို ပြောပြခဲ့သည်-

> *ဩဂုတ် ၈ ရက်နေ့မှာ စစ်ကောင်စီနဲ့ KIA က ဆယ်ဇင်းမှာ တိုက်ပွဲဖြစ်နေတော့ ရွာသူရွာသားတချို့က ကျမတို့ကို ဟောင်ပါးကို ပြေးလာကြဖို့ ခေါ်ကြတယ်။ ဒါပေမဲ့ ကျမနဲ့ ကျမယောကျ်ားက ရွာထဲမှာပဲ ပုန်းနေဖို့ ဆုံးဖြတ်လိုက်တယ်။ ဩဂုတ် ၉ ရက်နေ့ရောက်တော့ တိုက်ပွဲက ပိုပြီး ပြင်းထန်လာတယ်။ အဲဒါကြောင့် ကျမယောကျ်ားက အိမ်ထဲက ဖုံးခိုကဒုတ်ကျင်း ထဲမှာ ပုန်းနေတဲ့အချိန်မှာ ကျမကို ဘုန်းကြီးကျောင်းမှာ သွားခိုလှုံဖို့ ပြောတယ်။ ကျမ ဘုန်းကြီးကျောင်းကိုရောက်တော့ စစ်ကောင်စီလေယာဉ်နဲ့ KIA ကိုလာ တိုက်ခိုက်တော့ ဘုန်းကြီးကျောင်းမှာလည်း မလုံခြုံတော့ဘူးလို့ ကျမ ခံစားရပြီး ကျမအမျိုးအိမ်ကို ထပ်ပြောင်းသွားလိုက်တယ်။ အဲဒီနေ့မှာပဲ ဘုန်းကြီးက လူတွေကို ရွာထဲကနေ ထွက်သွားဖို့ ကူညီပေးမယ်လို့ကြားတော့ နောက်မနက် ၆ နာရီလောက်မှာ ကျမနဲ့ ကျမယောကျ်ားက အိတ်တွေယူလာပြီး ဘုန်းကြီးကျောင်းကို သွားတယ်။ ဘုန်းကြီးကျောင်းမရောက်ခင်မှာပဲ စစ်ကောင်စီ စစ်သားတစ်ယောက်က ရဲစခန်းကနေ ကျမတို့ကို သေနတ်နဲ့ပစ်လိုက်တယ်။ ကျည်ဆံက ကျမယောကျ်ားခေါင်းကိုထိသွားပြီး နေရာမှာပဲ ပွဲချင်းပြီး သေဆုံးခဲ့တယ်။ ကျမနားက လူတွေက ကျမကို စစ်သားတွေ နောက်တကြိမ် မပစ်ခင် မြန်မြန်သွားဖို့ ပြောကြတယ်။ အဲဒါကြောင့် ကျမ ဘုန်းကြီးကျောင်းကို ပြေးခဲ့တယ်။ အဲဒီအချိန်မှာ ကျမ ဦးထုပ်ကို ကျည်ဆံလျှပ် ထိတာတွေရှိပေမယ့် တခြားထိခိုက်ဒဏ်ရာတော့ မရခဲ့ဘူး။ မွန်းလွဲ ၃ နာရီအချိန်လောက်မှာ မူးယစ်ဆေးစွဲနေတဲ့ ဆေးသမားတစ်ယောက်က ကျမယောကျ်ားရဲ့ အလောင်းကို သယ်လာပေးပြီး ဖားကန့်နားက တာမခန်ကျေးရွာကို ကူညီပို့ပေးခဲ့တယ်။ ပြီးတော့ ကျမလည်း တာမခန်မှာရှိတဲ့ IDP စခန်းကို ပြေးလာခဲ့တယ်။"*

## မတရားဖမ်းဆီးခြင်း၊ ရွာသူရွာသားများကို လူသားဒိုင်းအဖြစ် အသုံးပြုခြင်း

| အချိန်ကာလ | မတရားဖမ်းဆီးခံရသူဦးရေ | တည်နေရာ | စစ်ကောင်စီ တပ်ရင်းများ (သိရှိထားသည့်) |
|---|---|---|---|
| ၂၀၂၂ မေ - ၂၀၂၃ ဇူလိုင် | ၄၄၁ (လူသားဒိုင်းအဖြစ် အသုံးပြုခံရသည့် ၂၂၁ ဦးအပါအဝင်) | တနိုင်း၊ မူဆယ်၊ မိုးညှင်း၊ မိုးကောင်း၊ ဗန်းမော်၊ ဖားကန့်၊ ရွှေကူ၊ မြစ်ကြီးနား | ခလရ ၁၃၊ ခလရ ၇၇၊ ခမရ ၁၀၃၊ ခမရ ၃၈၅၊ ခမရ ၃၉၀၊ ခမရ ၅၂၁၊ ခမရ ၆၀၁၊ တပ်မ ၃၃၊ တပ်မ ၆၆၊ တပ်မ ၇၇၊ တပ်မ ၈၈ |

လွန်ခဲ့သော ၁၅ လအတွင်းတွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင်အတွင်းတွင် မတရားဖမ်းဆီးခံခဲ့ရသူ စုစုပေါင်း ၄၄၁ ဦး ရှိခဲ့သည်။ ထိုထဲတွင် ကချင်ဘာသာရေး အကြီးအကဲ ခေါင်းဆောင် အများအပြား ပါဝင်ပြီး အထူးသဖြင့် KBC အကြီးအကဲဟောင်း ဒေါက်တာ ခလမ်ဆမ်ဆွန်လည်း ပါဝင်ခဲ့သည်။ ဒေါက်တာ ခလမ်ဆမ်ဆွန်သည် ဆေးကုသမှုခံယူရန်အတွက် ဘန်ကောက်သို့အသွား ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၅ ရက်နေ့ မြစ်ကြီးနားလေဆိပ်တွင် အဖမ်းခံခဲ့ရသည်။ ၎င်းအား ပုဒ်မ ၁၇/၁ ဖြင့် စွဲချက်မတင်မီ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တွင် ၃ ပတ်ကျော် ထိန်းသိမ်းခဲ့ပြီးနောက် မြစ်ကြီးနားထောင်သို့ ပို့ဆောင်ခဲ့သည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၀ ရက်နေ့တွင် နောက်ထပ် KBC ခေါင်းဆောင်တစ်ဦးဖြစ်သူ သင်းအုပ်ဆရာတော် ဂွမ်ဖမ်း ကို စစ်ကောင်စီ တပ်ဖွဲ့ဝင်များက မြစ်ကြီးနားတွင် ဖမ်းဆီးခဲ့ပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ထိန်းသိမ်းခဲ့သည်။ ၂၀၂၃ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် မြစ်ကြီးနားရှိ ဂျန်မိုင်ကောင်း ဘုရားကျောင်းမှ ဘာသာရေး ခေါင်းဆောင် တစ်ဦးဖြစ်သူ ဦးဇခုန် လည်း အဖမ်းခံခဲ့ရသည်။

၂၀၂၃ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ဖားကန့်တွင် အစုလိုက် အဖမ်းခံရသည့် အမျိုးသား ၂၀၀ အပါအဝင် ထိုသို့ အဖမ်းခံရသူ များထဲမှ အများစုမှာ တော်လှန်ရေးအဖွဲ့များနှင့် ဆက်နွယ်မှုရှိသည်ဟုဆိုကာ စွပ်စွဲခံထားရသည်။ အနည်းဆုံး လူ ၁၃ ဦးမှာ စစ်ဆေးမေးမြန်းစဉ်အတွင်း ရိုက်နှက်ခံခဲ့ရပြီး အမျိုးသား ၄ ဦးမှာ ဖမ်းဆီးခံရပြီးနောက် စစ်သားများ၏ ပစ်သတ်ခံခဲ့ရသည်ဟု သိရှိရပြီး ယနေ့ချိန်ထိ ပျောက်ဆုံးနေသူမှာ ၂၄ ဦးရှိသည်။

မိုးကောင်းမြို့တွင် လူငယ်နှစ်ဦးသည် ဆိုင်ကယ်စီးလာစဉ် လက်သုံးချောင်း ထောင်ပြရုံဖြင့် ဖမ်းဆီးခံခဲ့ရသည်။ တနိုင်းမြို့တွင် အမျိုးသား တစ်ဦးသည် စစ်ကောင်စီပြည်သူ့စစ်ကားဖြတ်သွားသည်ကို ဓာတ်ပုံရိုက်ခဲ့ခြင်းကြောင့် အဖမ်းခံခဲ့ရသည်။ IDP အိမ်ထောင်စုစာရင်းတွင် အမည်မပါသောကြောင့် Robert IDP စခန်းမှ IDP ၈ ဦးသည် ဗန်းမော်ရဲစခန်းတွင် တစ်ညတာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။

ဖမ်းဆီးခံရသူများ၏ ထက်ဝက်ကျော်ဖြစ်သည့် ၂၂ ဦးသည် စစ်ကောင်စီ တပ်ဖွဲ့ဝင်များ၏ လူသားဒိုင်းအဖြစ် အတင်းအကြပ်ခိုင်းစေခြင်းကို ခံခဲ့ရပြီး ထိုကဲ့သို လုပ်ရပ်များသည် လတ်တလောတွင် သိသိသာသာ တိုးလာခဲ့ သည်။ ၂၀၂၂ ခုနှစ် ဇွန်လမှ ၂၀၂၃ ခုနှစ် မတ်လအတွင်း တနိုင်း၊ ဝိုင်းမော်၊ ဖားကန့်နှင့် ရွှေကူတို့တွင် ပြုလုပ်ခဲ့သည့် စစ်ကောင်စီ စစ်ဆင်ရေးအတွင်း လူသားဒိုင်းအဖြစ် အသုံးဖြစ်ခဲ့သည့် ဖြစ်စဉ် ၄ ကြိမ်ရှိခဲ့ပြီး တစ်ကြိမ်လျှင် အများဆုံး ရွာသူရွာ သား ၂၁ ဦးအထိ အသုံးပြုခြင်း ရှိခဲ့သည်။ ၂၀၂၃ ခုနှစ် ဧပြီလမှ ဇူလိုင်လအတွင်းတွင် ရွှေကူ၊ ဖားကန့်၊ မိုးမောက်နှင့် ဝိုင်းမော်မြို့အတွင်း စစ်ကောင်စီ တပ်ဖွဲ့ဝင်များမှ တကြိမ်လျှင် အများဆုံး ရွာသူရွာသား ၇၀ ကျော်အထိ အတင်းအဓမ္မ လူသားဒိုင်းအဖြစ် အသုံးပြုခဲ့သည့် ဖြစ်စဉ်ပေါင်း ၈ ကြိမ်ရှိခဲ့သည်။

အမျိုးသမီးများနှင့် ကလေးများသည်လည်း လူသားဒိုင်းအဖြစ် အသုံးပြုခံရခြင်းမှ မလွတ်ကင်းပေ။ ဧပြီ ၁၈ ရက်နေ့ နံနက်အစောပိုင်းအချိန်တွင် စစ်ကောင်စီ တပ်ဖွဲ့ဝင် ၈၀ ခန့်သည် ကာမိုင်း မှ ဖားကန့်သို့ သွားသည့် လမ်းမကြီးပေါ်ရှိ ကပ်မော်ဇွပ်နှင့် ဆိုင်းဖရာရွာ အတွင်းသို့ ဝင်ရောက်လာကာ အမျိုးသမီးနှင့် မိန်းကလေးငယ်များအပါအဝင် ကျေးရွာသူရွာသားပေါင်း ၇၀ ခန့်ကို အရပ်သားများမောင်းနှင်လာသော ၁၂ ဘီးကားကြီး နှစ်စီးအပေါ်သို့ ၎င်းတို့၏တပ်ဖွဲ့ဝင်များနှင့်အတူ အတင်းအဓမ္မ စီးနင်းခိုင်းခဲ့သည်။ လမ်းတစ်လျှောက် တွင် KIA မှ ထိုစစ်တပ်ယဉ်တန်းအား ပစ်ခတ်ခဲ့သဖြင့် ကားပေါ်တွင် ပါလာခဲ့သော အမျိုးသမီးတစ်ဦး သေဆုံးခဲ့ ပြီး အခြားအမျိုးသမီးများနှင့် ၁၈ နှစ်အောက် မိန်းကလေးငယ် ၃ ဦးလည်း ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

အမျိုးသမီးများနှင့် လသားအရွယ် ရင်ခွင်ပိုက်ကလေးနှင့် မိခင်ကိုလည်း စစ်ကောင်စီ တပ်ဖွဲ့ဝင်များကြားတွင် လမ်းလျှောက်ခိုင်းမှု များလည်း ရှိခဲ့သည်။ မေလ ၁၈ ရက်နေ့ နံနက်အစောပိုင်းတွင် ဖားကန့်မှ ကာမိုင်းသို့ လမ်းလျှောက်ချီတက်လာသော တပ်မ ၈၈ နှင့် ခမရ ၃၈၅ မှ အင်အား ၂၀၀ ခန့်ရှိသည့် ခင်းတောင့် (Hkin Tau) ကျေးရွာသို့ ဝင်ရောက်လာပြီး နေအိမ်တံခါးများကို ကန်ဖွင့်ကာ အမျိုးသမီး ၉ ဦးနှင့် လသား ကလေးငယ် ၃ ဦးအပါအဝင် ရွာသူရွာသား ၁၆ ဦးကို ဖမ်းဆီးခဲ့သည်။ ထို ရွာသူရွာသားများသည် စစ်ကောင်စီ တပ်ဖွဲ့ဝင်များကြားတွင် အတင်းအဓမ္မ လမ်းလျှောက်ခိုင်းပြီး

အမျိုးသားများကိုလည်း ပေါ်တာအဖြစ် စေခိုင်းခဲ့သည်။ အမျိုးသမီးများနှင့် လသားကလေးငယ်များကို ညနေခင်းတွင် ပြန်လွှတ်ပေးခဲ့သော်လည်း အမျိုးသားများကိုမူ နောက်တစ်ရက်အထိ ဖမ်းဆီးထားခဲ့သည်။

## ဆက်လက်ဖြစ်ပွားနေသော လိင်အကြမ်းဖက်မှုအပေါ် ပြစ်ဒဏ်ကင်းလွတ်မှု အခြေအနေများ

တစ်ညတည်းတွင် ဖြစ်ပွားခဲ့သော စစ်တပ်မှ ကျူးလွန်ခဲ့သည့် အုပ်စုဖွဲ့ မုဒိမ်းကျင့်မှု နှစ်ခုကို ကြည့်ခြင်းအားဖြင့် စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ လိင် အကြမ်းဖက်မှု အတွက် ပြစ်ဒဏ် ကင်းလွတ်မှု ရှိမည်ကို ယုံကြည်နေကြောင်း ထင်ရှားစွာ သက်သေပြနေသည်။

ရှမ်းလူ့အခွင့်အရေးဖောင်ဒေးရှင်း၏ မှတ်တမ်းအရ ဇူလိုင်လ ၃၀ ရက်နေ့ညတွင် ကွတ်ခိုင်မြို့နယ် ဆွန်လုံ (Suan Long) ကျေးရွာမှ အမျိုးသမီးနှစ်ဦးသည် ၎င်းတို့ကျေးရွာနီး စခန်းချနေသည့် ခမရ ၅၆၉ မှ စစ်ကောင်စီ တပ်ဖွဲ့ဝင်များ၏ အုပ်စုဖွဲ့ မုဒိမ်းကျင့်မှုကို သီးခြားစီ ကြုံတွေ့ခဲ့ရသည်။ ည ၁၀ နာရီတွင် စစ်သား ၄ ဦးသည် ရွာထဲသို့ ဝင်ရောက်လာကာ နှစ်ဖွဲ့ခွဲခဲ့သည်။ စစ်သားနှစ်ဦးမှာ လူငယ်စုံတွဲရှိရာ အိမ်ထဲသို့ စီးနင်း ဝင်ရောက်ပြီး ခင်ပွန်းဖြစ်သူကို သေနတ်ဖြင့် ချိန်ရွယ်ကာ လက်ထိပ်ခတ်ပြီးနောက် ကိုယ်ဝန်ဆောင် ဇနီးကို အုပ်စုဖွဲ့ မုဒိမ်းပြုကျင့်ခဲ့သည်။ အခြား စစ်သားနှစ်ဦးမှာလည်း အခြား အိမ်တစ်အိမ်ထဲသို့ ဝင်ကာ ခင်ပွန်းနှင့် ကလေးနှစ်ယောက်ကို အိမ်ထဲမှ ထွက်သွားရန် အမိန့်ပေးခဲ့ပြီး ဇနီးဖြစ်သူအား အုပ်စုဖွဲ့ မုဒိမ်းကျင့်ခဲ့ကြသည်။ နောက်တနေ့ နံနက်တွင် နယ်မြေခံ ဆရာတော်က မုဒိမ်းမှု ကျူးလွန်သူများကို ဖော်ထုတ်ပေးရန် တပ်ဖွဲ့မှူးထံ တိုင်ကြားခဲ့သည်။ တပ်ဖွဲ့မှူးမှ အမျိုးသမီးများအား မုဒိမ်းမှု ကျူးလွန်ခဲ့သူများကို မေးမြန်းစစ်ဆေးကာ တရားခံများကို ရွာသူရွာသားများရှေ့တွင် ရိုက်နှက်ခဲ့သည်။ အကယ်၍ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မီဒီယာတွင် သတင်းပေါက်ကြားခဲ့ပါကလည်း ကျေးရွာအား ပစ်ခတ်မည့် အကြောင်း တပ်ဖွဲ့မှူးမှ သတိပေး ခြိမ်းခြောက်ခဲ့သည်။

ဤကဲ့သို့ စစ်ကောင်စီ စစ်သားများမှ ၎င်းတို့စခန်းချရာ ကျေးရွာများထဲတွင် အုပ်စုဖွဲ့မုဒိမ်းကျင့်မှုကို ပြောင်ပြောင်တင်းတင်း ကျူးလွန် နေကြသည်ကို ကြည့်ခြင်းအားဖြင့် ၎င်းတို့သည် ကျူးလွန်သည့် ရာဇဝတ်မှု အတွက် ကြီးလေးသော ပြစ်ဒဏ်ခံရမည်ကို ကြောက်ရွံ့မှု မရှိကြောင်း ထင်ရှားပေါ်လွင်စေသည်။ ဤအခြေအနေသည် KWAT မှ အလားတူ ဒေသတွင် ၂၀၂၁ ခုနှစ် နိုဝင်ဘာလနှင့် ၂၀၂၂ ခုနှစ် ဧပြီလအတွင်း မှတ်တမ်း ကောက်ယူထားသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များက

၎င်းတို့ တပ်စွဲထားသည့် မူဆယ်-မန္တလေး အမြန်လမ်းမကြီးတလျှောက်ရှိ ကျေးရွာများတွင် လိုင်အကြမ်းဖက်မှုများ ပြောင်ပြောင်တင်းတင်း ကျူးလွန်ခဲ့သော ပုံစံများနှင့် တထပ်တည်းပင် ဖြစ်သည်။

လိုင်အကြမ်းဖက်မှုကျူးလွန်သည့် စစ်သားများအားလုံးသည် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ၏ အဓိက လမ်းမကြီးဖြစ်သည့် အဝေးပြေးလမ်းမကြီးတလျှောက်တွင် လုံခြုံရေးတာဝန်ယူသူများ ဖြစ်ကြသည်။ မကြာသေးမီက အုပ်စုဖွဲ့ မုဒိမ်းကျင့်မှုဖြစ်ပွားခဲ့သော ကျေးရွာသည်လည်း တရုတ်နိုင်ငံ၏ BRI-ပိုးလမ်းမ အောက်ရှိ အထင်ကရ စီမံကိန်းများထဲမှ တစ်ခုဖြစ်သော မူဆယ်-မန္တလေး မီးရထားလမ်းနှင့် အလွန် နီးကပ်စွာ တည်ရှိနေသည်။

## နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်မှုအသစ်များ

ပြီးခဲ့သည့် ၁၅ လတာ ကာလအတွင်း ကချင်ပြည်နယ်နှင့် မူဆယ်ခရိုင်ရှိ ၆ မြို့နယ်မှာ ရွာသူရွာသားပေါင်း ၁၃,၈၈၈ ဦးသည် တိုက်ပွဲများနှင့် စစ်ကောင်စီ၏ အရပ်သားပစ်မှတ်ထား တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာ အိုးအိမ်မဲ့ တိမ်းရှောင်ခဲ့ကြရသည်။ ထို ထောင်ပေါင်းများစွာသော နေရပ် စွန့်ခွာရသူများ၊ အထူးသဖြင့် ဗန်းမော်- မြစ်ကြီးနား လမ်းတလျှောက်ရှိ စစ်ကောင်စီ၏ နောက်ဆုံး ပြုလုပ်ခဲ့သော ထိုးစစ်ကြောင့် လတ်တလော နေရပ်စွန့်ခွာရသူများသည် ယနေ့အချိန်ထိ အိမ်မပြန်နိုင်ကြသေးပေ။

| **နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်မှုအသစ်များ - ၂၀၂၂ ဇွန်- ၂၀၂၃ ဇူလိုင်** | | | | | | |
|---|---|---|---|---|---|---|
| **မြို့နယ်** | **IDP တည်နေရာ** | **မူလကျေးရွာ** | **အိမ်ထောင်စု အရေအတွက်** | **လူဦးရေ** | **နေရပ်စွန့်ခွာ ရသည့် နေ့** | **လက်ရှိအခြေအနေ** |
| **ကချင်ပြည်နယ်** | | | | | | |
| ပိုင်းမော် | ပိုင်းမော်လီဆူး ဘုရားကျောင်း | နန်ဇော်ယာန်၊ ပူယန် | ၁၂၅ | ၄၉၀ | ၁၀ ဇူလိုင် ၂၂ | နေရပ်စွန့်ခွာရဆဲ ဖြစ်သည် |
| ဖားကန့် | တာမခန် | ဆယ်ဇင်း | ၂၆၂ | ၁,၀၂၃ | ၈ ဩဂုတ် ၂၂ | နေရပ်ပြန်လည် ရောက်ရှိပြီဖြစ်သည်။ |
| မိုးမောက် | မိုးမောက် KBC၊ RC ဘုရားကျောင်း | လုံဂျာ၊ ဝဝမ်၊ မိုးမောက် | ၂၀၀ | ၇၄၅ | ၂၂ အောက်တိုဘာ ၂၂ | အချို့မှာ နေရပ်ပြန်လည် ရောက်ရှိပြီဖြစ်သည်။ |

| | | | | | | |
|---|---|---|---|---|---|---|
| ဖားကန့် | ဆိုင်းတောင် KBC၊ RC | ဆိုင်းတောင် (ဆိတ်မူ) | မသိပါ။ | ၁၅၀ | ၂၃ နိုဝင်ဘာ ၂၂ | နေရပ်ပြန်လည် ရောက်ရှိပြီဖြစ်သည်။ |
| ဖားကန့် | မှော်ဘုံ နှင့် ဆန်ခါ KBC ဘုရားကျောင်း | မှော်ဘုံ | ၂၁ | ၈၀ | ၅ ဒီဇင်ဘာ ၂၂ | နေရပ်ပြန်လည် ရောက်ရှိပြီဖြစ်သည်။ |
| မိုးကောင်း | မိုးကောင်း RC ဘုရားကျောင်း | နားဟိုင် | မသိပါ | ၃၀ | ၂၄ ဇန်နဝါရီ ၂၃ | နေရပ်ပြန်လည် ရောက်ရှိပြီဖြစ်သည်။ |
| ရွှေကူ | ရွှေကူ | မံဝိန်း | ၁၈၈ | ၈၇၁ | ၂၃ မတ် ၂၃ | နေရပ်ပြန်လည် ရောက်ရှိပြီဖြစ်သည်။ |
| ရွှေကူ | ရွှေကူဘုန်းကြီးကျောင်း | မံနား | ၁၀၇ | ၅၆၀ | ၂၃ မတ် ၂၃ | Returned home နေရပ်ပြန်လည် ရောက်ရှိပြီဖြစ်သည်။ |
| ရွှေကူ | ရွှေကူဘုန်းကြီးကျောင်း | တုံးကောက် | ၆၉ | ၃၄၃ | ၂၃ မတ် ၂၃ | နေရပ်ပြန်လည် ရောက်ရှိပြီဖြစ်သည်။ |
| ရွှေကူ | ရွှေကူဘုန်းကြီးကျောင်း | စီမူလေး | ၉၅ | ၄၆၇ | ၂၃ မတ် ၂၃ | နေရပ်ပြန်လည် ရောက်ရှိပြီဖြစ်သည်။ |
| ရွှေကူ | ကုန်းနု | စီမူကြီး | ၇၅ | ၃၉၀ | ၂၃ မတ် ၂၃ | အချို့မှာ နေရပ်ပြန်လည် ရောက်ရှိပြီဖြစ်သည်။ |
| ရွှေကူ | နတ်ချို | စီမော် | ၂၇၃ | ၁,၃၅၄ | ၂၃ မတ် ၂၃ | အချို့မှာ နေရပ်ပြန်လည် ရောက်ရှိပြီဖြစ်သည်။ |
| ရွှေကူ | ပိန်းဟွန်း | နောင်လက်ကြီး | ၁၅၇ | ၇၇၁ | ၂၃ မတ် ၂၃ | အချို့မှာ နေရပ်ပြန်လည် ရောက်ရှိပြီဖြစ်သည်။ |
| ရွှေကူ | သရက်ကုန်း | မံခါး | ၁၃၀ | ၆၂၃ | ၂၃ မတ် ၂၃ | အချို့မှာ နေရပ်ပြန်လည် ရောက်ရှိပြီဖြစ်သည်။ |
| ရွှေကူ | ဇီးဖြူကုန်း | ဟိန်ကောင် | ၅၀ | ၂၃၅ | ၂၃ မတ် ၂၃ | အချို့မှာ နေရပ်ပြန်လည် ရောက်ရှိပြီဖြစ်သည်။ |

| | | | | | | |
|---|---|---|---|---|---|---|
| ရွှေကူ | ဖီးဖြူကုန်း | နန့်လန် | ၁၇၃ | ၈၂၇ | ၂၃ မတ် ၂၃ | အချို့မှာ နေရပ်ပြန်လည် ရောက်ရှိပြီဖြစ်သည်။ |
| ရွှေကူ | ရွှေကူ KBC ဘုရားကျောင်း | စီသောင် | ၃၅၆ | ၁,၇၁၀ | ၂၃ မတ် ၂၃ | အချို့မှာ နေရပ်ပြန်လည် ရောက်ရှိပြီဖြစ်သည်။ |
| ရွှေကူ | ရွှေကူရှိ တောတွင်း တနေရာ | စီသာ | ၂၄၉ | ၁,၀၇၅ | ၂၃ မတ် ၂၃ | အချို့မှာ နေရပ်ပြန်လည် ရောက်ရှိပြီဖြစ်သည်။ |
| ဖားကန့် | နမ်ယာ KBC ဘုရား ကျောင်း | ကပ်မော်ဇွပ် | ၃၈ | ၁၂၃ | ၂၃ မတ် ၂၃ | အချို့မှာ နေရပ်ပြန်လည် ရောက်ရှိပြီဖြစ်သည်။ |
| ဖားကန့် | Jungle တောတွင်းတနေရာ | ခွမ်ဆိုင်ဇွပ် | ၃၆ | ၆၀ | ၂၃ မတ် ၂၃ | အချို့မှာ နေရပ်ပြန်လည် ရောက်ရှိပြီဖြစ်သည်။ |
| ဖားကန့် | နမ်ယာ KBC ဘုရား ကျောင်း | ဆိုင်းဖရာ | ၂၅ | ၈၈ | ၂၃ မတ် ၂၃ | အချို့မှာ နေရပ်ပြန်လည် ရောက်ရှိပြီဖြစ်သည်။ |
| ပိုင်းမော် | မိုင်းနား | နမ့်ဆန်ယန် | ၂၁၄ | ၁,၁၁၉ | ၃ ဇူလိုင် ၂၃ | နေရပ်စွန့်ခွာရဆဲ ဖြစ်သည် |
| မိုးမောက် | ဒေါ့ဖုန်းယန် | နောင်ဝမ့် | ၂၁ | ၅၁ | ၇ ဇူလိုင် ၂၃ | နေရပ်စွန့်ခွာရဆဲ ဖြစ်သည် |
| မိုးမောက် | ဒေါ့ဖုန်းယန် | ဒိန်ဂါယာန် | ၂၂ | ၆၀ | ၇ ဇူလိုင် ၂၃ | နေရပ်စွန့်ခွာရဆဲ ဖြစ်သည် |
| မိုးမောက် | နှစ်မိုင်၊ ဗန်းမော် | ဒုန်ဟုန်း | ၁၅ | ၄၉ | ၁၂ ဇူလိုင် ၂၃ | နေရပ်စွန့်ခွာရဆဲ ဖြစ်သည် |
| မိုးမောက် | ကုန်းလော | လွယ်မောက်ယန် | ၄၀ | ၁၂၄ | ၁၃ ဇူလိုင် ၂၃ | နေရပ်စွန့်ခွာရဆဲ ဖြစ်သည် |
| မိုးမောက် | နွမ်းလန်း | အူထန်ယန် | ၂၆၀ | ၈၀ | ၁၃ ဇူလိုင် ၂၃ | နေရပ်စွန့်ခွာရဆဲ ဖြစ်သည် |

| **မူဆယ်ခရိုင်၊ ရှမ်းပြည်နယ်မြောက်ပိုင်း** | | | | | | |
|---|---|---|---|---|---|---|
| ကွတ်ခိုင် | ကွတ်ခိုင်တောင်တန်း ဘုန်းကြီးကျောင်း | ကုန်းခရမ်၊ ဟူနောင်၊ တုန်ဆင် | ၇၀ | ၃၀၀ | ၁၆ ဇွန် ၂၂ | နေရပ်ပြန်လည် ရောက်ရှိပြီဖြစ်သည်။ |
| ကွတ်ခိုင် | ခူးမုန်း | မန်ပိန်း | ၄၇ | ၉၀ | ၁၈ ဇူလိုင် ၂၃ | နေရပ်ပြန်လည် ရောက်ရှိပြီဖြစ်သည်။ |
| စုစုပေါင်း လတ်တလော နေရပ်စွန့်ခွာရမှုများ | | | | ၁၃,၈၈၈ | | |

## နေရပ်စွန့်ခွာ စခန်းများ ပိတ်ရန် စစ်ကောင်စီ ၏ ဖိအားများပိုမိုတိုးလာခြင်း

နေရပ်စွန့်ခွာရမှုများ နောက်ထပ် အသစ်ဖြစ်ပွားနေသည့်ကြားမှပင် စစ်ကောင်စီအာဏာပိုင်များသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နေရပ်စွန့်ခွာရသူ (IDPs) ပေါင်း ၁၀၇,၀၀၀ ကျော် ခိုလှုံနေကြသည့် (UNOCHA ၏ ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် ထုတ်ပြန် ထားသည့် တရားဝင် ကိန်းကဏန်းများ အရ) ရှိရင်းစွဲ IDP စခန်းများကို ပိတ်ပစ်ရန် ဖိအားများ တိုးမြင့်လိုက်သည်။

နေရပ်စွန့်ခွာ စခန်းများ ပိတ်ပစ်ရန် ဖိအားပေးခြင်းသည် အသစ်အဆန်းတစ်ခု မဟုတ်ပေ။ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်တွင်လည်း နေပြည်တော်မှ အာဏာပိုင်များသည် လက်ရှိနေထိုင်သူဦးရေ ၁,၅၀၀ ခန့်ရှိသည့် “ငွေပျော်စံပြ” ကျေးရွာဟု အမည်ရသော IDP ပြန်လည်နေရာချထားရေး ကျေးရွာတစ်ခုကို မြစ်ကြီးနားမြို့ မြောက်ဘက် ၁၂ မိုင်အကွာတွင် စတင်တည်ဆောက်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင်လည်း ယခင်က နေရပ်စွန့်ခွာခဲ့သူပေါင်း ၄၀၀ ကျော် လက်ရှိနေထိုင်နေသည့် (“မုန်ပြစံပြ”ဟု အမည်ရသော) အခြား ပြန်လည် နေရာချထားရေး ကျေးရွာတစ်ခုကိုလည်း တည်ဆောက်ခဲ့သည်။ ဤနေရာ နှစ်ခုစလုံးတွင် နေထိုင်ရန် အိမ်ငယ်လေးများ ပံ့ပိုးထားသော်လည်း အသက် မွေးဝမ်းကျောင်းအတွက် စိုက်ပျိုး လုပ်ကိုင်ရန် မြေ မရှိသည့်အပြင် ထိုနေရာသို့ ပြောင်းရွှေ့ပြီးသည်နှင့်တပြိုင်တည်း နေရပ်စွန့်ခွာ စခန်းစာရင်းမှ ဖယ်ရှားခံရပြီး လစဉ် ရိက္ခာများ လက်ခံရရှိရန် အရည်အချင်း မပြည့်မီတော့ပေ။

၂၀၁၉ ခုနှစ်၊ NLD ၏ “ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီ ခိုလှုံရာ စခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ” အောက်တွင် မြစ်ကြီးနားနှင့် ဝိုင်းမော်ရှိ နေရပ် စွန့်ခွာသူများအတွက် မြစ်ကြီးနားတောင်ဘက်ရှိ ၎င်းတို့၏ မူလကျေးရွာများဆီသို့ ပြန်နိုင်ရန် အစီအစဉ်များ ချမှတ်ခဲ့သည်။ ဂျပန်နှင့် တရုတ် အစိုးရများက ထိုကျေးရွာများတွင် အိမ်သစ်များ

ဆောက်လုပ်ရန် ငွေကြေးထောက်ပံ့ခဲ့ပြီး WFP မှ နေရပ်ပြန် IDPs များအတွက် ဆန် ၆ လစာ ထောက်ပံ့ပေးခဲ့သည်။

အာဏာသိမ်းရန်စတင်ကြိုးပမ်းချိန်မှစ၍ စစ်ကောင်စီအာဏာပိုင်များ၏ IDP စခန်းများပိတ်ပစ်ရန် ဖိအားပေးမှုများ တိုးမြင့်လာခြင်းသည် ၎င်းတို့၏ တရုတ်ရင်းနှီးမြှုပ်နှံမှုအပေါ် အမြန်ဆုံး လုပ်ဆောင်လိုသောဆန္ဒနှင့် များစွာ ဆက်စပ်မှုရှိနေသည်။ အဘယ်ကြောင့်ဆိုသော် IDP စခန်း အများစုသည် BRI-ပိုးလမ်းမ စီမံကိန်းအနီး တည်ရှိနေကြပြီး ၎င်းတို့သည် စစ်တပ် လိုလားသော စီမံကိန်း တည်ငြိမ်မှု၏ ပုံရိပ်ကို မှေးမှိန်စေသောကြောင့်ဖြစ်သည်။


## ကချင်ပြည်နယ်ရှိ IDP စခန်းများပိတ်ရန် ဖိအားများ

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၇ ရက်နေ့တွင် စစ်ကောင်စီ၏ ဝန်ကြီးနှစ်ဦးဖြစ်သော နယ်စပ်ရေးရာဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်တို့သည် မြစ်ကြီးနားရှိ IDP စခန်းနှစ်ခု ဂျန်မိုင်ကောင်း နှစ်ခြင်းဘုရားကျောင်းနှင့် လယ်ကုန်းဇီးလွန် IDP စခန်း သို့ သွားရောက် လည်ပတ်ခဲ့ပြီး “IDP တွေအနေနဲ့ မြို့ထဲမှာ နေဖို့ မသင့်တော်ဘူး၊ ဒါက ကျနော်တို့အတွက် နိုင်ငံတကာပုံရိပ်အတွက်လည်း မကောင်းဘူး” ဟုဆိုကာ နေရပ်စွန့်ခွာသူများအား နေရပ်ပြန်ရန် တိုက်တွန်းခဲ့သည်။ ၎င်းတို့ နှစ်ဦးသည် နေရပ် စွန့်ခွာရသူများအား မူလကျေးရွာသို့ပြန်ရန်၊ သို့မဟုတ်၊ အစိုးရစီစဉ်ပေးသည့် ပြန်လည်နေရာချထားရေးရွာသို့ ပြောင်းရွှေ့ရန် (သို့မဟုတ်) အခြားနေရာသို့ သွားရန် ဆိုသည့် ရွေးချယ်စရာ ၃ ခုထဲမှာ တစ်ခုကို ရွေးချယ်ရန် မေးမြန်းခဲ့သည်။

ဒီဇင်ဘာ ၁၀ ရက်နေ့တွင် စစ်ကောင်စီ အာဏာပိုင်များသည် ပိုင်းမော်ရှိ IDP စခန်းများသို့ သွားရောက်လည်ပတ်ခဲ့ပြီး အထက်က ဖော်ပြခဲ့သည် အလားတူ ရွေးချယ်စရာ ၃ ခုထဲမှ တစ်ခုကို ရွေးချယ်ရန် အမိန့်ပေးခဲ့သည်။ ထိုနည်းတူစွာပင် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် IDP စခန်း ၅ ခုမှ ခေါင်းဆောင်များနှင့် ဗန်းမော် ၅ မိုင် ခန်းမတွင် စည်းဝေးတွေ့ဆုံခဲ့သည့်အချိန်တွင် ဗန်းမော်ရှိ IDPs များကိုလည်း တူညီသော သတင်းစကားပေးခဲ့သည်။ ၎င်းသည် IDP များ နေရပ်ပြန်ရေးအတွက် အကူအညီများ ကမ်းလှမ်းခဲ့သည်။

သို့သော်လည်း ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် မြစ်ကြီးနားနှင့် ပိုင်းမော်ရှိ IDP နေရပ်ပြန်ရန် သတ်မှတ်ထားသော ကျေးရွာ ၄ ရွာရှိ ၎င်းတို့၏ မူလနေအိမ်များသို့ နေရပ်စွန့်ခွာသူ ၄,၄၃၈ ဦးသာ ပြန်လည်ရောက်ရှိခဲ့သည်။ ထိုသူများအနက် အများစုမှာ စစ်တပ်ထိန်းချုပ်ရာ မြစ်ကြီးနားနှင့် ပိုင်းမော်မြို့များရှိ IDP စခန်းများ (IDP ၂၄,၀၀၀ ကျော် ဆက်လက် ကျန်ရှိဆဲဖြစ်သော) မှဖြစ်ပြီး အချို့မှာ KIO ထိန်းချုပ်နေရာများရှိ IDP စခန်းများမှ ပြန်လာကြသူများဖြစ်သည်။

မြစ်ကြီးနားနှင့် ပိုင်းမော်မြို့ ရှိစစ်ရှောင်စခန်းမှ စစ်ရှောင်ပြည်သူများအားနေရပ်ပြန်ရန် သတ်မှတ်ထားသောနေရာပြမြေပုံ




| ၂၀၂၃ ခုနှစ် ဇူလိုင်မတိုင်မီ မြစ်ကြီးနား (သို့မဟုတ်) ပိုင်းမော်မြို့များရှိ မူလကျေးရွာများသို့ IDP နေရပ်ပြန်မှု | | | | |
|---|---|---|---|---|
| **မူလကျေးရွာ အမည်** | **စစ်ကောင်စီထိန်းချုပ်နယ်မြေရှိ IDP စခန်းများမှ နေရပ်ပြန်မှု** | | **KIO ထိန်းချုပ်နယ်မြေရှိ IDP စခန်းများမှ နေရပ်ပြန်မှု** | |
| | **နေရပ်ပြန်သည့် IDP ဦးရေ** | **IDP စခန်းများအတွင်း ကျန်ရှိနေဆဲ ဦးရေ** | **နေရပ်ပြန်သည့် IDP ဦးရေ** | **IDP စခန်းများအတွင်း ကျန်ရှိနေဆဲ ဦးရေ** |
| နမ်ဆန်ယန် | ၇၁၉ | - | ၄၀၀ | ၄၈၀ |

| | | | | |
|---|---|---|---|---|
| ဂါးရာယန် | ၁,၃၄၀ | - | ၆၆၀ | ၄ |
| ဒဘာတ်ယန် | ၅၆၀ | ၁၀၀ | - | - |
| ကဇူး | ၇၅၉ | - | - | - |
| စုစုပေါင်း | ၃,၃၇၈ | | ၁,၀၆၀ | |
| **စုစုပေါင်း နေရပ်ပြန်သည့်** | | | **IDP ဦးရေ = ၄,၄၃၈ ဦး** | |

*ရှမ်းပြည်နယ်မြောက်ပိုင်းရှိ IDP စခန်းများပိတ်ရန် ဖိအားများ*

၂၀၂၃ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ကွတ်ခိုင်မြို့ရှိ စစ်ကောင်စီ အုပ်ချုပ်ရေးအရာရှိများသည် ကွတ်ခိုင်ဒေသရှိ IDP စခန်း ၇ ခုမှ ကိုယ်စားလှယ်နှစ်ဦးစီနှင့် တွေ့ဆုံကာ စခန်း ၅ ခု (လုံးချင်းအိမ်ဖြင့်နေထိုင်သော) ကို မကြာမီ IDP စခန်းအဖြစ်မဟုတ်တော့ပဲ ပုံမှန် ကျေးရွာများအဖြစ် သတ်မှတ်တော့မည်ဖြစ်ကြောင်းနှင့် ထို့ကြောင့် ကူညီထောက်ပံ့မှုများ လက်ခံရရှိရင် သတ်မှတ်ချက်နှင့် မကိုက်ညီတော့ကြောင်း အစည်းအဝေးတွင် အသိပေးအကြောင်းကြားခဲ့သည်။



နမ့်ဖက်ကာရွာ အနီးရှိ အခြား စခန်းနှစ်ခု (IDP များ အခန်းတန်းလျားနေသော) ကိုလည်း ၎င်းရွာအနီးရှိ ဆောက်လုပ်နေဆဲဖြစ်သည့် ပြန်လည်နေရာချထားရေးနေရာသို့ IDP များ ပြောင်းရွှေ့ပြီးသည်နှင့် စခန်းပိတ်သိမ်းတော့မည်ဖြစ်သည်။ IDP များသည် ၎င်းတို့၏ မူလကျေးရွာများသို့ တနေ့တွင် ပြန်နိုင်ကြရန် မျှော်လင့်ထားကြသော်လည်း ထိုပြန်လည်နေရာချထားရေးနေရာသို့ရောက်သည့်အခါ ၎င်းတို့ကို IDPs များအဖြစ် လုံးဝ အသိအမှတ်မပြုတော့ပေ။

## ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများအကြား နေရပ်စွန့်ခွာသူများ နေရပ်ပြန်နိုင်ရေးအတွက် အန္တရာယ်များ

နေရပ်စွန့်ခွာသူ အမြောက်အမြားသည် ၎င်းတို့၏ မူလကျေးရွာများသို့ မပြန်ရဲကြရသည့် အကြောင်းအရင်းမှာ ၎င်းတို့၏ မူလ ကျေးရွာများအတွင်း (သို့မဟုတ်) ကျေးရွာများ အနီးတဝိုက်တွင် မြန်မာ စစ်တပ် ရှိနေခြင်းနှင့် ပဋိပက္ခများ ဆက်လက် ဖြစ်ပွားနေခြင်းကြောင့် ၎င်းတို့အတွက် နေထိုင်ရန် လုံခြုံရေး အာမခံချက်မရှိခြင်းကြောင့် ဖြစ်သည်။

လွန်ခဲ့သည့် ၂၀၁၁ ခုနှစ်က အင်ပွန်ကျေးရွာ (မြစ်ကြီးနားတောင်ပိုင်း မိုင်နှစ်ဆယ်အကွာရှိ) မှ မြစ်ကြီးနားရှိ IDP စခန်းတစ်ခုသို့ တိမ်းရှောင်လာသော အမျိုးသမီး တစ်ဦးက သူမအနေဖြင့် စခန်းအတွင်း ဆက်လက် နေထိုင်ရသည့် အကြောင်းအရင်းကို ရှင်းပြခဲ့သည်-

> *"အိမ်ပြန်ရမှာ ကျမတို့ အရမ်းကြောက်တယ်။ ဒါပေမဲ့ တကယ်လို့ စခန်းပိတ်တော့မယ်ဆိုရင် ကျမတို့ကို အတင်း နေရပ်ပြန်ခိုင်းမှာပဲ။ ကျမတို့ ရွာကို သွားတဲ့လမ်းမှာ ဗမာစစ်တပ်ဂိတ်တွေ၊ စခန်းတွေ အများကြီးရှိတယ်၊ ပြီးတော့ KIO ထိန်းချုပ်နေရာနဲ့လည်း နီးတော့ ကျမတို့ရွာက နှစ်ဖက်လက်နက်ကိုင် အဖွဲ့တွေရဲ့ အလယ်မှာ ဖြစ်နေတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၅ (၂၀၂၂ ခုနှစ်) တုန်းက တချို့ IDP တွေ ခရစ်စမတ်ပွဲလုပ်ဖို့ ကျမတို့ရွာကို ပြန်သွားကြတယ်။ ပြီးတော့ ဒီဇင်ဘာ ၁၇ ရက်နေ့မှာ တိုက်လေယာဉ် ၂ စင်းက ၄ မိုင်အကွာက ဆိုင်မိုင်ရွာနားမှာ ဗုံးကြဲချခဲ့တယ်။ အဲဒီနေ့ နေ့လည်မှာ ဗမာစစ်သားတွေက ကျမတို့ ရွာနားကို လာခဲ့တော့ ရွာသူရွာသားအားလုံး သူတို့ရဲ့ IDP စခန်းတွေဆီကို ပြန်ပြေးလာကြတယ်။ ဒီဇင်ဘာ ၁၉ ညသန်းခေါင်အချိန်မှာ ဗမာစစ်တပ်က ဆိုင်မိုင်ရွာကို ဗုံးပြန်ကြဲခဲ့တယ်။ ဒီလိုအခြေအနေမျိုးမှာ အိမ်ကိုပြန်ဖို့ ကျမတို့ အရမ်းကြောက်တယ်။ တကယ်လို့ နေရပ်ပြန်ခဲ့မယ်ဆိုရင်လည်း ကျမ အိပ်လို့ရမှာမဟုတ်ဘူး။ နောက်တစ်ကြိမ် ထပ်ပြေးရမလားဆိုပြီး အမြဲတမ်း စိုးရိမ်နေမှာပဲ။ ကျမတို့က ရွာပြင်မှာပဲ တောင်ယာစိုက်ပျိုးကြတာဆိုတော့ မြေမြှုပ်မိုင်းထိမှာလည်း ကျမ စိုးရိမ်တယ်။"*

IDP များကို အန္တရာယ်များကြား နေရပ်ပြန်ရန် တွန်းအားပေးနေသည့် အဓိက အကြောင်းအရင်းများ မှာလည်း စခန်းများအတွင်း နည်းပါးလှသည့် အထောက်အပံ့ရိုက္ခာဖြင့် အသက်ရှင်ရပ်တည်ရန် ခက်ခဲခြင်းနှင့် ၎င်းတို့၏ လယ်ယာမြေများတွင် ပြန်လည်စိုက်ပျိုးလိုသော ဆန္ဒများကြောင့် ဖြစ်သည်။ KIO ထိန်းချုပ်နယ်မြေရှိ IDP စခန်းများမှ IDP များသည် တစ်လလျှင် ဆန် ၁၃ ကီလိုခွဲ၊ စားသုံးဆီ ၁ လီတာ၊ ဆားတစ်ထုပ် ရရှိနေချိန်တွင် မြစ်ကြီးနားနှင့် ဗိုင်းမော်ရှိ IDP များ ရရှိသည် ထောက်ပံ့မှုမှာ တစ်ဦးအတွက် တစ်လလျှင် ၁၅,၀၀၀- ၂၀,၀၀၀ ကျပ်ကြားသာ ဖြစ်သည်။ ထိုကဲ့သို့ မလုံလောက်မှုများကြောင့် စားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် ယခင်က တရုတ်နယ်စပ်ကို ဖြတ်ကျော်ကာ လုပ်အားခရသည့် အလုပ်များကို လုပ်ခဲ့ကြသော်လည်း ကိုဗစ်ကြောင့် နယ်စပ်ဂိတ်များ ပိတ်ဆို့လိုက်သည့် နောက်ပိုင်းတွင်မူ ယင်းသို့ လုပ်ဆောင်ရန်မှာ မဖြစ်နိုင်တော့ပေ။

IDP များသည် ပဋိပက္ခများ ပြန်လည်ဖြစ်ပွားမည်ကို ကြောက်ရွံ့စိတ်သည် အမြဲ အမြစ်တွယ်နေပြီ ဖြစ်သည်။ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ရာနှင့်ချီသော စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် ဗန်းမော်- မြစ်ကြီးနား သယ်ယူပို့ဆောင်ရေး လမ်းကြောင်းအား လုံခြုံရေး ပေးရန်အတွက် ထိုးစစ် အသစ်တစ်ခု လုပ်ခဲ့ချိန်တွင် IDP နေရပ်ပြန်ရန် သတ်မှတ်ထားသော ကျေးရွာတစ်ရွာဖြစ်သည့် နမ်ဆန်ယန်အနီးတွင် ကြီးမားသော တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထွက်ပြေးနေသော ရွာသူရွာသားများကို စစ်ကောင်စီ တပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ပစ်ခဲ့သောကြောင့် အများအပြား ဒဏ်ရာရရှိခဲ့သည်။ ယခုအခါ နမ်ဆမ်ယန်သို့ ပြန်လာသော IDP ၁,၁၁၉ ဦးသည် နောက်ထပ်တကြိမ် နေရပ်မှ ထပ်မံ ထွက်ပြေးခဲ့ကြရ သောကြောင့် ကျေးရွာတွင် အရပ်သားများ လုံးဝ ကင်းမဲ့သွားခဲ့သည်။

## နိဂုံးနှင့် အကြံပြုချက်များ

KWAT မှတ်တမ်းသည် ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းမှ စတင်ကာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း အတွင်းရှိ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ထိခိုက်နစ်နာသူများနှင့် ရွာသူ ရွာသားများအား လူသား ဒိုင်းအဖြစ် အတင်းအကြပ် ခိုင်းစေခြင်းများ သိသိသာသာ တိုးလာခြင်း အပါအဝင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များ၏ အရပ်သားပြည်သူများအပေါ် ကျူးလွန်သည့် တိုက်ခိုက်မှုများနှင့် အခွင့်အရေး ချိုးဖောက်မှုများ တိုးမြင့်လာသော အခြေအနေများကို ပြသနေသည်။

ထိုချိုးဖောက်မှု အများစုသည် အဓိကသယ်ယူပို့ဆောင်ရေးလမ်းကြောင်းပေါ်တွင် ဖြစ်ပွားခဲ့ပြီး တရုတ်နိုင်ငံ၏ BRI - ပိုးလမ်းမစီမံကိန်း အောက်ရှိ လုပ်ငန်းများကို အလျင်အမြန် လုပ်ဆောင်နိုင်ရေး အတွက် လုံခြုံရေးပေးရန် စစ်တပ်အနေဖြင့် ကြိုးပမ်း လုပ်ဆောင်ချိန်တွင် ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်သည်။

တော်လှန်ရေး အင်အားစုများအပေါ် သမရိုးကျ စစ်ဆင်ရေး ရှုံးနိမ့်လာသည်နှင့်အမျှ စစ်ကောင်စီသည် ထိုတိုက်ပွဲနယ်မြေများကို ချုပ်ကိုင်နိုင်ရန်အတွက် အရပ်သားပစ်မှတ်ထားကာ စုပေါင်း ပြစ်ဒဏ်ပေးခြင်း နည်းလမ်းကို တိုးမြင့်အသုံးချလျှက်ရှိသည်။

ဤမှတ်တမ်းသည် တရုတ်နိုင်ငံအနေဖြင့် ဤစီမံကိန်းများကို စစ်တပ်နှင့် ပူးပေါင်းကာ ဆက်လက် တွန်းအားပေး လုပ်ဆောင်ခြင်းအားဖြင့် ကြီးမားသော အန္တရာယ်ကို ရယူနေကြောင်း မီးမောင်းထိုးဖော်ပြ ထားပါသည်။ စစ်တပ်အနေဖြင့် ဤစီမံကိန်းများ၏ လုံခြုံရေးကို အာမခံနိုင်မည် မဟုတ်သည့် အပြင် တရုတ်နိုင်ငံ အနေဖြင့်လည်း စစ်တပ်၏ ပြင်းထန်လှသော ချိုးဖောက်မှုများတွင် တိုက်ရိုက် ပါဝင် ပတ်သက်လာမည် ဖြစ်သည်။

ထို့ကြောင့် မိမိတို့အနေဖြင့် အောက်ပါအချက်များကို တောင်းဆိုလိုက်သည်-

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ -

- မြန်မာနိုင်ငံအပေါ် ကမ္ဘာ့လုံးဆိုင်ရာ လက်နက်ပိတ်ဆို့မှု ပြုလုပ်ရန်နှင့် မြန်မာနိုင်ငံ အခြေအနေအား နိုင်ငံတကာ ရာဇဝတ်မှုခုံရုံးသို့ လွှဲပြောင်းရန်။

နိုင်ငံတကာအစိုးရများသို့-

- အာဏာသိမ်းရန် ကြိုးစားသည့် စစ်တပ်အား သံတမန်ရေးအရ အသိအမှတ်မပြုရန်
- စစ်တပ်၏ စီးပွားရေးအကျိုးစီးပွားများ၊ အထူးသဖြင့် မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့ လုပ်ငန်း အပါအဝင် စစ်တပ်အတွက် လေကြောင်း လောင်စာများ ပံ့ပိုးပေးနေသော ကုမ္ပဏီများအပေါ် စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုပြုလုပ်ရန်

တရုတ်နိုင်ငံအပါအဝင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများသို့-

- ပဋိပက္ခများနှင့် နှိပ်စက်ညှဉ်းပန်းမှုများမှ ထွက်ပြေးလာသူများအား ဘေးကင်းလုံခြုံစွာ ခိုလှုံခွင့် ပေးရန်နှင့် ၎င်းတို့အား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ရယူခွင့်ပေးရန်။

နိုင်ငံတကာအလှူရှင်များသို့-

- မြန်မာနိုင်ငံမြောက်ပိုင်းရှိ ရှိယင်းစွဲ IDPs များနှင့် နောက်ထပ်တိုးလာသည့် IDPs အသစ်များကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် စစ်ကောင်စီမှ အကူအညီပေးခြင်းကို ပိတ်ဆို့ခြင်း (သို့မဟုတ်) နှောက်ယှက်ခြင်းများ မလုပ်ဆောင်ကြောင်း သေချာစေရန် အတွက် အကူအညီများကို နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများမှတဆင့် ဦးစားပေး ဆောင်ရွက်ရန်။
- စစ်တပ်၏ IDP စခန်းပိတ်သိမ်းရေး အစီအစဉ်ကို ထောက်ခံခြင်း (သို့မဟုတ်) ထောက်ပံ့ခြင်း မပြုလုပ်ရန်။

တရုတ်နိုင်ငံသို့-

- ဒေသခံပြည်သူလူထု၏ သဘောဆန္ဒကို ဆန့်ကျင်၍ စစ်ပွဲပဋိပက္ခများအကြား မြန်မာနိုင်ငံတွင်း ပြုလုပ်နေသော BRI- ပိုးလမ်းမ စီမံကိန်းများ ရှေ့တိုးဆောင်ရွက်ခြင်းကို ရပ်တန့်ရန်။ ဤ စီမံကိန်းများကို ဖျက်သိမ်းသင့်ပြီး မြန်မာနိုင်ငံအတွင်း စစ်အာဏာရှင်စနစ် ဖြုတ်ချပြီး မည်သည့် စီမံကိန်း အသစ်တွက်မဆို ဒေသခံလူထုကို ကြိုတင်အသိပေးခြင်းအပြင် လူထု၏ သဘောဆန္ဒနှင့် ခွင့်ပြုချက်ကို အာမခံမှုပေးသည့် ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ခုအရ ကျင်းပသည့် ရွေးကောက်ပွဲမရှိသရွေ့ မည်သည့်ရင်းနှီးမြှုပ်နှံမှုအသစ်ကိုမျှ လုပ်ဆောင်ခြင်း မပြုသင့်ပါ။

## နောက်ဆက်တွဲ - လူ့အခွင့်အရေး ချိုးဖောက်မှုများ အသေးစိတ်စာရင်း

### ၁။ အရပ်ဘက်နေရာများအပေါ် လေကြောင်းတိုက်ခိုက်ခြင်းများ

| ရက်စွဲ | တည်နေရာ | အသေးစိတ်အချက်အလက် | ထိခိုက်မှုဆုံးရှုံးမှု အရေအတွက် |
|---|---|---|---|
| ၈ ဩဂုတ် ၂၀၂၂ | ဆယ်ဇင်းကျေးရွာ၊ ဖားကန့် | ဩဂုတ်လ ၈ ရက်နေ့ နံနက်ပိုင်း ဆယ်ဇင်းတွင် KIA နှင့် စစ်ကောင်စီတပ် ဖွဲ့ဝင်များအကြား တိုက်ပွဲ တိုက်ပွဲဖြစ်ပွားခဲ့သည်။ မွန်းလွဲ ၂ နာရီတွင် စစ်ကောင်စီမှာ ဆယ်ဇင်းကို လေကြောင်း တိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ ဗုံးခို ကဒုတ်ကျင်းအတွင်း ပုန်းခို နေသော မိသားစု တစ်စုမှ လူ ၃ ဦး အပြင်းအထန် ဒဏ်ရာရှိ ခဲ့သည်- အသက် ၂၃ နှစ်အရွယ် ကိုယ်ဝန် ၇ လ ဆောင်ထားသော အမျိုးသမီး၏ လက်မောင်းတွင် ဒဏ်ရာရရှိခဲ့သည်၊ သူမ၏ အသက် ၅၀ အရွယ် ဖခင်ဖြစ်သူ၏ ကျော ဘက်တွင် ထိခိုက်ခဲ့ပြီး သူမ၏ ၃၈ နှစ်အရွယ် အစ်ကိုဖြစ်သူ၏ ခြေနှစ်ဖက်လုံး ဒဏ်ရာ ရရှိခဲ့သည်။ | ဒဏ်ရာရသူ အမျိုးသား ၂ ဦး၊ ကိုယ်ဝန်ဆောင် အမျိုးသမီး ၁ ဦး |
| ၉ ဩဂုတ် ၂၀၂၂ | ဆယ်ဇင်းရွာ၊ ဖားကန့် | ညနေ ၆ နာရီခွဲခန့်တွင် ဆယ်ဇင်းရွာသို့ တိုက်လေယာဉ်နှစ်စင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အသက် ၁၂ နှစ်အရွယ် ယောကျ်ားလေး ငယ်တစ်ဦး သေဆုံးခဲ့ပြီး အသက် ၂၇ နှစ်အရွယ် မိခင်ဖြစ်သူ၏ ခြေထောက်များနှင့် အသက် ၁၅ နှစ်အရွယ် အစ်ကိုဖြစ်သူ၏ ဝမ်းဗိုက်တွင် ဒဏ်ရာ ရရှိခဲ့သည်။ | သေဆုံးသူ ယောကျ်ားလေး ငယ် ၁ ဦး၊ ဒဏ်ရာရသူ အမျိုးသမီး ၁ ဦး နှင့် ယောကျ်ားလေး ငယ် ၁ ဦး |
| ၂၃ အောက်တိုဘာ ၂၀၂၂ | အနန့်ပါ၊ ဖားကန့် | တိုက်လေယာဉ် ၃ စင်းမှ အနည်းဆုံး ဗုံး ၃ လုံး ကြဲချခဲ့သည်။ | သေဆုံးသူ ၆၉ ဦးနှင့် ဒဏ်ရာရ သူ ၁၀၀ ကျော် |
| ၃ ဇန်နဝါရီ ၂၃ | ညောင်ပင်သာ မြစ်ကြီးနား | ရဟတ်ယာဉ် ၂ စင်းနှင့် တိုက်လေယာဉ် ၁ စင်းမှ ဗုံးများကြဲချခဲ့ သည်။ | ထိခိုက်ဒဏ်ရာရ သူ အမျိုးသမီး ၂ ဦးနှင့် အမျိုးသား ၂ ဦး |
| ၂၇ ဖေဖော်ဝါရီ ၂၀၂၃ | ကျွန်းတော နှင့် သဘော်အင်း ရွာ များအကြား၊ ရွှေကူ | ညနေ ၄ နာရီခန့်တွင် တိုက်လေယာဉ်တစ်စင်းမှ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဗုံးများ ကြဲခဲ့ခြင်းကြောင့် ရွှေတူးဖော်သူ အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ | ထိခိုက်ဒဏ်ရာရ သူ အမျိုးသား ၂ ဦး |

| | | | |
|---|---|---|---|
| | | အသက် ၂၀ အရွယ် ကိုထက်နိုင်နှင့် ၂၇ နှစ်အရွယ် ကိုထိုက်လွင်တို့၏ ကျောဘက်နှင့် ခြေထောက်များတွင် အပြင်းအထန် ဒဏ်ရာရရှိခဲ့သည်။ | |
| ၂၅ မတ် ၂၀၂၃ | စီသာ ၊ မံဝိန်း နှင့် စီသောင် ကျေးရွာများ၊ ရွှေကူ | တိုက်လေယာဉ် ၂ စင်းရောက်ရှိလာကာ စီသာ၊ မံဝိန်း နှင့် စီသောင်ရွာ ၃ ရွာပေါ်သို့ ဗုံးကြဲ ခဲ့သည်။ နေအိမ်နှစ် လုံး မီးလောင်ကျွမ်း ခဲ့ပြီး နွား ၅ ကောင် သေဆုံးခဲ့သည်။ | |
| ၅၊ ၇၊ ၈၊ ၉ ဧပြီ ၂၀၂၃ | စီသာ၊ စီသောင် ၊ မံနား၊ မံခါး၊ မံဝိန်း နှင့် တုံးကောက် ကျေးရွာများ၊ ရွှေကူ | ဧပြီလ ၅ ရက်၊ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တွင် တိုက်လေယာဉ် နှစ်စင်းသည် စီသာ၊ စီသောင် ၊ မံနား ၊ မံခါး၊ မံဝိန်း နှင့် တုံးကောက် ကျေးရွာ များသို့ ဗုံးကြဲခဲ့ပြီး နေအိမ်အချို့ကို မီးလောင်ကျွမ်း စေခဲ့ သည်။ ဧပြီ ၇ ရက်နေ့တွင် စီသာကျေးရွာမှ IDP အမျိုးသား ၈ ဦးသည် တောထဲတွင် ပုန်းအောင်းနေစဉ်အတွင်း တိုက်လေယာဉ် နှစ်စင်းမှ ပစ်ချခဲ့သည့် ဗုံးထိမှန်ခဲ့သည်။ သေဆုံးခဲ့သော အမျိုးသား ၆ ဦးမှာ မစ္စတာ ဒေးဒေး (၅၂ နှစ်)၊ မစ္စတာ လောပန်းဖြူ (၆၅ နှစ်)၊ မစ္စတာ သက်နိုင် (၃၅ နှစ်)၊ မစ္စတာ ခွန်ဇော် (၄၀ နှစ်)၊ မစ္စတာ ပု (၃၅ နှစ်) နှင့် မစ္စတာ ထွေး (၅၀ နှစ်) တို့ဖြစ်သည်။ | သေဆုံးသူ အမျိုးသား ၆ ဦး |
| ၁၇ ဇွန် ၂၀၂၃ | ဝရာဇွပ် ကျေးရွာ မြောက်ပိုင်း၊ ဖားကန့် | ဇွန်လ ၁၇ ရက်နေ့တွင် စစ်ကောင်စီ၏ နယ်မြေခံ မဟာမိတ် ဖြစ်သည့် မင်းဇေသန့် ပြည်သူ့စစ်အဖွဲ့သည် ဝရာဇွပ် ကျေးရွာမှ ၁၀ မိုင်ခန့်ရှိ နမ့်ဆမ်နှင့် မိုးကောင်းချောင်း တလျှောက် နယ်မြေပေါ်သို့ ဒရုန်းဖြင့် ဗုံးကြဲ တိုက်ခိုက်ခဲ့သောကြောင့် မစ္စတာ ခင်မောင်ဇင် (၂၇ နှစ်) နှင့် မစ္စတာ ဇင်သူအောင် (၁၇ နှစ်) တို့ ရွာသားနှစ်ဦး သေဆုံး ခဲ့သည်။ | သေဆုံးသူ အမျိုးသား ၂ ဦး |
| ၃၀ ဇွန် ၂၀၂၃ | ဝရာဇွပ် ကျေးရွာ မြောက်ပိုင်း၊ ဖားကန့် | ဇွန်လ ၃၀ ရက်နေ့ မနက် ၁၀ နာရီတွင် စစ်ကောင်စီနှင့် ၎င်း၏ ပြည်သူ့စစ် တပ်ဖွဲ့ဝင်များသည် ဒရုန်းများအသုံးပြုကာ ဖားကန့်ရှိ ဝရာဇွပ် ကျေးရွာအနီးသို့ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ အသက် ၅၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်သူ ကိုင်ဂျာသည် သူမ၏ သားဖြစ်သူနှင့်အတူ လယ်တောသို့ သွားသည့် လမ်းတွင် ဗုံးထိမှန်သေဆုံးခဲ့သည်။ | သေဆုံးသူ အမျိုးသမီး ၁ ဦး |
| ၂၅ ဇွန်လိုင် ၂၀၂၃ | ဆိုင်းခေါင်ရွာ (Sai Hkau) ၊ မူဆယ် | ဇူလိုင် ၂၅ ရက်နေ့တွင် မူဆယ်မြို့၊ နမ်အွမ် ၊ ဆိုင်းခေါင် နှင့် ကောင်ဝင်းကျေးရွာများ၌ TNLA နှင့် စစ်ကောင်စီ ခလရ ၁၂၃ တပ်ကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ ညနေပိုင်းတွင် စစ်ကောင်စီ၏ ရဟတ်ယာဉ်တစင်းမှ နမ်အွမ် နှင့် ဆိုင်းခေါင် ကျေးရွာပေါ်သို့ ဗုံးကြဲ တိုက်ခိုက်ခဲ့သည်။ အိုက်လော (၄၀ နှစ်) အမည်ရ ကျေးရွာသားတစ်ဦး ဗုံးထိမှန် သေဆုံးခဲ့သည်။ စစ်ကောင်စီ တပ်ဖွဲ့ဝင်များက အလောင်းကို ယူသွားခဲ့ရာ | သေဆုံးသူ အမျိုးသား ၁ ဦး |

| | | | |
|---|---|---|---|
| | | ဇူလိုင်လ ၃၁ ရက်နေ့တွင်မှ ဆွန်လွန် (Sun Lung) ကျေးရွာအနီး အလောင်းကို TNLA ယူနီဖောင်း ဝတ်လျက်သား ပြန်လည်တွေ့ရှိခဲ့သည်။ အနီးတွင် ဇူလိုင်လ ၂၅ ရက်နေ့က ဒီးမာ ရွာသို့ ကားဖြင့်ပြန်လာစဉ် စစ်ကောင်စီ တပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်းခံခဲ့ရသော ကချင် လူငယ်နှစ်ဦး၏ မီးရှို့ခံထားရသော အလောင်းများ ရှိနေသည်။ | |

## ၂။ အရပ်ဘက်နေရာများသို့ လက်နက်ကြီးများပစ်ခတ်ခြင်း

| ရက်စွဲ | တည်နေရာ | အသေးစိတ်အချက်အလက် | ထိခိုက်မှုဆုံးရှုံးမှု အရေအတွက် |
|---|---|---|---|
| ၃ မေ ၂၀၂၂ | လုံးခင်းကျေးရွာ၊ ဖားကန့် | ဗမာစစ်တပ် တပ်ဖွဲ့ဝင်များသည် မဖွပ်ယန် ကျေးရွာမှ လုံးခင်း ကျေးရွာသို့ လက်နက်ကြီးပစ်ခတ်ခဲ့ရာ အိမ်ဆိုင်တစ်ခုအတွင်းမှ အိမ်ပိုင်ရှင် မစ္စတာ ယုံးဝွေး (၅၀ နှစ်) နှင့် ဈေးဝယ်သူ မစ္စတာ မောင်မြင့် (၄၅ နှစ်) တို့ သေဆုံးခဲ့သည်။ | သေဆုံးသူ အမျိုးသား ၂ ဦး |
| ၁၆ ဇွန် ၂၀၂၂ | ကွန်ကျမ် (Kung Kyem) ရွာ၊ ကွတ်ခိုင် | KIA၊ PDF နှင့် စစ်ကောင်စီဘက်မှ ခလရ ၁၂၃ တို့သည် ကွတ်ခိုင်မြို့ ကွန်ကျမ် (Kung Kyem) ရွာအနီးတွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ လက်နက်ကြီး ကျည်ဆန်သည် ရွာအနီးသို့ ကျသွားခဲ့ပြီး ကျေးရွာသူရွာသားပေါင်း ၃၀၀ ကျော်မှာ ကွတ်ခိုင်မြို့ရှိ တောင်တန်း ဘုန်းကြီးကျောင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ တစ်ပတ်အကြာတွင် ၎င်းတို့အားလုံး နေအိမ်ပြန်ခဲ့ကြသည်။ | |
| ၁၇ ဇွန် ၂၀၂၂ | ဂါလျန် (Ga Leng) IDP စခန်း၊ ကွတ်ခိုင် | တိုက်ပွဲများမရှိသော်လည်း ကွတ်ခိုင် အခြေစိုက် ခလရ ၄၅ မှ စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ကွတ်ခိုင်ရှိ ဂါလျန် (Ga Leng) IDP စခန်းသို့ လက်နက်ကြီး ပစ်ခတ်ခဲ့သဖြင့် အသက် ၅၆ နှစ်အရွယ် ဖောင်ဂန်နန်လိုင် ဆိုသူ အမျိုးသမီး တစ်ဦးနှင့် သူမ၏ သမီးဖြစ်သူ ဒေါင်းနော (၂၈ နှစ်) သေဆုံးခဲ့သည်။ အမျိုးသား တစ်ဦးဖြစ်သူ လှအောင်(၇၀ နှစ်) မှာ ခြေထောက်နှင့် ပခုံးတို့တွင် ဒဏ်ရာရရှိခဲ့သည်။ | သေဆုံးသူ အမျိုးသမီး ၂ ဦး၊ ဒဏ်ရာရသူ အမျိုးသား ၁ ဦး |
| ၃ ဇူလိုင် ၂၀၂၂ | ဆိုင်းဖရာကျေးရွာ၊ ဖားကန့် | နမ်ယာကျေးရွာတွင် တပ်စွဲထားသည့် စစ်ကောင်စီ ပြည်သူ့စစ် သည် ဖားကန့်မြို့ ဆိုင်းဖရာ ကျေးရွာအနီးသို့ လက်နက်ကြီး နှစ်ကြိမ် ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးသည် ဦးနိုင်၏ အိမ်အနီးတွင် ကျခဲ့ပြီး ကားတစ်စီး ပျက်စီးခဲ့သည်။ | |

| | | | |
|---|---|---|---|
| ၃ ဇူလိုင် ၂၀၂၂ | ၅ မိုင်ရွာ၊ ဟိုပင်၊ မိုးညှင်းမြို့ နယ် | ခမရ ၅၂၁ မှ စစ်ကောင်စီ တပ်ဖွဲ့ဝင် များသည် ဟိုပင် ရှိ ၅ မိုင်ကျေးရွာတွင် ရွာထဲ၌ PDF များ နေသည်ဟုဆိုကာ လက်နက်ကြီးပစ်ခဲ့၍ အိမ်ထောင်စု နှစ်စုမှ နွား ၂ ကောင် သေဆုံးခဲ့သည်။ | |
| ၁၁ ဇူလိုင် ၂၀၂၂ | နန်ဇော်ယန် ကျေးရွာ၊ ပိုင်းမောင် | ဇူလိုင် ၁၀ ရက်နေ့တွင် KIA သည် ပိုင်းမော်ရှိ နန်ဇော်ယန်ကျေးရွာ နန်ဇော်တောင်၌ ဗမာစစ်တပ်နှင့် လီဆူပြည်သူ့စစ်အဖွဲ့တို့ကို တိုက်ခိုက်ခဲ့သည်။ ဇူလိုင် ၁၁ ရက်နေ့တွင် စစ်တပ်သည် KIA ကို တိုက်ခိုက်ရန် တိုက်လေယာဉ်နှစ်စင်း သုံးခဲ့သည်။ ထိုနေ့၌ စစ်ကောင်စီ၏ ခလရ ၅၈ က ပိုင်းမော်မှ နန်ဇော်ယန်ကျေးရွာသို့ လက်နက်ကြီး ၁၀ ကြိမ် ပစ်ခတ်ခဲ့သည်။ ကံကောင်း ထောက်မစွာဖြင့် မည်သူမျှ ထိခိုက်ခြင်း မရှိသော် လည်း ရွာသူရွာသား ၅၀ ခန့်သည် မိုင်နား IDP စခန်းနှင့် ပိုင်းမော်ရှိ ၎င်းတို့၏ ဆွေမျိုးများဆီသို့ ထွက်ပြေးခိုလှုံခဲ့ကြ ရသည်။ | |
| ၂၈ ဇူလိုင် ၂၀၂၂ | နမ့်ဖက်လွန်၊ ကွတ်ခိုင် | ညနေ ၃ နာရီခန့်တွင် တပ်မ ၉၉ မှ စစ်ကောင်စီတပ်ဖွဲ့ဝင် ၃၀ ခန့်သည် ကွတ်ခိုင်မြို့ နမ့်ဖက်လွန်၊ ရွာသို့ ဝင်လာ ခဲ့သည်။ ထိုအချိန်တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များမှ မန်လွယ်ကျေးရွာမှ နမ့်ဖက်လွန်၊ ရွာထဲသို့ လက်နက်ကြီး ၂ ကြိမ် ပစ်ခဲ့သည်။ ၈ နှစ်အရွယ် ခမ်းဂေါင် ခေါ် ယောကျ်ားလေး ငယ်တစ်ဦး ကျောင်းမှ ပြန်လာစဉ် ဘယ်ဘက်လက်တွင် ဒဏ်ရာရခဲ့သည်။ | ဒဏ်ရာရသူ ယောကျ်ားကလေး ငယ် ၁ ဦး |
| ၆ စက်တင်ဘာ ၂၀၂၂ | မော်ဟစ် ကျေးရွာ၊ ကွတ်ခိုင် | ည ၈ နာရီခန့်တွင် KIA တပ်ဖွဲ့ဝင်များသည် ကွတ်ခိုင် အာရှဝေါလ် အကောက်ခွန်ဂိတ်အနီး ရောက်ရှိခဲ့ သည်။ ထိုအချိန်တွင် ကွတ်ခိုင်မြို့ရှိ စစ်ကောင်စီ၏ ခလရ ၄၅ သည် ကွတ်ခိုင်မြို့ မော်ဟစ်ကျေးရွာထဲသို့ လက်နက်ကြီး ပစ်ချ ခဲ့သောကြောင့် ပြည့်ဖြိုးလင်း ဆိုသူ အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး အခြား ၄ ဦး ဒဏ်ရာရခဲ့သည်။ ဒဏ်ရာ ရသူများ ထဲတွင် အသက် ၇၀ အရွယ်အမျိုးသမီးတစ်ဦးမှာ ပေါင်တွင် ထိခိုက်ခဲ့ပြီး ၇ နှစ်အရွယ် မိန်းကလေးနှင့် ၁၁ နှစ်အရွယ် ယောကျ်ားလေးတို့မှာ ကျောဘက်တွင် ဒဏ်ရာရှိခဲ့ပြီး ၃ နှစ်အရွယ် ယောကျ်ားလေးတစ်ဦး၏ ခြေသလုံးတွင် ဒဏ်ရာရရှိခဲ့သည်။ | သေဆုံးသူ အမျိုးသား ၁ ဦး၊ ဒဏ်ရာရသူ အမျိုးသမီး ၁ ဦး၊ မိန်းကလေးငယ် ၁ ဦးနှင့် ယောကျ်ားလေး ငယ် ၂ ဦး |
| ၂၂ စက်တင်ဘာ ၂၀၂၂ | မိုးစစ်ရွာ၊ ရွှေကူ | စက်တင်ဘာ ၂၂ ရက်နေ့တွင် PDF တပ်ဖွဲ့ဝင်များသည် ရွှေကူမြို့ ကျွန်းတော ရွာရှိ စစ်ကောင်စီ စစ်သဘော်များကို တိုက်ခိုက်ခဲ့သည်။ ညနေ ၃ နာရီခန့်အချိန်တွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ၎င်းတို့သဘော်မှ မိုးစစ် (Moe Sit) ရွာဘက်သို့ အကြိမ်ပေါင်းများစွာ လက်နက်ကြီး ပစ်ခတ် | သေဆုံးသူ ယောကျ်ားလေးငယ် ၁ ဦး |

| | | | |
|---|---|---|---|
| | | ခဲ့သည်။ ထိုအချိန်တွင် ဇွဲနိုင်ဝင်း ဆိုသူ ယောကျ်ားလေးငယ် တစ်ဦးသည် ရွာပြင်တွင် နွားကျောင်းနေရာမှ ပြေးပုန်းရန် ကြိုးစားသော်လည်း လက်နက်ကြီးထိမှန်ကာ သေဆုံးခဲ့သည်။ | |
| ၁ အောက်တိုဘာ ၂၀၂၂ | ကွတ်ခိုင်မြို့ပြင် | စက်တင်ဘာ ၂၉ ရက်နေ့တွင် KIA နှင့် စစ်ကောင်စီ တပ်ဖွဲ့ဝင်များ အကြား နမ္မတူမြို့ ဆင်လီကောင်ရာ ကျေးရွာ အနီး တိုက်ပွဲဖြစ်ပွားခဲ့သည်။ အောက်တိုဘာ ၁ ရက်နေ့တွင် KIA နှင့် PDF တို့သည် ကွတ်ခိုင် အဝေးပြေး လမ်းမပေါ်တွင် စစ်ကောင်စီ ကားနှစ်စီးကို တိုက်ခိုက် ခဲ့သည်။ ထိုအချိန်တွင် ကွတ်ခိုင်မြို့ စစ်ကောင်စီ၏ ခလရ ၄၅ မှ ကွတ်ခိုင်မြို့ပြင် ဘက်သို့ လက်နက်ကြီး ပစ်ခတ်ခဲ့သည်။ အနည်းဆုံး နွား ၅ ကောင် သေဆုံးခဲ့သည်။ | |
| ၂၅ အောက်တိုဘာ ၂၀၂၂ | မုံးပေါ် ကျေးရွာ၊ မူဆယ် | အောက်တိုဘာ ၂၅ ရက်နေ့တွင် KIA နှင့် MNDAA တို့သည် မူဆယ်မြို့နယ် ဟိုးဝါး ကျေးရွာအနီးတွင် စစ်ကောင်စီ၏ တပ်မ ၉၉ တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့သည်။ ထိုအချိန်တွင် မုံးပေါ်ရွာ မိုင်ဖန် စခန်းမှ စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့နယ်ရှိ မုံးပေါ်ကျေးရွာသို့ လက်နက်ကြီး ၁၀ ကြိမ်ခန့် ပစ်ခတ်ခဲ့သောကြောင့် ၃ ဦး ဒဏ်ရာရရှိခဲ့ သည်- လမိုင်နော်ဆန့် (၄၂ နှစ်) ဆိုသူ အမျိုးသားတစ်ဦး၏ ရင်ဘတ်တွင် ဒဏ်ရာရှိခဲ့ပြီး ဒိုင်နန်း (၁၈ နှစ်) ဆိုသူ အမျိုးသမီးတစ်ဦး ဦးခေါင်းတွင် ဒဏ်ရာ ရရှိခဲ့ကာ ဂျန်မော်ဘောက်ဆန် (၄၀ နှစ်) ဆိုသူ အမျိုးသမီး၏ ဝမ်းဗိုက်တွင် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ | ဒဏ်ရာရရှိသူ အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၂ ဦး |
| ၂၆ အောက်တိုဘာ ၂၀၂၂ | ၅ မိုင်ကျေးရွာ၊ ဗန်းမော် | အောက်တိုဘာ ၂၂ ရက်နေ့တွင် စစ်ကောင်စီတပ်ဖွဲ့ဝင် များသည် မိုးမောက်ရှိ KIA ၏ လုံဂျာ  စခန်းကို စတင် တိုက်ခိုက်ခဲ့သည်။ အောက်တိုဘာ ၂၆ ရက်နေ့ မွန်းလွဲ ၁ နာရီခွဲခန့်တွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ဗန်းမော်လေတပ်စခန်းမှ ၅ ဗန်းမော်ရှိ ၅ မိုင်ကျေးရွာသို့ လက်နက်ကြီးပစ်ခတ် ခဲ့သည်။ သန်းဝင်း (၄၁ နှစ်) ဆိုသူ အမျိုးသမီးတစ်ဦး သည် သူမ၏ လယ်တွင် အလုပ်လုပ် နေစဉ် သေဆုံးခဲ့ သည်။ | သေဆုံးသူ အမျိုးသမီး ၁ ဦး |
| ၂၉ အောက်တိုဘာ ၂၀၂၂ | ခါနန် ရပ်ကွက် မိုးမောက် | မိုးမောက် ခမရ ၄၃၇ မှ စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် မိုးမောက်မြို့ ခါနန်ရပ်ကွက်သို့ လက်နက်ကြီး ပစ်ခတ် ခဲ့သည်။ မြတ်နိုးဆိုသူ မိန်းကလေးငယ်တစ်ဦး လက်မောင်းတွင် ဒဏ်ရာရခဲ့ ပြီး သန်းအေး (၆၀ နှစ်) ဆိုသူ အမျိုးသမီးတစ်ဦး ပေါင်တွင် ဒဏ်ရာရခဲ့ပြီး ခင်မောင်လတ် | ဒဏ်ရာရရှိသူ အမျိုးသမီး ၁ ဦး၊ မိန်းကလေးငယ် ၁ ဦးနှင့် အမျိုးသား ၁ ဦး |

| | | | |
|---|---|---|---|
| | | (၃၃ နှစ်) ဆိုသူ အမျိုးသားတစ်ဦး လက်မောင်းတွင် ဒဏ်ရာ ရရှိခဲ့သည်။ | |
| ၃၀ အောက်တိုဘာ ၂၀၂၂ | မုန်လိုင်ခက် ကျေးရွာ၊ ပိုင်းမော် | စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် လိုင်ဇာအနီးရှိ ဂျေယန် IDP စခန်းနားမှ မုန်လိုင်ခက် ကျေးရွာသို့ လက်နက်ကြီး ပစ်ခတ်ခဲ့သည်။ | |
| ၃ နိုဝင်ဘာ ၂၀၂၂ | ကချင်ဓမ္မတက္ကသိုလ်၊ ကွတ်ခိုင် | ည ၈ နာရီ ၂၅ မိနစ်အချိန်တွင် တိုက်ပွဲများမရှိသော် လည်း ကွတ်ခိုင် ခလရ ၄၅ မှ စစ်ကောင်စီ တပ်ဖွဲ့ဝင် များသည် ကချင်ဓမ္မတက္ကသိုလ်ထဲသို့ လက်နက်ကြီး ပစ်ခတ်ခဲ့သဖြင့် ကျောင်းသား ၄ ဦး ဒဏ်ရာရခဲ့ သည်။ ဒွဲလာ သည် ခြေထောက်တွင် ထိခိုက်ဒဏ်ရာ ရှိခဲ့ပြီး အင်ဒေါင်အောင်ဆန်း သည် လည်ပင်းနှင့် ကျောတို့တွင် ဒဏ်ရာရရှိခဲ့သည်။ အင်ခွမ်ဆွတ်ရိန်အောင် သည် နားရွက်တွင် ဒဏ်ရာရခဲ့ပြီး ဆွမ်လွတ်ဘရန်ဆန် သည် ခြေထောက်တွင် ဒဏ်ရာရခဲ့သည်။ | ဒဏ်ရာရသူ အမျိုးသား ၄ ဦး |
| ၆ နိုဝင်ဘာ ၂၀၂၂ | မိုင်ဂျာယန်၊ မိုးမောက် | စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ၎င်းတို့အခြေစိုက်သည့် ဇင်းလွမ်း စခန်းမှ မိုင်ဂျာယန်ဒေသသို့ လက်နက်ကြီး ပစ်ခတ်ခဲ့သည်။ ကျည်များသည် မိုင်ဂျာယန်ကို ဦးတည်သော လမ်းပေါ်ရှိ ရွာသားတစ်ဦး၏ အိမ်နောက်ဖက်တွင် ကျခဲ့သည်။ | |
| ၁၁ နိုဝင်ဘာ ၂၀၂၂ | ခါနန် ရပ်ကွက်၊ မိုးမောက် | ခမရ ၄၃၇ မှ စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် မိုးမောက်မြို့ ခါနန် ရပ်ကွပ်ထဲသို့ လက်နက်ကြီး ပစ်ခတ်ခဲ့ရာ(၂၂ နှစ်) ဆိုသူ အမျိုးသားတစ်ဦး၏ ခြေထောက်များတွင် ဒဏ်ရာ အပြင်းအထန် ရရှိခဲ့ကာ ဗန်းမော်ပြည်သူ့ဆေးရုံတွင် ကုသခဲ့ရသည်။ ထိုနေ့တွင် စစ်တပ်သည် မိုးမောက်မြို့ရှိ ခါနန်ရပ်ကွက်ထဲမှ နေအိမ် ၂ လုံးကို မီးရှို့ခဲ့သည်။ | ထိခိုက်ဒဏ်ရာရသူ အမျိုးသား ၁ ဦး |
| ၂၂ နိုဝင်ဘာ ၂၀၂၂ | ဝိန်းဆိုင်ရွာ၊ မုံးကိုးမြို့နယ်ခွဲ၊ မူဆယ် | တိုက်ပွဲများမရှိသော်လည်း ည ၁၁ နာရီအချိန်တွင် မန်ကန်တောင် တပ် ၉၉ မှ စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် ဝိန်းဆိုင် ရွာထဲသို့ လက်နက်ကြီး ပစ်ခတ်ခဲ့ရာဆိုသူ အမျိုးသမီးတစ်ဦး၏ ကျောဘက်နှင့် ခြေထောက်များတွင် ထိခိုက်ဒဏ်ရာရခဲ့ပြီး မူဆယ်ပြည်သူ့ဆေးရုံတွင် ဆေး ကုသခဲ့ရသည်။ | ထိခိုက်ဒဏ်ရာရရှိသူ အမျိုးသမီး ၁ ဦး |
| ၂၃ နိုဝင်ဘာ ၂၂ | ဆိုင်းတောင်ကျေးရွာ၊ ဖားကန့် | ညနေ ၆ နာရီခန့်တွင် တပ်မ ၃၃ မှ စစ်ကောင်စီ တပ်ဖွဲ့ ဝင်များသည် ဆိုင်းတောင်ရွာမှ တောင်ကော်ရပ်ကွက် သို့ လက်နက်ကြီးပစ်ခတ်ခဲ့သည်။ အသက် ၃၁ နှစ်အရွယ် အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး ၅၉ နှစ်အရွယ် နှင့် ကိုဦး ဆိုသူ အမျိုးသားနှစ်ဦးမှာ ကျောဘက်တွင် ဒဏ်ရာ ရရှိခဲ့ သည်။ ရွာသူရွာသား ၁၅၀ ခန့်သည် ဆိုင်းတောင် KBC | သေဆုံးသူ အမျိုးသား ၁ ဦးနှင့် ဒဏ်ရာရသူ အမျိုးသား ၂ ဦး |

| | | | |
|---|---|---|---|
| | | ဘုရားကျောင်း၊ RC ဘုရားကျောင်းနှင့် ဘုန်းကြီးကျောင်းသို့ သွားရောက်ခိုလှုံခဲ့ရပြီး ၃ ရက်အကြာတွင် အိမ်ပြန်ခဲ့ကြသည်။ | |
| ၂၃ ဒီဇင်ဘာ ၂၀၂၂ | မဇွပ်ယန် နှင့် ဆန်ခါ ကျေးရွာ၊ ဖားကန့် | မဇွပ်ယန်အကျဉ်းထောင်မှ စစ်ကောင်စီတပ်ဖွဲ့သည် မဇွပ်ယန် KBC ဘုရားကျောင်းထဲသို့ လက်နက်ကြီး ပစ်ခတ်ခဲ့ရာ ဘုရားကျောင်း၏ ပြတင်းပေါက်များ၊ မီးဖိုဆောင်နှင့် ခန်းမတို့ ပျက်စီးခဲ့သည်။ စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ကျေးရွာထဲသို့လည်း လက်နက် ကြီးပစ်ခတ်ခဲ့သော်လည်း ကံကောင်းစွာဖြင့် မည်သူ မှ ထိခိုက်မှု မရှိခဲ့ပေ။ ထိုနေ့တွင် စစ်ကောင်စီသည် ဖားကန့်မြို့ ဆန်ခါကျေးရွာရှိ KBC ဘုရားကျောင်းကို လည်း လက်နက်ကြီး ပစ်ခတ်ခဲ့ရာ ဘုရားကျောင်း ဘေးသို့ ကျခဲ့ပြီး ကံကောင်းစွာဖြင့် မည်သူမှ ထိခိုက်မှုမရှိခဲ့ပေ။ | |
| ၃၀ ဒီဇင်ဘာ ၂၀၂၂ | ဆန်ခါ ကျေးရွာ၊ ဖားကန့် | စစ်ကောင်စီသည် မဇွပ်ယန် အကျဉ်းထောင်မှ ဆန်ခါ ကျေးရွာရှိ RC ဘုရားကျောင်းသို့ လက်နက်ကြီး ပစ်ခတ်ခဲ့မှုကြောင့် အသက် ၅၂ နှစ်အရွယ် ဂျတ်နော် ဆိုသူ အမျိုးသားတစ်ဦး သေဆုံး ခဲ့ပြီး အခြား ၅ ဦး ထိခိုက် ဒဏ်ရာ ရခဲ့သည်။ ၎င်း၏ ၁၃ နှစ်အရွယ် သားဖြစ်သူမှာ ခြေထောက်နှင့် ပေါင်တွင် ထိခိုက်ခဲ့ပြီး ၆ နှစ်အရွယ် ဂျာဆိုင်းထွယ် ဆိုသူ မိန်းကလေးငယ်မှာ ညာဘက် ခြေထောက်တွင် ထိခိုက်ခဲ့သည်။ အမျိုးသမီး ၃ ဦးဖြစ်သူ ခေါ်နန် (၂၀ နှစ်)၊ ဂျာဘောက် (၃၅ နှစ်)နှင့် ဆိုင်းမိုင် (၂၉ နှစ်) တို့သည်လည်း ခြေထောက်များတွင် ဒဏ်ရာရခဲ့သည်။ ထိုအမျိုးသမီးများမှာ တနင်္ဂနွေအသင်း ဆရာမများဖြစ်ပြီး သေဆုံးသူ အမျိုးသားနှင့် ဒဏ်ရာရခဲ့သည့် ကလေး ၃ ဦးမှာ ဒီဇင်ဘာ ၅ ရက်နေ့တွင် ၎င်းတို့ကျေးရွာအတွင်း KIA နှင့် စစ်ကောင်စီတို့ တိုက်ပွဲဖြစ်သောကြောင့် မော်ဘုံကျေးရွာမှ တိမ်းရှောင်လာသော IDP များ ဖြစ်ကြသည်။ | သေဆုံးသူ အမျိုးသား ၁ ဦး၊ ဒဏ်ရာရသူ အမျိုးသမီး ၃ ဦး၊ ယောကျ်ားလေးငယ် ၁ ဦးနှင့် မိန်းကလေး ငယ် ၁ ဦး |
| ၂ ဇန်နဝါရီ ၂၀၂၃ | ဆန်ခါကျေးရွာ၊ ဖားကန့် | နံနက် ၁၀ နာရီခန့်တွင် စစ်ကောင်စီသည် မဇွပ်ယန် အကျဉ်းထောင်မှ ဆန်ခါ ကျေးရွာသို့ လက်နက်ကြီး ပစ်ခတ်ခဲ့သဖြင့် အိမ်ပေါ်တွင် ထိုင်နေသော အသက် ၃၅ နှစ်အရွယ် ဆိုသူ အမျိုးသားတစ်ဦး၏ ပခုံးနှင့် ကျောဘက်တွင် ဒဏ်ရာရရှိခဲ့သည်။ | ဒဏ်ရာရသူ အမျိုးသား ၁ ဦး |
| ၂၇ ဇန်နဝါရီ ၂၀၂၃ | နန့်ရင်း ကျေးရွာ၊ မိုးညှင်း | မိုးညှင်းမြို့နယ်ရှိ ဗမာစစ်တပ် ခလရ ၄၀ သည် နန့်ရင်း ကျေးရွာအပြင်ဘက်တွင် လက်နက်ကြီး ရမ်းသမ်းပစ်ခတ်ခဲ့သောကြောင့် လယ်ထဲတွင် အလုပ်လုပ်နေသော အသက် ၁၉ နှစ်အရွယ် | သေဆုံးသူ ယောကျ်ားလေး ၁ ဦး၊ ဒဏ်ရာရသူ အမျိုးသမီး ၁ ဦး |

| | | | |
|---|---|---|---|
| | | ယောက်ျားလေးတစ်ဦး သေဆုံးခဲ့ပြီး ၎င်း၏ အသက် ၅၀ အရွယ် မိခင်ဖြစ်သူ၏ ခြေထောက်များလည်း ဒဏ်ရာအပြင်းအထန် ရရှိခဲ့သည်။ | |
| ၂ ဖေဖော်ဝါရီ ၂၀၂၃ | မဖွပ်ယန်ရွာ၊ ဖားကန့် | မဖွပ်ယန်မှ စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် မဖွပ်ယန် ကျေးရွာတွင်းသို့ လက်နက်ကြီး ရမ်းသမ်းပစ်ခတ်ခဲ့ခြင်းကြောင့် နေအိမ်တစ်လုံး ပျက်စီးခဲ့သော်လည်း ကံကောင်းစွာဖြင့် မည်သူမျှ ထိခိုက်မှုမရှိခဲ့ပေ။ | |
| ၂၄ ဖေဖော်ဝါရီ ၂၀၂၃ | မဖွပ်ယန်ရွာ၊ ဖားကန့် | နံနက် ၈ နာရီခန့်တွင် တိုက်ပွဲများမရှိသော်လည်း စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် မဖွပ်ယန်အကျဉ်းထောင်မှ မဖွပ်ယန်ကျေးရွာထဲသို့ လက်နက်ကြီးပစ်ခဲ့သည်။ ၂၅ နှစ် အရွယ်ဂျားဂျား ဆိုသူ အမျိုးသမီး၏ ဝမ်းဗိုက်တွင် ဒဏ်ရာအပြင်းအထန် ရရှိခဲ့ပြီး ဖားကန့်ဆေးရုံတွင် ဆေးကုသခဲ့ရသည်။ | ဒဏ်ရာရသူ အမျိုးသမီး ၁ ဦး |
| ၂၄ ဖေဖော်ဝါရီ ၂၀၂၃ | ဖွပ်ဂျာရွာ၊ မံစီ | ဗန်းမော်မြို့မှ စစ်ကောင်စီ တပ်ဖွဲ့ဝင် ၈၀ ခန့်သည် လွန်ခဲ့သော ၄ ရက်ခန့်က KIA နှင့် PDF တို့နှင့် တိုက်ပွဲဖြစ်ရာ လိုင်ကာကျေးရွာသို့ ရောက်ရှိလာခဲ့ သည်။ ထို့နောက် စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် အနီးဆုံးရှိသည့် ဖွပ်ဂျာရွာထဲသို့ လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်ခဲ့သောကြောင့် မိတုံနန် ဆိုသူ အမျိုးသားတစ်ဦး၏ နေအိမ် ပျက်စီးသွားခဲ့သည်။ | |
| ၅ မတ် ၂၀၂၃ | ရေလှဲ ရွာ၊ ရွှေကူ | စစ်ကောင်စီတပ်ဖွဲ့သည် ရွှေကူရဲစခန်းမှ ရေလှဲရွာထဲသို့ လက်နက်ကြီးပစ်ခတ်မှုကြောင့် ကျေးရွာသူရွာသား ၇ ဦး ထိခိုက်ခဲ့သည်။ ထိုထဲတွင် ပေါင်တွင် ဒဏ်ရာရခဲ့သူ မစ္စတာ ဒေးဗစ်၊ လက်မောင်းနှင့် ခြေထောက်များတွင် ထိခိုက်ခဲ့သူ ကိုဇော်နှင့် တင်ပါးတွင် ဒဏ်ရာရခဲ့သူ ကိုထက်တို့ လည်း ပါဝင်သည်။ | ထိခိုက်ဒဏ်ရာရသူ ရွာသူရွာသား ၇ ဦး |
| ၈ ဇူလိုင် ၂၀၂၃ | ရှဒူးဇွပ် ရွာ၊ ဖားကန့် | နံနက် ၄ နာရီတွင် ဖားကန့်မြို့နယ် ရှဒူးဇွပ် ရွာတွင် မင်းဇင်သန့်ဦးဆောင်သော စစ်ကောင်စီမဟာမိတ် ပြည်သူ့စစ် အဖွဲ့အား KIA မှ တိုက်ခိုက်ခဲ့သည်။ ထို့ နောက် စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် ကျေးရွာအ တွင်းသို့ လက်နက်ကြီး ရမ်းသမ်းပစ်ခတ်ခဲ့ခြင်း ကြောင့် ရွာသူရွာသား တစ်ဦး သေဆုံးခဲ့ပြီး ၈ ဦး (အမျိုးသမီး ၃ ဦး၊ အမျိုးသား ၅ ဦး) ဒဏ်ရာရခဲ့ သည်။ ကျေးရွာထဲရှိ KBC ဘုရားကျောင်းသည်လည်း လက်နက်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည်။ | သေဆုံးသူ ရွာသူရွာသား ၁ ဦး၊ ထိခိုက်ဒဏ်ရာ ရသူ အမျိုးသမီး ၃ ဦးနှင့် အမျိုးသား ၅ ဦး |

| | | | |
|---|---|---|---|
| ၉ ဇူလိုင် ၂၀၂၃ | နမ့်ဖိုင်ရွာ၊ ကွတ်ခိုင် | ဇူလိုင် ၉ ရက်နေ့တွင် MNDAA နှင့် TNLA တပ်ဖွဲ့ဝင်များသည် ကွတ်ခိုင်မြို့ မန်ပင်း (Man Pyin) ကျေးရွာ၌ စစ်ကောင်စီနှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ညနေပိုင်း တွင် နမ့်ဖတ်ကာမှ ခလရ ၁၂၃ မှ စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် နမ့်ဖိုင် ရွာထဲသို့ လက်နက်ကြီး ၃ ကြိမ် ပစ်ခတ်ခဲ့သဖြင့် အသက် ၂၃ နှစ်အရွယ် ခန်းဒါဘောက် ဆိုသူ အမျိုးသမီး၏ နား၊ ခြေထောက်များ၊ လက်နှင့် ခန္ဓာကိုယ်တွင် ထိခိုက်ခဲ့ပြီး သူမ၏ ၉ နှစ်အရွယ် ညီမဖြစ်သူ ခန်းဒါဆိုင်း ၏ မျက်နှာနှင့် ခန္ဓာကိုယ်တွင်လည်း ထိခိုက် ဒဏ်ရာ ရခဲ့သည်။ | ဒဏ်ရာရသူ အမျိုးသမီး ၁ ဦးနှင့် မိန်းကလေးငယ် ၁ ဦး |
| ၁၈ ဇူလိုင် ၂၀၂၃ | နမ့်ဖတ်ကာရွာ၊ ကွတ်ခိုင် | ဇူလိုင် ၁၈ ရက်နေ့တွင် KIA ၏ တပ်ရင်း ၉ စခန်းအနီးတွင် တပ်မ ၈၈ နှင့် တပ်မ ၉၉ မှ စစ်ကောင်စီ တပ်ဖွဲ့ဝင်များနှင့် KIA တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ နမ့်ဖတ်ကာ အခြေစိုက် ခလရ ၁၂၃ မှ စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် နမ့်ဖတ်ကာ ရွာထဲသို့ လက်နက်ကြီး ပစ်ခတ်ခဲ့သဖြင့် ရွာသူရွာသား ၅ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ ၄၇ နှစ်အရွယ် အမျိုးသမီး တစ်ဦး၏ ရင်ဘတ်တွင် ထိခိုက်ခဲ့ပြီး ၂၁ နှစ်အရွယ် အခြားအမျိုးသမီးတစ်ဦး ၏ တင်ပါးတွင် ဒဏ်ရာရခဲ့သည်။ ၁၅ နှစ်အရွယ် အိုက်ငူ ဆိုသူ ယောက်ျားလေး၏ ကျောဘက်၊ အသက် ၁၆ နှစ်အရွယ် နော်ပါ ဆိုသူ ယောက်ျားလေးနှင့် ၉ နှစ်အရွယ် အခြားယောက်ျားလေးတို့၏ လက်နှင့် ရင်ဘတ် တို့တွင်လည်း ဒဏ်ရာအသီးသီး ရရှိခဲ့သည်။ | ထိခိုက်ဒဏ်ရာရသူ အမျိုးသမီး ၂ ဦးနှင့် ယောက်ျားလေး ၃ ဦး |

## ၃။ အရပ်သားများကို မတရားပစ်ခတ်ခြင်း

| ရက်စွဲ | တည်နေရာ | အသေးစိတ်အချက်အလက် | ထိခိုက်မှုဆုံးရှုံးမှု အရေအတွက် |
|---|---|---|---|
| ၁ ဇွန် ၂၀၂၂ | နောင်းမီရွာ၊ တနိုင်း | ဒွမ်ဘန် နှင့် နောင်းမီကျေးရွာကြား လမ်းတစ်လျှောက် တွင် လမ်းလျှောက်ချီတက်လာသော ခမရ ၃၉၀ မှ စစ်ကောင်စီတပ်ဖွဲ့ဝင် ၇၀ ခန့်ကို KIA မှ တိုက်ခိုက် ခဲ့သည်။ တစ်နာရီခန့်အကြာတွင် နောင်းမီကျေးရွာက ၄၀ အရွယ် မစ္စတာယော်ထုန် နှင့် မစ္စတာ ဂမ်ရောင် တို့သည် လယ်ထဲတွင် အလုပ်လုပ်နေစဉ် အတွင်း စစ်သားများကို တွေ့သဖြင့် ပြေးပုန်းခဲ့ သည်။ စစ်သားများက ၎င်းတို့အား ပစ်ခတ်ခဲ့သဖြင့် မစ္စတာ | ဒဏ်ရာရသူ အမျိုးသား ၁ ဦး |

| | | | |
|---|---|---|---|
| | | ယော်ထုန်၏ ညာဘက်ပခုံးတွင် အပြင်း အထန် ဒဏ်ရာရှိခဲ့သည်။ | |
| ၁၁ ဇူလိုင် ၂၀၂၂ | ဟန်ထက်ရွာ၊ မံစီ | စစ်သားများနှင့် ရိက္ခာများ သယ်ဆောင်လာသော စစ်ကောင်စီ ကားနှစ်စီးအား မံစီမြို့ ဟန်ထက် ရွာတွင် KIA မှ တိုက်ခိုက်ခဲ့သည်။ စစ်သားများမှ နေရာအနှံ့ ပစ်ခတ်မှုများ ပြုလုပ်ခဲ့သောကြောင့် လယ်ထဲတွင် အလုပ်လုပ်နေသည့် အသက် ၄၀ အရွယ် ကိုနိုင်ဆိုသူ အမျိုးသားတစ်ဦး၏ ကျောထိမှန် ဒဏ်ရာ ရခဲ့သည်။ | ဒဏ်ရာရသူ အမျိုးသား ၁ ဦး |
| ၁၉ ဇူလိုင် ၂၀၂၂ | တာလောကြီး ရွာ၊ ဝိုင်းမော် | တာလောကြီး ကျေးရွာမှ ၃၃ နှစ်အရွယ် အမျိုးသားတစ်ဦးသည် သူငယ်ချင်းအိမ်မှ အပြန် စစ်ကောင်စီ ပြည်သူ့စစ်၏ ပစ်ခတ်ခြင်း ခံခဲ့ရသည်။ ၎င်းတို့သည် ထိုအမျိုးသား၏ ဆိုင်ကယ်ကို ရပ်ရန် အော်ခဲ့ရာ ဆိုင်ကပ်မရပ်ခဲ့သောကြောင့် သေနတ်ဖြင့် ပစ်ခဲ့၍ ဆီးအိမ်တွင် ဒဏ်ရာရခဲ့သည်။ တစ်နာရီအကြာတွင် ဇနီးဖြစ်သူရောက်ရှိလာကာ ၎င်းအား မြစ်ကြီးနား တပ်မတော်ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း ဆေးရုံရောက်ပြီးနောက် သေဆုံးခဲ့သည်။ ပြည်သူ့စစ်မှ လျော်ကြေးငွေအဖြစ် ၎င်း၏ မိသားစုအား ကျပ်ငွေ ၈ သိန်း ပေးခဲ့သည်။ | သေဆုံးသူ အမျိုးသား ၁ ဦး |
| ၁၀ ဩဂုတ် ၂၀၂၂ | ဆယ်ဇင်းရွာ၊ ဖားကန့် | ရွာသား ၁ ဦးနှင့် ၎င်း၏ ဇနီးဖြစ်သူတို့သည် စစ်ကောင်စီနှင့် KIA ကြား တိုက်ပွဲများကြောင့် တိမ်းရှောင်ရန် ခိုလှုံရာနေရာသို့ သွားနေစဉ် စစ်ကောင်စီ စစ်သားတစ်ဦးက ရဲစခန်းအတွင်းမှ သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် အမျိုးသား၏ ဦးခေါင်းကို ထိမှန်ခဲ့ပြီး သေဆုံးခဲ့သည်။ | သေဆုံးသူ အမျိုးသား ၁ ဦး |
| ၆ စက်တင်ဘာ ၂၀၂၂ | နမ့်ဖက်လွန်၊ ရွာ၊ ကွတ်ခိုင် | ညနေ ၃ နာရီခန့်တွင် ကွတ်ခိုင်မြို့ ဟန်းကိုင် ကျေးရွာ အနီးတွင် KIA နှင့် စစ်ကောင်စီ တပ်ဖွဲ့ဝင်ကြား တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ထိုအချိန်တွင် ကွတ်ခိုင်မှ စစ်ကောင်စီ စစ်ကား အနည်းဆုံး ၅ စီး ဟန်ကိုင်ရွာသို့ ဝင်ရောက် လာခဲ့သည်။ နမ့်ဖက်လွန်၊ သို့ စစ်ကားများ မရောက်မီတွင် KIA ၏ ဗုံးခွဲတိုက်ခိုက်မှု ကို ခံခဲ့ရသည်။ ထို့နောက် စစ်ကောင်စီ တပ်ဖွဲ့ဝင်များ သည် နမ့်ဖက်လွန်၊ ကျေးရွာအတွင်း ရမ်းသမ်းပစ်ခတ်မှု ကြောင့် Lahtaw Roi ဆိုသူ အမျိုးသမီးတစ်ဦး ပခုံး နှစ်ဖက်တွင် ဒဏ်ရာရရှိခဲ့သည်။ | ဒဏ်ရာရသူ အမျိုးသမီး ၁ ဦး |

| | | | |
|---|---|---|---|
| ၁၈ စက်တင်ဘာ ၂၀၂၂ | မလိခမြစ်အနီး၊ မြစ်ကြီးနား | ည ၈ နာရီခွဲခန့်တွင် အသက် ၃၆ နှစ်အရွယ် မစ္စတာ လေမြေဒီး ဆိုသူ ရွာသားတစ်ဦးသည် မြစ်ချောင်းရှိ ၎င်း၏ ရွှေတူးရာတွင် အသုံးပြုသည့် လှေကို သွားရောက် စစ်ဆေးရန် အိမ်မှ ထွက်ခွာချိန်တွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်အချို့ကို တွေ့ရှိခဲ့သဖြင့် အိမ်တွင်းသို့ ပြန် ပြေးလာခဲ့သော်လည်း နောက်ကျော ကို သေနတ်ပစ်ခတ်ခံခဲ့ရပြီး အသတ်ခံခဲ့ရသည်။ စစ်သားများသည် နေအိမ်အတွင်း လုယက်ရှာဖွေမှု ပြုလုပ်ခဲ့ပြီး ခလှေ့ထုံးစံနှင့် ဆန့်ကျင်နေခြင်းကြောင့် အလောင်းကို မီးမရှို့ရန် ဇနီးဖြစ်သူမှ တောင်းပန်နေသည့် ကြားမှပင် စစ်သားများက အလောင်းအား မီးရှို့ခဲ့ကြသည်။ | သေဆုံးသူ အမျိုးသား ၁ ဦး |
| ၂၃ စက်တင်ဘာ ၂၀၂၂ | ကဝါးယန်ရွာ၊ မိုးကောင်း | ည ၇ နာရီခန့်တွင်ဂျိုးနန် ဆိုသူ စိတ်ကျန်းမာရေး ချို့တဲ့သော အမျိုးသမီးတစ်ဦး သည် ခမရ ၃၈၄ စစ်စခန်းအရှေ့ လမ်းလျှောက်လာစဉ် စစ်သားတစ်ဦးမှ သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ | သေဆုံးသူ အမျိုးသမီး ၁ ဦး |
| ၃ အောက်တိုဘာ ၂၀၂၂ | ဖားကန့် | ည ၉ နာရီခန့်တွင် အသက် ၂၅ နှစ်အရွယ် မရန်ဆိုင်းဂူ ဆိုသူ အမျိုးသားတစ်ဦးသည် ဖားကန့်မြို့ထဲ ဆိုင်ကယ်မောင်းနှင်လာစဉ် စစ်ကောင်စီ စစ်ကားများ ဆီဖြည့်နေသည်ကို တွေ့ပြီး ကြောက်လန့်သောကြောင့် ဆိုင်ကယ်မောင်း ပြေးခဲ့သည်။ သို့သော် တပ်မ ၃၃ မှ စစ်ကောင်စီ တပ်ဖွဲ့ဝင်များမှ သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ | သေဆုံးသူ အမျိုးသား ၁ ဦး |
| ၇ ဧပြီ ၂၀၂၃ | စီသာရွာ၊ ရွှေကူ | စီသာရွာမှ ရွာသားနှစ်ဦးဖြစ်သူ မစ္စတာ မြဒေး (၅၀ နှစ်) နှင့် မစ္စတာ မောင်ငွေ (၄၈ နှစ်) တို့သည် လယ်ထဲတွင် နွားများ အစာကျွေးနေစဉ်အတွင်း စစ်ကောင်စီ တပ်ဖွဲ့ဝင်များ ပစ်သတ်မှုကြောင့် သေဆုံးခဲ့သည်။ | သေဆုံးသူ အမျိုးသား ၂ ဦး |
| ၅ ဇွန် ၂၀၂၃ | ကွတ်ခိုင်မြို့အနီး | ၁၉ နှစ်အရွယ် အားငူ ဆိုသူ လူငယ်အမျိုးသား တစ်ဦးနှင့် ၎င်း၏ သူငယ်ချင်းများသည် မွေးနေ့ပွဲကျင်းပရန် နမ့်ဖက်ကာမှ ဆိုင်ကယ်ဖြင့် မောင်းနှင်လာကြသည်။ ကွတ်ခိုင် အာရှဝေါလ်ဂိတ်သို့ ရောက်သောအခါ စစ်ကောင်စီနှင့် ပြည်သူ့စစ် တပ်ဖွဲ့ဝင်များက ဆိုင်ကပ်ရပ်ရန် အော်ခဲ့သည်။ သို့ သော် ဆိုင်ကယ် ရပ်ချိန် မရခင်မှာပင် စစ်သားများမှ သေနတ်ဖြင့် ပစ်ခဲ့သည်။ အားငူ သည် ခြေထောက် တွင် ဒဏ်ရာ အပြင်းအထန်ရခဲ့ပြီး မန္တလေးဆေးရုံသို့ ပို့ဆောင် ခဲ့ရသည်။ | ဒဏ်ရာရသူ အမျိုးသား ၁ ဦး |

| | | | |
|---|---|---|---|
| ၈ ဇွန် ၂၀၂၃ | မိုင်းနောင်ရွာ၊ မိုးညှင်း | နံနက် ၁၁ နာရီအချိန်တွင် အသက် ၂၀ အရွယ် မစ္စတာ ပေါင်းဆားလတောင် သည် ၎င်း၏ သူငယ်ချင်း နှင့်အတူ အိမ်သို့ ပြန်နေစဉ် မိုင်းနောင်ရွာ စာသင်ကျောင်းရှေ့တွင် လုံးတုံရွာအနီး စခန်းချထားသော စစ်ကောင်စီ တပ်ဖွဲ့ဝင် အချို့နှင့် တွေ့ဆုံခဲ့သည်။ စစ်သားများမှ ၎င်းတို့အား စစ်ဆေးမေးမြန်းသောအခါ ပေါင်းဆားလတောင် ၏ သူငယ်ချင်းမှာ ထွက်ပြေးသောကြောင့် စစ်သားများက သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ | သေဆုံးသူ အမျိုးသား ၁ ဦး |
| ၃ ဇူလိုင် ၂၀၂၃ | နမ့်ဆန်ယန်ရွာ ပိုင်းမော် | ပိုင်းမော်မြို့ နမ့်ဆန်ယန်ကျေးရွာအနီး KIA နှင့် စစ်ကောင်စီ တပ်ဖွဲ့ကြား တိုက်ပွဲဖြစ်ပွားရာ စစ်ကောင်စီ ဘက်မှ ရွာအတွင်းသို့ လက်နက်ကြီးများ ပစ်ခတ် ခဲ့မှုကြောင့် ကျေးရွာသူရွာသားများ ထွက်ပြေးတိမ်းရှောင် ခဲ့ရသည်။ ရွာသားတစ်ဦးဖြစ်သူ မစ္စတာအောင်ခိုင် (၅၀ နှစ်) သည် ပြေးပုန်းနေစဉ် စစ်ကောင်စီ တပ်ဖွဲ့ဝင်များ က တံတားတစ်ခုပေါ်မှာ ပစ်ခတ်ခဲ့သောကြောင့် ဒဏ်ရာ ရရှိခဲ့သည်။ ထိုနေ့မှာပင် အသက် ၃၀ အရွယ် ကားသမား အမျိုးသားတစ်ဦးသည် ရွာထဲမှ ပိုင်းမော် သို့ ကားမောင်း ထွက်လာစဉ် စစ်ကောင်စီမှ သေနတ်ဖြင့် ပစ်ခတ် သောကြောင့် ဒဏ်ရာရရှိခဲ့သည်။ | ဒဏ်ရာရသူ အမျိုးသား ၂ ဦး |

## ၄။ မတရားဖမ်းဆီးခြင်း၊ ရွာသူရွာသားများကို လူသားဒိုင်းအဖြစ် အသုံးပြုခြင်း

| ရက်စွဲ | တည်နေရာ | အသေးစိတ်အချက်အလက်များ | ဖမ်းဆီးခံရသူ၊ ညှဉ်းပန်းနှိပ်စက်ခံရသူ၊ လူသားဒိုင်းအဖြစ် စေခိုင်းခံရသူဦးရေ |
|---|---|---|---|
| ၁ ဇွန် ၂၀၂၂ | နောင်းမီရွာ၊ တနိုင်း | မစ္စတာယော်ထုန် (၄၀ နှစ်) နှင့် မစ္စတာဂမ်ရှောင် (၄၀ နှစ်) တို့နှစ်ဦးသည် ၎င်းတို့ လယ်ထဲတွင် အလုပ်လုပ်နေစဉ် ခမရ ၃၉၀ မှ စစ်ကောင်စီ တပ်ဖွဲ့ဝင် ၇၀ ခန့်ကို တွေ့သောအခါ ပုန်းအောင်း ရန် ထွက်ပြေးခဲ့ကြသည်။ သို့သော်တပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့် မစ္စတာ ယော်ထုန်၏ ညာဘက် ပခုံး ဒဏ်ရာရရှိခဲ့ပြီး နှစ်ဦးစလုံး အဖမ်းခံခဲ့ရသည်။ နောင်းမီ ရွာလူကြီးမှ ရွာသားများကို | အဖမ်းခံရသူ အမျိုးသား ၈ ဦး (လူသားဒိုင်းအဖြစ် ခိုင်းစေခံရသူ ၇ ဦး) |

| | | | |
|---|---|---|---|
| | | ပြန်လွှတ်ပေးရန် စစ်ကောင်စီ တပ်မှူးအား တောင်းဆိုခဲ့သော်လည်း ဒဏ်ရာရထားသူကိုသာ လွှတ်ပေးခဲ့ပြီး မစ္စတာ ဂမ်ရှောင်ကို မူ ဖမ်းထားခဲ့ပြီး လူသားဒိုင်းအဖြစ် စစ်သားများအကြား လမ်းလျှောက်ရန် စေခိုင်းခဲ့သည်။ တပ်ဖွဲ့ဝင်များသည် တောထဲတွင် တစ်ည အိပ်ခဲ့ပြီး နောက်တနေ့ နံနက်တွင် လဝါး ရွာသို့ ဆက်လက် လမ်းလျှောက်ချီတက်ခဲ့သည်။ လမ်းတွင် လယ်ထဲ အလုပ်လုပ်နေသူ နောက်ထပ် ရွာသား ၆ ဦးဖြစ်သော ဦးခါးလီ (၄၈ နှစ်)၊ လဂျာ(၄၆ နှစ်)၊ စိုင်းစိုင်း(၂၆ နှစ်)၊ ဘဘူး (၄၅ နှစ်)၊ ဗွဲထက်(၂၄ နှစ်)၊ ဖောင်းဒေါင် (၄၈ နှစ်) နှင့် ဇင်ထက်ဇော် (၂၄ နှစ်) တို့ကိုလည်း ထပ်မံ ဖမ်းဆီးခဲ့သည်။ စစ်တပ်သည် အမျိုးသားတစ်ဦး ၏ ဖုန်းကို စစ်ဆေးခဲ့သည်။ ထို့နောက် ရွာသား ၅ ဦးအား စစ်သားများ၏ အလယ်တွင် လမ်းလျှောက်ခိုင်းပြီး ကျန်နှစ်ယောက်အား တပ်ဖွဲ့၏ ရှေ့တန်းမှ လျှောက်ခိုင်း ခဲ့သည်။ ညနေပိုင်းတွင် အားလုံးကို ပြန်လွှတ်ပေးခဲ့သည်။ | |
| ၂၆ ဇွန် ၂၀၂၂ | နမ့်တောင်းရွာ၊ မူဆယ် | မူဆယ်မြို့၊ နမ့်တောင်း ရွာမှ အသက် ၂၇ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်သူ အိုက်ထွန်းသည် နံနက်ခင်းအချိန်တွင် ၎င်း၏ လယ်သို့ သွားခဲ့သည်။ ညနေ ၃ နာရီအချိန်တွင် စစ်သားအင်အား ၂၀၀ ခန့်သည် ပန်းဆိုင်းမှ နမ့်တောင်း သို့ လာခဲ့သည်။ နမ့်တောင်းသို့ ရောက်သောအခါ MNDAA မှ ၎င်းတို့အား တစ်နာရီကြာ တိုက်ခိုက်ခဲ့သည်။ ညနေ ၅ နာရီခန့်တွင် အိုက်ထွန်း သည် အိမ်ပြန်ခဲ့ပြီး အိမ်ရောက်ခါနီးတွင် စစ်ကောင်စီ စစ်သားတစ်ဦးသည် ဘုန်းကြီး ကျောင်းပေါ်မှနေ၍ MNDAA စစ်သားများကို တွေ့လားဟု ၎င်းအား အော်မေးခဲ့သည်။ မတွေ့ခဲ့ကြောင်း ပြန်ဖြေခဲ့သောအခါ ၎င်းအား စစ်သားက ဖမ်းဆီး၍ လိမ်ပြောသည်ဟု ဆိုကာ ၎င်းကို ပါးရိုက်နားရိုက်ပြီး ရင်ဘတ်ကို ကန်ခဲ့သည်။ ပြီးနောက် စစ်သား ၁၀ ဦးကျော် သည် အိုက်ထွန်း ၏ အိမ်ကိုသွားရောက် မွှေနှောက်ရှာဖွေခဲ့သည်။ | အဖမ်းခံရကာ ပါးရိုက် ကန်ကြောက်ခံရသူ အမျိုးသား ၁ ဦး |

| | | | |
|---|---|---|---|
| | | ဘာမျှ မတွေ့သော အခါ ၎င်းအား လွှတ်ပေး ခဲ့သည်။ | |
| ၄ ဇူလိုင် ၂၀၂၂ | ၅ မိုင်ရွာ၊ ဟိုပင်မြို့၊ မိုးညှင်းမြို့နယ် | ခမရ ၅၂၁ မှ စစ်ကောင်စီ တပ်ဖွဲ့ဝင် အင်အား ၁၀၀ ခန့်သည် ငါးမိုင်ကျေးရွာသို့ ဝင်လာပြီး အမျိုးသား ၄ ဦးဖြစ်သော CDM ကျောင်းဆရာ ကိုထက်နှင့် ၎င်း၏ သူငယ်ချင်း ၃ ဦးဖြစ်သည့် ကိုဇော်ဇော်၊ ကိုမျိုးနှင့် ကိုကျော်အောင်တို့အား PDF များနှင့် ဆက်သွယ်သည်ဟု စွပ်စွဲကာ ဖမ်း ဆီးခဲ့ပြီး ခမရ ၅၂၁ စစ်စခန်းသို့ ခေါ်ဆောင်သွား ခဲ့သည်။ | အဖမ်းခံရသူ အမျိုးသား ၄ ဦး |
| ၁၈ ဇူလိုင် ၂၀၂၂ | ဂေါ်ဆက်ယန်ရွာ၊ ပိုင်းမော် | ပိုင်းမော်မြို့၊ ဂေါ်ဆက်ယန်ရွာမှ အသက် ၂၇ နှစ်အရွယ် အမျိုးသားတစ်ဦးသည် နန်ဇော်ယန်သို့ သွားခဲ့သည်။ လမ်းတွင် စစ်ကောင်စီ တပ်ဖွဲ့ဝင် အင်အား ၄၀၀ ခန့်နှင့် ဆုံခဲ့သည်။ စစ်သားများက ၎င်းအား ရှာဖွေခဲ့ပြီး ၎င်း၏ power Bank ၊ ဆေးလိပ်နှင့် ကျပ်ငွေ ဖ သောင်းကျပ်ကို သိမ်းယူခဲ့သည်။ ထို့ပြင် ၎င်း၏ လက်ကို ကြိုးတုပ်ကာ စစ်သားများအကြား ၅ ရက်ကြာ လမ်းလျှောက်ခိုင်းခဲ့သည်။ ညတိုင်းတွင်လည်း ၎င်းအား သစ်ပင်တွင် ချည်ခဲ့သည်။ လမ်းတလျှောက်တွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် KIA ၏ တိုက်ခိုက်မှုကို ၃ ကြိမ်တိုင် ခံခဲ့ရသည်။ ဇူလိုင် ၂၃ ရက်နေ့ ဂေါ်ဆက်ယန် ရွာသို့ ရောက်သောအခါ ၎င်းအား ပြန်လွှတ်ပေးခဲ့ပြီး ဖြစ်ပျက်ခဲ့သည့် အခြေအနေကို အခြားသူများအား မပြောရန်၊ ၎င်းအိမ်နှင့်ဝေးရာသို့ ခရီးမထွက်ရန်နှင့် ခိုင်းသည့်အတိုင်း မလုပ်ပါက နောက်တကြိမ် အဖမ်းခံရမည့်အကြောင်း အမိန့်ပေးခဲ့သည်။ | အဖမ်းခံရပြီး လူသားဒိုင်းအဖြစ် အခိုင်းခံရသူ အမျိုးသား ၁ ဦး |
| ၁၁ သြဂုတ် ၂၀၂၂ | မိုးကောင်း | လူငယ် နှစ်ဦးဖြစ်သူ ၂၁ နှစ်အရွယ် မင်းသန့်နှင့် ဟိန်းဇော်တို့သည် မိုးကောင်းမြို့အတွင်း ဆိုင်ကယ်မောင်းစဉ်အတွင်း လက်သုံးချောင်း ထောင်ပြခဲ့သည်။ ရဲမှ ၎င်းတို့အား စည်ပင်ရုံး အရှေ့တွင် ဖမ်းခဲ့ကာ မိုးကောင်းရဲစခန်းသို့ ပို့ခဲ့ပြီး မိသားစုဝင်များနှင့်လည်း တွေ့ခွင့်မပေး ခဲ့ပေ။ | အဖမ်းခံရသူ အမျိုးသား ၂ ဦး |
| ၁၄ သြဂုတ် ၂၀၂၂ | မိုးညှင်း | NLD အဖွဲ့ဝင် ဦးမျိုးကျော်နှင့် ဖားကန့်သပိတ် ခေါင်းဆောင် စိုင်းမော်တို့သည် မြစ်ကြီးနားမြို့ ၂၁ မိုင် စစ်ဆေးရေးဂိတ်တွင် ၎င်းတို့ဖုန်းထဲမှ NUG | အဖမ်းခံရသူ အမျိုးသား ၂ ဦး |

| | | | |
|---|---|---|---|
| | | ငွေတိုက်စာချုပ် (bonds) ကို စစ်ကောင်စီမှ တွေ့ရှိခဲ့သဖြင့် အဖမ်းခံခဲ့ရပြီး စစ်တပ်မှ ၎င်းတို့ကို မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ ပို့ခဲ့သည်။ | |
| ၂၆ ဩဂုတ် ၂၀၂၂ | မော်ဘုံရွာ၊ ဖားကန့် | အမျိုးသားနှစ်ဦးဖြစ်သူ ဇော်မင်းဦးနှင့် ကုလားလေးတို့အား PDF ဟုဆိုကာ မော်ဘုံ ရွာတွင် စစ်တပ်မှ ဖမ်းဆီးခဲ့သည်။ | ဖမ်းခံရသူအမျိုးသား (၆) ဦး |
| ၂ အောက်တိုဘာ ၂၀၂၂ | ရေဘတ် IDP စခန်း၊ ဗန်းမော် | စစ်ကောင်စီ ရဲများနှင့် စစ်တပ်သည် အမျိုးသား ၆ ဦးနှင့် ယောကျ်ားလေး ၂ ဦးအား ဗန်းမော်ရှိ ရေဘတ် IDP စခန်းအတွင်း အိမ်ထောင်စုစာရင်းတွင် အမည်မပါသော ကြောင့် ဖမ်းဆီးခဲ့သည်။ ၎င်းတို့မှာ ဦးဘရန်(၄၀ နှစ်)၊ မောင်လ(၂၇ နှစ်)၊ မောင်ဇော်(၃၀ နှစ်)၊ ဆန်အောင်(၁၇ နှစ်)၊နော်ဆိုင်း(၁၅ နှစ်),ဆွတ်ရိန်(၂၀ နှစ်)၊ သက်ထွန်း (၂၀ နှစ်) နှင့် ငြားအောင် (၂၄ နှစ်) တို့ဖြစ်ကြသည်။ ၎င်းတို့အား ဗန်းမော် ရဲစခန်းသို့ ပို့ခဲ့ပြီး အောက်တိုဘာ ၃ ရက် ည ၇ နာရီတွင် ပြန်လည်လွှတ်ပေးခဲ့သည်။ | အဖမ်းခံရသူ အမျိုးသား ၆ ဦးနှင့် ယောကျ်ားလေး ၂ ဦး |
| ၂၄ အောက်တိုဘာ ၂၀၂၂ | မြောက်ကျား ရွာ၊ ရွှေကူ | စစ်ကောင်စီ၏ ခမရ ၆၀၁ မှ တပ်ဖွဲ့ဝင်များသည် ရွှေကူမြို့ မြောက်ကျား ရွာရှိ ရွှေတူးဖော်ရေးလုပ်ကွက်တစ်ခုမှ အမျိုးသမီး ၃ ဦးနှင့် အမျိုးသား ၅ ဦး စုစုပေါင်း ၈ ဦးကို ဖမ်းဆီးခဲ့သည်။ ၎င်းတို့မှာ လုထုံ ၊ လရှီးထု၊ လအောင်၊ ဇောင်ဒွဲ၊ နော်ဆန့်၊ လဒွဲ၊ နော်နီတို့ဖြစ်ကြသည်။ အောက်တိုဘာ ၂၈ ရက်နေ့တွင် ၎င်းတို့အားလုံး ကို တရားမဝင်ရွှေတူးဖော်မှုဖြင့် ဗန်းမော်ထောင်သို့ ပို့ခဲ့ပြီး ညနေပိုင်းတွင် အားလုံးကို ပြန်လွှတ်ပေးခဲ့သည်။ | အဖမ်းခံရသူ အမျိုးသမီး ၃ ဦးနှင့် အမျိုးသား ၅ ဦး |
| ၁၁ နိုဝင်ဘာ ၂၀၂၂ | တိန်းကောက်ရွာ၊ တနိုင်း | တနိုင်းမြို့ တိန်းကောက်ရွာမှာ အသက် ၃၁ နှစ်အရွယ် အမျိုးသားတစ်ဦးသည် စစ်ကောင်စီ ပြည်သူ့စစ်ကား ဖြတ်သွားချိန်တွင် ဓာတ်ပုံ ရိုက်ခဲ့သည်ကို ပြည်သူ့စစ်တစ်ဦးမှ တွေ့သဖြင့် ၎င်းကို ဖမ်းဆီးခဲ့ပြီး ရှဒူးဇွပ် ပြည်သူ့စစ်ဂိတ်သို့ ခေါ်ဆောင်သွားခဲ့ သည်။ ပြည်သူစစ်မှ ၎င်း၏ ဖုန်းအား စစ်ဆေးခဲ့ရာ KIA ဝတ်စုံဝတ်ထားသော ၎င်း၏ ဓာတ်ပုံတစ်ပုံအား တွေ့ခဲ့သည်။ ထို့နောက် ၎င်းအား ပါးရိုက်ကာ KIA နှင့် ဆက်နွယ်မှုများ | အဖမ်းခံရသူ အမျိုးသား ၁ ဦး |

| | | | |
|---|---|---|---|
| | | အကြောင်း စစ်ဆေးမေးမြန်းခဲ့ သည်။ ထိုအမျိုးသားသည် ဖားကန့်မြို့ ဆွတ်လျှန်ယန် ကျေးရွာ ဘုရားကျောင်းမှ ဘာသာ ရေး ဆရာတစ်ဦး ဖြစ်သည်။ ၎င်းသည် ၆ ရက်ကြာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး နိုဝင်ဘာ ၁၆ ရက်နေ့တွင် ပြန်လည်လွတ်မြောက်ခဲ့သည်။ | |
| ၁၃ နိုဝင်ဘာ ၂၀၂၂ | ကျခန်ဒပ်ရွာ၊ ဗန်းမော် | တပ်မ ၈၈ မှ စစ်ကောင်စီတပ်ဖွဲ့ဝင် ၂၀ ခန့်သည် ကျခန်ဒပ် ရွာသူကြီးဖြစ်သူ ဦးဂမ် အား ၎င်း၏ နေအိမ်၌ ဖမ်းဆီးခဲ့သည်။ စစ်သားများသည် ၎င်းအား ဗန်းမော်လေဆိပ်နားရှိ အမှတ် ၂၁ စစ်စခန်းသို့ ဖမ်းဆီးခေါ်ဆောင်ခဲ့သည်။ တစ်ပတ် အကြာတွင် ၎င်း၏ ဇနီးဖြစ်သူမှ ၎င်းအား စစ်စခန်းတွင် လာရောက်တွေ့ဆုံခဲ့ပြီး ဖမ်းဆီး ခံရချိန်တွင် စစ်သားများမှ ညှဉ်းပမ်းနှိပ်စက် ခဲ့ကြောင်း ဇနီးဖြစ်သူ အားပြောပြခဲ့သည်။ ဒီဇင်ဘာလတွင် ဇနီးဖြစ်သူနှင့် ၆ ကြိမ် တွေ့ဆုံခွင့်ရခဲ့သော်လည်း နောက်ပိုင်းတွင် မိသားစုဝင်များနှင့် တွေ့ခွင့်မရ တော့ပေ။ | အဖမ်းခံရသူ အမျိုးသား ၁ ဦး |
| ၅ ဒီဇင်ဘာ ၂၀၂၂ | မြစ်ကြီးနား | KBC ခေါင်းဆောင် သိက္ခာတော်ရ ဆရာတော် ဆရာ ခလမ်ဆမ်ဆွန် သည် ဆေးကုရန် ဘန်ကောက်သို့ အသွား မန္တလေး အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် စစ်ကောင်စီ၏ ဖမ်းဆီး ခြင်း ခံခဲ့ရသည်။ ၎င်းအား စစ်ကောင်စီမှ မြစ်ကြီးနားသို့ ပြန်လည်ခေါ်ဆောင်လာခဲ့ပြီး မြစ်ကြီးနား လေဆိပ်ရောက်သောအခါ မြောက်ပိုင်းတိုင် စစ်ဌာနချုပ်တွင် ထိန်းသိမ်းခံခဲ့ ရသည်။ ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ၎င်းအား အမှတ် ၁ မြစ်ကြီးနား ရဲစခန်းသို့ ပို့ခဲ့ပြီး ပုဒ်မ ၁၇/၁ ဖြင့် တရားစွဲ ဆိုခဲ့သည်။ ၂ နာရီအကြာတွင် မြစ်ကြီးနား ထောင်သို့ ၎င်းအား ပို့ဆောင်ခဲ့သည်။ ထိုနေ့တွင် မိသားစုဝင်များက ၎င်းနှင့်တွေ့ဆုံရန် ကြိုးစားခဲ့သော်လည်း လုံခြုံရေးအရာရှိများက ကိုဗစ်ကန့်သတ်ချက်စည်းကမ်းများကြောင့် တွေ့ခွင့်မပေးခဲ့ပေ။ | အဖမ်းခံရသူ အမျိုးသား ၁ ဦး |
| ၆ ဒီဇင်ဘာ ၂၀၂၂ | လယ်ပြင်ရွာ၊ ဖားကန့် | ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်နေ့အတွင်းတွင် KIA နှင့် PDF တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့ မှော်ဘုံကျေးရွာတွင် စစ်ကောင်စီနှင့် တိုက်ပွဲ | အဖမ်းခံရပြီး လူသားဒိုင်းအဖြစ် |

| | | | |
|---|---|---|---|
| | | ဖြစ်ပွားခဲ့သောကြောင့် ရွာသူရွာသား ၈၀ သည် မော်ဘုံ ဘုန်းကြီးကျောင်း၊ ဆန်ခါ ရွာ ဘုရားကျောင်းနှင့် ၎င်းတို့၏ ဆွေမျိုးများအိမ်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြ သည်။ ဒီဇင်ဘာ ၆ ရက်နေ့တွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် မော်ဘုံ၊ လုံးခင်းနှင့် မြစ်ခရွမ်း (Myitkhkrum) သို့သွားရာ လမ်းတွင် ရွာသူရွာ သား ၂၀ ခန့်ကို ဖမ်းဆီးခဲ့ပြီး အချို့ကို ၎င်းတို့၏ ရှေ့တန်းတွင် လူသားဒိုင်းများအဖြစ် အတင်းအကြပ် စေခိုင်းခဲ့ပြီး အချို့ကိုမူ ဒဏ်ရာရ စစ်သားများနှင့် ၎င်းတို့၏ ကျောပိုးအိတ်များကို အတင်းအကြပ် သယ်ခိုင်း ခဲ့သည်။ လယ်ပြင် ဂိတ်သို့ စစ်ကြောင်း ရောက်သောအခါ ရွာသားများကို လွှတ်ပေးခဲ့သည်။ | စေခိုင်းခံရသူ အမျိုးသား ၂၀ ဦး |
| ၁၁ ဇန်နဝါရီ ၂၀၂၃ | ဆိုင်းရာကျေးရွာ၊ ဖားကန့် | အသက် ၅၂ နှစ် အရွယ်ဂွမ်ဝန်ကို KIA နှင့် ဆက်သွယ်သည်ဟု စွပ်စွဲကာ ဆိုင်းရာရွာတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့သည်။ ၎င်းကို ဖားကန့်မြို့ မဇ္ဇပ်ယန် အကျဉ်းထောင်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ | အဖမ်းခံရသူ အမျိုးသား ၁ ဦး |
| ၁၇ ဇန်နဝါရီ ၂၀၂၃ | မရှီကထောင်ရွာ၊ ဖားကန့် | ဇန်နဝါရီ ၁၇ ရက်နေ့ ညသန်းခေါင်အချိန်တွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ဦးဝင်းကိုအား KIA နှင့် ဆက်သွယ်သည်ဆိုကာ မရှီကထောင်ရွာ တွင် ဖမ်းဆီးခဲ့သည်။ ၎င်းကို စစ်သားများက ရွာပြင် ခေါ်သွားကာ ပစ်သတ်ခဲ့ပြီး အလောင်းကို မူ ပြန်မတွေ့ ရပေ။ | သေဆုံးသူ အမျိုးသား ၁ ဦး |
| ၃၀ ဇန်နဝါရီ ၂၀၂၃ | မြစ်ကြီးနား | ည ၆ နာရီခန့်အချိန်တွင် ဆမားခရိုင် (ပိုင်းမော်) KBC အထွေထွေအတွင်းရေးမှူးဖြစ်သူ သင်းအုပ်ဆရာ ဂွမ်ဖန်း (၃၉ နှစ်) ကို အကြောင်းပြချက် တစုံတရာ မရှိပဲ စစ်ကောင်စီ စစ်သားများက မြစ်ကြီးနားမြို့ ၎င်းရုံးမှ ပြန်သည့် အချိန်တွင် ဖမ်းဆီးခဲ့ပြီး မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တွင် ထိန်းသိမ်း ထားသည်။ ၎င်း၏ မိသားစုဝင်များကိုလည်း ၎င်းနှင့် တွေ့ခွင့်မပေးခဲ့ပေ။ | အမျိုးသား ၁ ဦး အဖမ်းခံရပြီး သေဆုံး |
| ၁၄ ဖေဖော်ဝါ ရီ ၂၀၂၃ | နန်ယာ ရွာ၊ ဖားကန့် | ဖားကန့်မြို့ Hkai Run (တံတားညီနောင်) ရွာမှ ဦးခန်းလျန်း နှင့် နိုင်လင်းဆိုသူ ရွာသား နှစ်ဦးသည် နန်ယာ ရွာသို့ ဆိုင်ကယ် ဖြင့် သွားခဲ့သည်။ လမ်းတွင် နန်ယာ စခန်းမှ စစ်ကောင်စီ | အဖမ်းခံရသူ အမျိုးသား ၂ ဦး (၁ ဦးမှာ သေဆုံးပြီးဟု ခန့်မှန်းရသည်) |

| | | | |
|---|---|---|---|
| | | မဟာမိတ်တပ်ဖွဲ့ဝင်များက ဖမ်းဆီးကာ ၎င်းတို့၏ ဆိုင်ကယ်တူးဘောက်စ်ကို စစ်ဆေးခဲ့သည်။ ဝိုင်ယာကြိုးတစ်ချောင်း တွေ့ရှိ ခဲ့သောကြောင့် နန်ယာပြည်သူ့စစ် စခန်းသို့ ၎င်းတို့အား ပို့ခဲ့သည်။ နောက်တစ်နေ့ တွင် နိုင်လင်းအား ၎င်း၏ ဖခင်မှာ လူဝင်မှုကြီးကြပ်ရေးဌာနတွင် အလုပ်လုပ်နေ သောကြောင့် လွှတ်ပေးခဲ့သည်။ ထိုနေ့တွင် နန်ယာ ကျေးရွာသူကြီးမှ နန်ယာ စခန်းသို့ သွားချိန်တွင် စစ်သားတစ်ဦး မှ အလောင်းတစ်လောင်းအား တောင်ကုန်းပေါ် သို့ သယ်သွားသည်ကို တွေ့မြင် ခဲ့သည်။ နောက် တစ်ရက်တွင် ရွာသူကြီးမှ ပြည်သူ့စစ်စခန်းသို့ ပြန်သွားပြီး ခန်းလျှန်း အကြောင်း မေးမြန်းခဲ့ရာ ၎င်းအား လွှတ်ပေး လိုက်ပြီဖြစ် ကြောင်း ပြန်ကြားခဲ့သည်။ သို့သော်လည်း ခန်းလျှန်း သည် ယနေ့ချိန်ထိ အိမ်ပြန်မ ရောက်သေးပေ။ | |
| ၂၄ ဖေဖော်ဝါရီ ၂၀၂၃ | မိုင်းခေါင် ရွာ၊ မံစီ | ဗန်းမော်မှ စစ်ကောင်စီတပ်ဖွဲ့ဝင် အင်အား ၈၀ ခန့်သည် မိုင်းခေါင်ရွာသို့ ရောက်ရှိလာကာ ကျေးရွာသူကြီး ယော်ထန့် အား ဖမ်းဆီးခဲ့သည်။ စစ်သားများသည် လိုင်ကာ ရွာရောက်သည့်အခါ အနီးဆုံးရွာဖြစ်သည့် ဇွပ်ဂျာ ရွာသို့ လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်ခဲ့သောကြောင့် ဦးမိတုန်နန် ၏ နေအိမ် ပျက်စီးသွားခဲ့သည်။ | အဖမ်းခံရသူ အမျိုးသား ၁ ဦး |
| ၂၈ ဖေဖော်ဝါရီ ၂၀၂၃ | မလိစွပ်ယန်ရွာ၊ မြစ်ကြီးနား | ဂျန်မိုင်ကောင်း KBC IDP စခန်းအတွင်း နေထိုင်သူ ၁၈ နှစ်အရွယ် လူငယ်တစ်ဦးဖြစ်သူ ဆွတ်နော်သည် မလိစွပ်ယန်ရွာအနီးရှိ ဆွေမျိုးများ၏ လယ်တွင် မိဘများနှင့်အတူ လယ်လုပ်နေခဲ့သည်။ နေ့လည်ပိုင်းတွင် ၎င်း၏ မိဘများသည် IDP စခန်းသို့ ဦးစွာ ပြန်လာခဲ့ပြီး နောက်တွင် စစ်ကောင်စီ တပ်ဖွဲ့ဝင် ၇၀ ခန့်သည် ၎င်းတို့ ဖမ်းဆီးလာသော ရွာသား ၁၅ ဦးနှင့်အတူ လယ် သို့ ရောက်လာခဲ့သည်။ စစ်သားတစ်ဦးက နောက်ကျောကို သေနတ် ထောက်ကာ ယောက်ျားကလေးအား ဖမ်းဆီးခဲ့ပြီး ထွက်မပြေးရန် ပြောခဲ့သည်။ ထို့နောက် စစ်သားများသည် အနီးနား လယ်များတွင် လယ်လုပ်နေသော အသက် ၅၀ အရွယ် | အဖမ်းခံရပြီး လူသားဒိုင်းအဖြစ် ခိုင်းစေခံရသူ အမျိုးသား ၁၇ ဦးနှင့် ယောကျ်ားလေး ၂ ဦး |

| | | | |
|---|---|---|---|
| | | ယိန်းထန့်နှင့် ယောကျ်ားကလေးငယ် ၂ ဦးဖြစ်သူ မာဇိန် (၁၄ နှစ်) နှင့် မာဆောင် (၁၂ နှစ်) တို့အား ထပ်မံဖမ်းဆီးခဲ့သည်။ ဆွတ်နော နှင့် မာဆောင် နှစ်ဦးကို စစ်ကြောင်းရှေ့တန်းတွင် အတင်းအကြပ် လမ်းလျှောက်ခိုင်းခဲ့သည်။ ၎င်းတို့ နှစ်ဦးမှာ ဘာမျှ သယ်ဆောင်ရခြင်းမရှိ သော်လည်း ကျန်သည့် ဖမ်းဆီး ခံသူအား လုံးသည် စစ်တပ်အသုံးအဆောင် ပစ္စည်းများ အားလုံးကို သယ်ကာ စစ်သားများ နောက်လိုက်ကြရသည်။ ၁ နာရီခန့် လမ်းလျှောက်လာ ပြီးနောက် တိုင်လွမ် ရွာသို့ ရောက်သည့်အခါ စစ်သားများသည် ရွာသားများ အားလုံးကို လွှတ် ပေးခဲ့သည်။ စစ်သားများက ယောကျ်ားလေး တစ်ဦးစီကို ကျပ်ငွေ ၁၀,၀၀၀ စီ ပေးခဲ့သည်။ စစ်သားများ သည် ရွာသားများကို ဖမ်းဆီးစဉ်က သိမ်းယူခဲ့ သည့် ဖုန်းများကိုလည်း ပြန်ပေးခဲ့သည်။ သို့သော် ဖုန်းဆင်းကဒ်များကိုမူ ပြန်မပေးခဲ့ပဲ ထိုအစား ဖုန်းပိုင်ရှင် တစ်ဦးစီကို ကျပ်ငွေ ၅ ထောင်စီ ပေးခဲ့သည်။ | |
| ၅ မတ် ၂၀၂၃ | စံပြရွာ၊ ရှဒူးဇွပ်၊ ဖားကန့် | ည ၈ နာရီခန့်တွင် ဒေသခံ စစ်ကောင်စီမဟာမိတ် ပြည်သူ့စစ်မှ ဦးမိုင်လွမ်တူး (၅၀ နှစ်)၊ ဦးမိုင်ထိန်နန် (၅၀ နှစ်) နှင့် ဦးမရန်တူး (၅၀ နှစ်) တို့ ၃ ဦးကို KIA နှင့် အဆက်အသွယ်ရှိ သည်ဟု စွပ်စွဲကာ စံပြရွာရှိ ၎င်းတို့နေအိမ်တွင် ဖမ်းဆီးခဲ့သည်။ မတ်လ ၁၀ ရက်နေ့တွင် အမျိုးသား နှစ်ဦးကို လွှတ်ပေးခဲ့ပြီး ဦးမရန်တူး ကိုမူ မတ်လ ၂၀ ရက်နေ့တွင် ပြန်လွှတ် ပေး ခဲ့သည်။ | အဖမ်းခံရသူ အမျိုးသား ၃ ဦး |
| ၇ မတ် ၂၀၂၃ | နန်းမား၊ မိုးညှင်း | စစ်ကောင်စီသည် နန်းမား  ကျေးရွာမှ အမျိုးသား တစ်ဦးဖြစ်သူ စိုးထွန်းနိုင်နှင့် အမျိုးသမီးနှစ်ဦး ဖြစ်သူ မဇင်မွန်ဦးနှင့် ပန်းသဇင်တို့ လူငယ် ၃ ဦးကို PDF နှင့် ချိတ်ဆက်မှုဖြင့် ဖမ်းဆီးခဲ့သည်။ ၎င်းတို့ ၃ ဦးလုံး သည် ၅၀၅ (က) ဖြင့် တရားစွဲဆိုထားသည်။ | အဖမ်းခံရသူ အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၂ ဦး |
| ၁၈ မတ် ၂၀၂၃ | မော်ဆီဇာရွာ၊ ဖားကန့် | မနက် ၂ နာရီအချိန်တွင် စစ်ကောင်စီ တပ်ဖွဲ့ဝင် များသည် Wunpawng Myusha Zin Lum အဖွဲ့၏ အမျိုးသမီးများ ကွန်ပြူတာသင်ကြား ရေးစင်တာသို့ ဝင်ရောက်ဖျက်ဆီးခဲ့ကြသည်။ ကွန်ပြူတာ ၉ လုံးခန့်နှင့် အခြားစက်ပစ္စည်း ကရိယာများ ပျက်စီးခဲ့သည်။ စင်တာကို ကြည့်ရှု စောင့် | အဖမ်းခံရသူ အမျိုးသား ၁ ဦး |

| | | | |
|---|---|---|---|
| | | ရှောက်သည် အသက် ၂၀ အရွယ် ဦးအောင်ဆိုင်း ကိုလည်း စစ်ကောင်စီမှ ဖမ်းဆီးကာ ဖားကန့်ရှိ မဇွပ်ယန်အကျဉ်း ထောင်သို့ ပို့ခဲ့သည်။ ၎င်းသည် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၁ (ဂ) ဖြင့် တရားစွဲဆိုခံခဲ့ရပြီး မိုးညှင်းရှိ အကျဉ်း ထောင်တွင် ထောင်ဒဏ် ၆ နှစ် ချမှတ်ခံခဲ့ရသည်။ | |
| ၂၃ မတ် ၂၀၂၃ | ဝင်ဂ၊ နန့်လန် နှင့် နောင်လက်ကြီး ရွာများ၊ ရွှေကူ | မတ်လ ၂၃ ရက်နေ့တွင် ဝင်ဂ၊ နန့်လန် (Nat Lan) နှင့် နောင်လတ်ကြီး (Naung Let Gyi) ကျေးရွာများတွင် KIA နှင့် စစ်ကောင်စီ တပ်မ ၇၇၊ ၈၈ နှင့် ၆၆ တို့ တိုက်ပွဲဖြစ်ပွားခဲ့ သည်။ ထိုနေ့တွင် စစ်ကောင်စီဘက်မှ စစ်သား များသည် ကျေးရွာ ၃ ရွာမှ အမျိုးသမီး ၁ ဦး အပါအဝင် ရွာသူရွာသား ၂၂ ဦးကို ဖမ်းဆီးခဲ့သည်။ အမျိုးသမီးကိုမူ ထိုနေ့ တွင်ပင် ပြန်လွှတ်ပေးခဲ့သော်လည်း အမျိုးသားများ မှာမူ တိုက်ပွဲအတွင်း စစ်သားများအတွက် အစားအ သောက် ချက်ပြုတ်ပေးရန်နှင့် မြေခွေးကျင်း များ တူးပေးရန် စစ်သားများနှင့်အတူ နေခဲ့ရသည်။ ၂ ရက်ကြာသောအခါ ဦးမောင်စိုး (၅၀ နှစ်)၊ ဦးသက်နိုင်ဝင်း (၄၀ နှစ်) နှင့် ဦးဝင်းသန်း (၃၅ နှစ်) တို့ ၃ ဦးသည် နေရာမှ ထွက်ပြေးလွတ်မြောက်ခဲ့ သည်။ ၎င်းတို့ အဆိုအရ ဦးသောင်း (၆၀ နှစ်)၊ ဦး သန်းဌေး (၆၀ နှစ်)၊ ဦးငွေသန်း (၄၀ နှစ်)၊ ဦးဖြိုး ဇေယျာ (၃၅ နှစ်)နှင့် ဦးဇော်လွင်ဦး (၃၀ နှစ်) တို့ အပါအဝင် ရွာသား ၁၈ ဦးမှာ ထိန်းသိမ်းခံထားရ ဆဲဖြစ်ကြောင်း သိရသည်။ နောက်ပိုင်းတွင် ထို ကျန်ရှိနေသည့် ရွာသားများအားလုံး ထွက်ပြေး လွတ်မြောက်ခဲ့ကြသည်။ | အဖမ်းခံရသူ အမျိုးသား ၂၁ ဦးနှင့် အမျိုးသမီး ၁ ဦး (အမျိုးသားများသည် လူသားဒိုင်းအဖြစ် ခိုင်းစေခံရပြီး စစ်သား များအတွက် အတင်း အဓမ္မ စေခိုင်းခံခဲ့ရသည်) |
| ၇ ဧပြီ ၂၀၂၃ | ဝင်ဂရွာ၊ ရွှေကူ | ဝင်ဝ ကျေးရွာမှ ဦးစိုးမိုးသည် စစ်တပ် ဖမ်းဆီးခြင်း ခံခဲ့ရပြီး ၎င်းတို့အား လမ်းပြရင်း အတင်းအကြပ် စေခိုင်းခံခဲ့ရသည်။ ဧပြီ ၈ ရက်နေ့တွင် ကျည်ထိမှန်ထားသည့် ဒဏ်ရာ ပေါင်းများစွာဖြင့် ၎က်ပျောခြံတွင် ပစ်သတ်ခံခဲ့ရသည်။ | အဖမ်းခံရကာ လမ်းပြ အဖြစ် အတင်းစေခိုင်း ခံရသူ အမျိုးသား ၁ ဦး (ထို့နောက် အသတ်ခံခဲ့ရသည်) |
| ၁၈ ဧပြီ ၂၀၂၃ | ပျားအုံကျေးရွာ၊ ဖားကန့် | ဧပြီလ ၈ ရက်နေ့တွင် စစ်ကောင်စီ တပ်ဖွဲ့ဝင် ၈၀ ခန့်သည် ဖားကန့်မြို့ နန်ယာ ရွာရှိ ပြည်သူ့စစ် စခန်းသို့ ရောက်ခဲ့သည်။ ဧပြီ ၁၈ ရက် နေ့ မနက် ၅ နာရီခန့်တွင် စစ်ကောင်စီစစ်သား ၃၀ ခန့်သည် အနီးဆုံးရွာဖြစ်သည့် ကပ်မော်ဇွပ်နှင့် ဆိုင်းဖရာ | အဖမ်းခံရကာ လူသားဒိုင်းအဖြစ် ခိုင်းစေခံရသူ ရွာသူ ရွာသား ၇၀ ဦး |

| | | | |
|---|---|---|---|
| | | (Seng Hpra) ရွာ ရှိ အရပ်သား ၇၀ ကို ၎င်းတို့ အိပ်နေစဉ်အတွင်း သွားရောက်ဖမ်းဆီးခဲ့သည်။ နေထွက်ချိန်ရောက် သည့်အခါ အရပ်သား ၁၂ ဘီးကား ၂ စီးကို ရပ်ခိုင်းကာ အရပ်သားများကို စစ်သားများနှင့် အတူ ကားပေါ်တက်ခိုင်းခဲ့သည်။ နံနက် ၉ နာရီခန့်တွင် KIA ဘက်မှ ပျားအုံ (Gat Noi) ကျေးရွာတွင် ထိုကုန်ကားများကို လက်နက်ကြီး ဖြင့် ပစ်ခဲ့သည်။ ၂၈ နှစ်အရွယ် အင်ဒွပ်ဆိုင်းနွယ် ဆိုသူ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး အောက်ပါ အတိုင်း အခြား အရပ်သား ၆ ဦး ဒဏ်ရာရရှိခဲ့ သည်-<br>၁။ နန်ဆိုင်း (၁၆ နှစ်) ဆိုသူ မိန်းကလေးငယ် သည် သူမ၏ မျက်နှာနှင့် ဦးခေါင်းတွင် ထိခိုက် ဒဏ်ရာရခဲ့သည်။<br>၂။ အင်ခွမ်ဘောက်ဆန် (၁၇ နှစ်) ဆိုသူ မိန်းက လေးငယ်သည် ၎င်း၏ ဦးခေါင်းတွင် ဒဏ်ရာရခဲ့ သည်။<br>၃။ မိန်းကလေးငယ် ဆိုင်းမွန်းမိုင် ( ၁၅ နှစ်) ၏ ဦးခေါင်းနှင့် လည်ပင်းတွင်း ဒဏ်ရာရှိခဲ့သည်။<br>၄။ ခေါန်ရှောင် (၄၅ နှစ်) ဆိုသူ အမျိုးသမီး တစ်ဦး၏ ညာဘက် မျက်လုံးနှင့် လက်နှစ်ဖက် လုံးတွင် ဒဏ်ရာရခဲ့သည်။<br>၅။ ဇူဇာမြေ (၃၉ နှစ်) ဆိုသူ အမျိုးသမီး၏ လည်ပင်းနှင့် နားနှစ်ဖက်လုံးတွင် ဒဏ်ရာရခဲ့ သည်။<br>၆။ ခေါန်နန် (၃၅ နှစ်) ဆိုသူ အမျိုးသမီး၏ လက်တွင် ဒဏ်ရာရခဲ့သည်။<br><br>ထို့ပြင် စစ်ကောင်စီတပ်ဖွဲ့ဝင် ၄ ဦးလည်း သေဆုံး ခဲ့ပြီး ၁၀ ဦးခန့် ဒဏ်ရာရခဲ့သည်။ ကုန်ကားများ သည် နန့်တိန်း (Nam Ting) ရွာ စစ်တပ်စခန်းသို့ ဆက်လက်မောင်းနှင်ခဲ့သည်။ ထို့နောက် စစ်သား များသည် ကျန်ရှိနေသည့် အရပ်သားများကို ကုန် ကားတစ်စီးဖြင့် အိမ်ပြန်လွှတ်ခဲ့ပြီး ကျန်ကုန်ကား တစ်စီးကိုမူ စခန်းတွင် သိမ်းခဲ့ သည်။ | |
| ၂၁ ဧပြီ ၂၀၂၃ | မှော်ဘုံ ကျေးရွာ၊ ဖားကန့် | စစ်ကောင်စီတပ်ဖွဲ့ဝင် ၁၀၀ ခန့်သည် မှော်ဘုံ ကျေးရွာသို့ ဝင်ရောက်လာပြီး မဇွပ်ယန် အထက်တန်းကျောင်း ညွှန်ကြားရေးမှူး ဖြစ်သူ | အဖမ်းခံရသူ အမျိုးသား ၂၀၀ ဦး (လူသားဒိုင်းနှင့် |

| | | | |
|---|---|---|---|
| | | ဦးသန်းလွင်နှင့် အနန့်ပါလေကြောင်း တိုက်ခိုက်မှုမှ ရှင်သန်လွတ်မြောက်ခဲ့သူ အသက် ၃၀ အရွယ် အမျိုးသားတစ်ဦး အပါအဝင် အရပ် သား ၂၀၀ ခန့်ကို ဖမ်းဆီးခဲ့သည်။ စစ်သားများ သည် မော်ဘုံရှိ နေရာအသီးသီး မှ လူများအပြင် အနီးဆုံး ရွာဖြစ်သည့် ဆန်ခါကျေးရွာမှ လူများကိုလည်း ဖမ်းဆီး ခဲ့သည်။<br><br>ဖမ်းထားသည့် ထိုအမျိုးသား ၁၅၀ ခန့်ကို ကြိုးများဖြင့် တုပ်ထားပြီး မဖွပ်ယန်အကျဉ်း ထောင်ရှိရာသို့ အတင်းအကြပ် လမ်းလျှောက် ခိုင်းခဲ့ပြီး ထိုကျဉ်းထောင်တွင် အကျဉ်းချကာ PDF အဖွဲ့ဝင်များ ဟုတ်မဟုတ် စစ်ကြောရေးဝင် ခဲ့သည်။ စစ်ကြောရေးပြီးနောက် မေလတွင် အဖမ်းခံရသူ ၁၅၀ ထဲမှ အများစုမှာ လွတ်မြောက် ခဲ့သည်။ သို့သော် ယနေ့အချိန်ထိ အမျိုးသား ၂၃ ဦး (ဗမာ ၂၀ ဦးနှင့် ကချင် ၃ ဦး) မှာ ပျောက်ဆုံး နေဆဲဖြစ်ပြီး ၎င်းတို့၏ မိသားစုဝင် များနှင့် လုံးဝ အဆက်အသွယ်မရရှိသေးပေ။<br>ဧပြီ ၂၃ ရက် နေ့တွင် အဖမ်းခံခဲ့ရသည့် ကျန်ရှိနေသေးသော အမျိုးသား ၅၀ မှာ စစ်ကောင်စီ တပ်ဖွဲ့ဝင်များ၏ ခြင်းတောင်းများ ကို သယ်ရန်နှင့် လူသားဒိုင်းအဖြစ် စစ်သားများနှင့် အတူ ဂင်ဆီ (Ginsi) စစ်စခန်းသို့ လမ်းလျှောက်ရန် အတင်းအကြပ် စေခိုင်းခြင်း ခံခဲ့ရသည်။ ထိုစစ်စခန်းတွင် KIA နှင့် PDF တို့နှင့် ဆက်သွယ်မှု အကြောင်း ၎င်းတို့ကို စစ်ကြောရေးဝင်ခဲ့ပြီး ၎င်းတို့၏ ဓာတ်ပုံနှင့် ကိုယ်ရေး အချက်အလက်များ ကိုလည်း မှတ်ထားယူထားခဲ့သည်။ ၎င်းတို့သည် မလွှတ်ပေးခင် ဂင်ဆီ (Ginsi) စခန်းတွင် ၄ ထိန်းသိမ်း ထားခဲ့သည်။ | ပေါ်တာ အဖြစ် ခိုင်းစေခံရသူ ၅၀ ဦး) |
| ၂၄ ဧပြီ ၂၀၂၃ | မိုးမောက်မြို့ | အသက် ၃၀၊ အသက် ၂၆၊ အသက် ၂၉ နှစ်အရွယ် အမျိုးသား ၃ ဦးသည် မိုးမောက်အနီး ၎င်းတို့၏ လယ်ကွင်းသို့သွားသည့်လမ်းတွင် စစ်ကောင်စီ ၏ ဖမ်းဆီးခြင်းခံခဲ့ရသည်။ ၎င်းတို့အား ဗန်းမော် မြို့ရှိ ခမရ ၂၃၆ တပ်စခန်းတွင် ထိန်းသိမ်းခဲ့ပြီး မိသားစု ဝင်များနှင့် တွေ့ခွင့်မပေးပေ။ | အဖမ်းခံရသူ အမျိုးသား ၃ ဦး |

| | | | |
|---|---|---|---|
| ၁၈ မေ ၂၀၂၃ | ခင်းတောင် ရွာ၊ နန်ယာ၊ ဖားကန့် | မေလ ၁၈ ရက်နေ့ မနက် ၄ နာရီ ၄၀ မိနစ်တွင် ဖားကန့်မှ ကာမိုင်း) သို့လာသော တပ်မ ၈၈ နှင့် ခမရ ၃၈၅ မှ စစ်ကောင်စီ တပ်ဖွဲ့ ဝင် အင်အား ၂၀၀ ခန့်သည် ခင်းတောင်ရှိ ရွာသားများ အိပ်နေချိန်တွင် ကလေး ၃ ဦး၊ အမျိုးသမီး ၉ ဦးအပါအဝင် ရွာသူရွာသား ၁၆ ဦးကို ဖမ်းဆီးခဲ့သည်။<br>အဖမ်းခံရသူများမှာ-<br>၁။ အမျိုးသမီးတစ်ဦး (၆၀ နှစ်) နှင့်<br>၂။ သူမ၏ အမျိုးသားဖြစ်သူ အိုက်ဆိုင်း (၆၅ နှစ်)နှင့်<br>၃။ သူမ၏ မြေးယောကျ်ားလေး (၂ နှစ်)<br>၄။ မိန်းကလေး ထုဂျာ(၃ နှစ်)<br>၅။ ယောကျ်ားလေး မုန်ခရန်နော် (၂ နှစ်)<br>၆။ ဖောင်နားခေါန်နန်(၄၀ နှစ်)<br>၇။ ဆန်ရော်(၃၅ နှစ်)<br>၈။ ဂျာဒိမ်(၃၀ နှစ်)<br>၉။ မရူခေါန်နန်(၄၅ နှစ်)<br>၁၀။ ရွယ်တောင် (၃၂ နှစ်)<br>၁၁။ ဘောက်ဆန်(၃၆ နှစ်)<br>၁၂။ မိန်းကလေး ဂျာအောင်လု(၁၇ နှစ်)<br>၁၃။ မိန်းကလေး ဇေးနန်(၁၂ နှစ်)<br>၁၄။ ဂျာနော်(၄၅ နှစ်)<br>၁၅။ ဇောင်ရာ(၅၀ နှစ်)<br>၁၆။ ဇောင်ဖန်(၃၃ နှစ်) | အဖမ်းခံရကာ လူသား ဒိုင်းအဖြစ် ခိုင်းစေခံရသူ ရွာသူရွာ သား ၁၆ ဦး (အမျိုးသမီး ၉ ဦးနှင့် ကလေးငယ် ၃ ဦး အပါအဝင်) |
| ၆ ဇွန် ၂၀၂၃ | မြစ်ကြီးနားမြို့ | ဂျန်မိုင်ကောင်း ဘုရားကျောင်းမှ ဘာသာရေး ခေါင်းဆောင်စ်ဦး ဖြစ်သူ ဇခုန် သည် အုပ်ချုပ်ရေးမှူးရုံး သို့ လာရောက်ရန် ဆင့်ခေါ်ခံရပြီး ထိုရုံးတွင် စစ်ကောင်စီ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ယခု အခါ ၎င်းကို ဖမ်းဆီးခံထားရသည့်နေရာကို သိရပြီ ဖြစ်သည်။ | အဖမ်းခံရသူ အမျိုးသား ၁ ဦး |
| ၇ ဇွန် ၂၀၂၃ | ငါးဘတ်ကြီးကျေးရွာ၊ ရွှေကူ မြို့နယ် | စစ်ကောင်စီ တပ်ဖွဲ့ဝင် ၈၀ ခန့်သည် စစ်ကား ၆ စီးဖြင့် ငါးဘတ်ကြီး ကျေးရွာသို့ ရောက်ရှိလာပြီး ဤနေရာတွင် ဒေသခံ ရွာသူ ရွာသားများအား ရွှေတူးခြင်းကို မလုပ်ရန် အမိန့်ပေးခဲ့သည်။ ကျေးရွာအနီး ရွှေတူးသည့် လုပ်ကွက်တစ်ခုတွင် | အဖမ်းခံရသူ အမျိုး သား ၂ ဦး |

| | | | |
|---|---|---|---|
| | | အဖေနဲ့ သား အလုပ်လုပ် နေသည်ကို တွေ့ကာ ၎င်းတို့သားအဖနှစ်ဦးအား ဖမ်းဆီးကာ ရွှေကူရှိ စစ်စခန်းသို့ ခေါ်ဆောင်သွား ခဲ့သည်။ | |
| ၈ ဇွန် ၂၀၂၃ | မိုင်းနောင်ရွာ၊ မိုးညှင်း | နံနက် ၁၁ နာရီတွင် အသက် ၂၀ အရွယ် ပေါင်းဆာလတောင်နှင့် ၎င်း၏ သူငယ်ချင်းနှင့်အတူ အိမ်သို့ ပြန်နေစဉ် မိုင်းနောင် မိုင်းနောင်ရွာ စာသင်ကျောင်းရှေ့တွင် လုံးတုံ ရွာအနီး စခန်းချထားသော စစ်ကောင်စီတပ်ဖွဲ့ဝင်အချို့နှင့် တွေ့ဆုံခဲ့သည်။ စစ်သားများမှ ၎င်းတို့အား စစ်ဆေးမေးမြန်း သောအခါ ပေါင်းဆာလတောင်၏ သူငယ်ချင်းမှာ ထွက်ပြေးသောကြောင့် စစ်သားများက သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ ထို့နောက် တပ်ဖွဲ့ ဝင်များသည် ပေါင်းဆာလတောင် ကို ဖမ်းဆီးကာ ၎င်းတို့နှင့်အတူ ခေါ်ဆောင်သွားပြီး လမ်းတလျှောက် အခြားရွာသား ၁၀ ဦးကိုလည်း ဖမ်းဆီးကာ လူသားဒိုင်းအဖြစ် ခိုင်းစေခဲ့သည်။ ညနေပိုင်းတွင် အခြား အမျိုးသား ၁၀ ဦးကို လွှတ်ပေးခဲ့သော်လည်း ပေါင်းဆာလတောင် ကိုမူ ၎င်း၏ ဖုန်းတွင် သေနတ်နှင့် ရိုက်ထားသည့်ပုံကို တွေ့ရှိခဲ့သောကြောင့် မလွှတ်ပေးခဲ့ပေ။ နောက် တစ်နေ့တွင် ရွာမှ လူတစ်ယောက်မှ အာမခံပေး ၍ ၎င်းအား ပြန်လွှတ်ပေးခဲ့သည်။ | အဖမ်းခံရကာ လူသားဒိုင်းအဖြစ် ခိုင်းစေခံရ သူ အမျိုးသား ၁၁ ဦး |
| ၈ ဇူလိုင် ၂၀၂၃ | လွယ်မောက်ယန်ရွာ၊ မိုးမောက် | ညနေ ၅ နာရီခန့်တွင် ခလရ ၁၃၊ ခလရ ၅၆၊ ခလရ ၇၇၊ ခမရ ၁၀၃နှင့် ခလရ ၂၃၆ မှ စစ်ကောင်စီ တပ်ဖွဲ့ဝင် ၁၀၀ ခန့်သည် လွယ်မောက်ယန် ရွာသို့ ဝင်ရောက်လာခဲ့သည်။ အချို့စစ်သားများ ရွာထဲ သို့ ရောက်သောအခါ မြေမြှုပ်မိုင်းအချို့ကို တွေ့ ရှိခဲ့သည်။ ထိုဖြစ်စဉ်ဖြစ်သည်နှင့် တပြိုင်နက် တည်းမှာပင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် အမျိုးသမီး တစ်ဦးနှင့် ၁၀ နှစ်သား ယောကျ်ားလေး တစ်ဦးအပါအဝင် ရွာသား ၉ ဦးကို ဖမ်းခဲ့သည်။ အချို့ကို လမ်းပေါ်တွင် ဖမ်းခဲ့ပြီး အချို့ကိုမူ ၎င်းတို့ အိမ်ထဲမှ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ထို့နောက် စစ် သားများသည် ရွာသူရွာသားများ၏ ခန္ဓာကိုယ်နှင့် ဦးခေါင်းများကို ၎င်းတို့၏ ကျည်ကာဦးထုပ်များဖြင့် ရိုက်နှက်ကာ ဘုရား ကျောင်းသို့ ခေါ်ဆောင် | အဖမ်းခံရပြီး ရိုက်နှက်ခံရသူ အမျိုးသား ၇ ဦး၊ အမျိုးသမီး ၁ ဦးနှင့် ယောကျ်ားလေး ၁ ဦး |

| | | | |
|---|---|---|---|
| | | သွားခဲ့သည်။ ထို့နောက် စစ်သားများသည် ရွာသူရွာသားများကို လူ ၆၀ ဖြင့်ဝိုင်းကာ ဘုရားကျောင်းထဲသို့ အတင်းအကြပ် ခေါ်သွား ခဲ့သည်။ ထို့နောက် စစ်သားများသည် ၎င်းတို့ စစ်သားတစ်ဦး မြေမြှုပ်မိုင်းကြောင့် သေပါက ရွာသား ၁၀ ဦးကို သတ်မည့်အကြောင်း ရွာသားများကို သတိပေး ခဲ့သည်။ ထို့နောက် စစ်သားများသည် ရွာသူရွာ သားများ၏ အမည်များ၊ အလုပ်အကိုင်များကို မေးမြန်းပြီး ၎င်းတို့ဖုန်းများကို စစ်ဆေးကာ ဖုန်းစင်းကဒ်များကို သိမ်းယူသွား ခဲ့သည်။ ည ၁၀ နာရီနောက်ပိုင်းတွင် စစ်တပ် တပ်မှူးမှ ဘုရား ကျောင်းသို့လာပြီး ရွာသူရွာသားများကို ပြန်လွှတ်ပေးခဲ့သည်။<br><br>ဖမ်းဆီးရိုက်နှက်ခံရသော ရွာသားများမှာ-<br>၁။ ယောကျ်ားလေးတစ်ဦးဖြစ်သူ လဖိုင်တူး (10 နှစ်)၊<br>၂။ အမျိုးသမီးတစ်ဦးဖြစ်သူ  လရှီး ထုလွမ် k (50 နှစ်)<br>၃။ ဂျန်မာခါး (၄၈ နှစ်)၊<br>၄။ နော်ထွယ် (နှစ်)၊<br>၅။ အင်ဆန်းဂမ် (21 နှစ်)၊<br>၆။ မရန်လအောင် (၄၀နှစ်)၊<br>၇။ လဆန်နော်ဆန် (၅၀နှစ်)၊<br>၈။ လဖိုင်ယော်ထုန်<br>၉။ မခါရှောင်လွမ် (၄၄ နှစ်)၊ | |
| ၉ ဇူလိုင် ၂၀၂၃ | ရှုဒူးဇွပ်ရွာ၊ ဖားကန့် | ဂျဒူဇွပ်မှ စစ်ကောင်စီမဟာမိတ် ပြည်သူ့စစ် အဖွဲ့သည် အမျိုးသား ၃ ဦးဖြစ်သည့် မောင်အောင် (၂၀ နှစ်)၊ မောင်ဆိုင်း (၃၀ နှစ်) နှင့် ၃၉ နှစ်အရွယ် အမျိုးသားတစ်ဦးတို့ အပြင် အမျိုးသမီးတစ်ဦး (အသက် ၃၉ နှစ်အရွယ် အမျိုးသား၏ မိခင်ဖြစ်သူ) တို့ စုစုပေါင်း ၄ ဦးကို ဖမ်းဆီးခဲ့သည်။ ၎င်းတို့အားလုံးကိုရှုဒူးဇွပ် (Jahtu Zup) ပြည်သူ့စစ် စခန်းသို့ ခေါ်သွားခဲ့ပြီး KIA ဆီသို့ သတင်းပေး နေသည်ဟုဆိုကာ စွပ်စွဲ ကန်ကြောက်ခဲ့သည်။ ရွာသူကြီးမှ ကျေးရွာသူ ရွာသားများကို လွှတ်ပေးရန် တပ်မှူးအား တောင်းဆိုခဲ့ပြီးနောက် | အဖမ်းခံရသူ အမျိုးသား ၃ ဦး နှင့် အမျိုးသမီး ၁ ဦး (အမျိုးသားများမှာ ရိုက်နှက်ခံရသည်) |

| | | | |
|---|---|---|---|
| | | တစ်ပတ်အကြာတွင် အားလုံး ပြန်လည် လွှတ်မြောက် ခဲ့သည်။ | |
| ၁၂ ဇူလိုင် ၂၀၂၃ | ဒိန်ဂါယန်ရွာ၊ မိုးမောက် | ဒေါ့ဖုန်းယန်ရွာမှ အသက် ၃၃ နှစ်အရွယ် အမျိုးသားတစ်ဦးသည် ဒိန်ဂါယန်ရွာတွင် လယ်လုပ်နေစဉ် ခလရ ၅၆ မှ စစ်ကောင်စီ တပ်ဖွဲ့ဝင် ၂၀၀ ခန့်၏ ဖမ်းဆီးခြင်း ခံခဲ့ရသည်။ စစ်သားများသည် တောအုပ်ထဲလျှောက်စဉ်အတွင်း ၎င်းအား လူသားဒိုင်းအဖြစ် စစ်သားများ အလယ်တွင် အတင်းအဓမ္မ လမ်းလျှောက် ခိုင်းခဲ့သည်။ နောက်တစ်နေ့ နံနက်ပိုင်းတွင် ၎င်းတို့သွားရမည့် နေရာသို့ ရောက်သောအခါ စစ်သားများသည် ရွာသားအား ပြန်လွှတ် ပေးခဲ့သည်။ | အဖမ်းခံရကာ လူသားဒိုင်းအဖြစ် ခိုင်း စေခံရသူ အမျိုးသား ၁ ဦး |
| ၁၂ ဇူလိုင် ၂၀၂၃ | ကာမိုင်းရွာ ၊ ဖားကန့် | ကာမိုင်း ရွာမှ အသက် ၅၀ အရွယ်နှင့် အသက် ၂၀ အရွယ် အမျိုးသား ၂ ဦးသည် စစ်ကောင်စီ စစ်တပ်စစ်ဆေးရေးဂိတ် တစ်ပိုက်တွင် ချုံပုတ်များကို ခုတ်ထွင်ရှင်းလင်းရန် အတင်းအဓမ္မ ခိုင်းစေခြင်း ခံခဲ့ရသည်။ ထိုအချိန်တွင် စစ်ဆေးရေး ဂိတ်အနီး KIA နှင့် စစ်ကောင်စီ တပ်ဖွဲ့ဝင်များ အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး ရွားသားများကို ကျည်ထိမှန်ကာ သေဆုံးခဲ့သည်။ | စစ်မှုထမ်းအဖြစ် အတင်းအဓမ္မ လုပ်အားပေးခိုင်းစေခံရ သူ အမျိုးသား ၂ ဦး (တိုက်ပွဲအတွင်း ပစ်သတ်ခံခဲ့ရသည်) |
| ၁၃ ဇူလိုင် ၂၀၂၃ | ဒိန်ဂါယန်ရွာ၊ မိုးမောက် | မနက် ၅ နာရီတွင် ခလားယန်နှင့် လွယ်မောက်ယန် ကျေးရွာများအကြား KIA နှင့် စစ်ကောင်စီဘက်မှ တပ်မ ၇၇ နှင့် ခလရ ၅၆ မှ တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ နေ့လည် ၁ နာရီတွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ဒိန်ဂါယန် ရွာမှ ဗမာ အမျိုးသားတစ်ဦးနှင့် ကချင်အမျိုးသား တစ်ဦးအား ဖမ်းဆီးကာ လူသားဒိုင်းအဖြစ် စစ်ကြောင်း၏ အလယ်တွင် အတင်းအဓမ္မ လမ်းလျှောက်ခိုင်းခဲ့သည်။ တပ်ဖွဲ့ဝင်များ လွယ်ကွင်းထဲသို့ ရောက်သောအခါ ကချင် အမျိုးသားအား KIA ကို သတင်းပေးနေသလားဟု မေးမြန်းစစ်ဆေးကာ ရွာသား၏ ဖုန်းအား စစ်ဆေးခဲ့သည်။ စစ်သားများသည် ရွာသားများကို လုံခြုံရေးပေးခိုင်းရန် ခေါ်ထားခြင်းဖြစ်ကြောင်းနှင့် လမ်းတွင် အချို့စစ်ကားများဖြတ်လာပါက ၎င်းတို့အား ပြန်လွှတ်ပေးမည့်အကြောင်း | အဖမ်းခံရကာ လူသား ဒိုင်းအဖြစ် ခိုင်းစေခံရ သူ အမျိုးသား ၂ ဦး |

| | | | |
|---|---|---|---|
| | | ပြောခဲ့သည်။ ထို့နောက် စစ်သားတစ်ဦးမှ ဗမာ အမျိုးသားအား ဒေါ့ဖုန်းယန် တွင် အရက် ဝယ်ခိုင်းခဲ့ပြီးနောက် စစ်သားများ အရက် သောက်ခဲ့ကြသည်။ ထိုအချိန်တွင် နမ့်ဆန်ယန်ဘက်သို့ သွားမည့် စစ်ကား ၄ စီးခန့် ဖြတ်လာခဲ့သည်။ ညနေ ၄ နာရီခန့်အချိန်တွင် ရွာသား ၂ ဦးလုံးကို ပြန်လွှတ်ပေးခဲ့သည်။ | |
| ၁၄ ဇူလိုင် ၂၀၂၃ | မှော်ဆီဇာရွာ၊ ဖားကန့် | စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့ မှော်ဆီဇာရွာမှ Sky KTV ပိုင်ဆိုင်ကို ဖမ်းဆီး ခဲ့သည်။ ၎င်းအား မည်သည့် နေရာတွင် ဖမ်းဆီး ထိန်းသိမ်းထားသည်ကို မည်သူမျှ မသိပေ။ | အဖမ်းခံရသူ အမျိုး သား ၁ ဦး |
| ၁၉ ဇူလိုင် ၂၀၂၃ | ဂျာပူရွာ၊ ပိုင်းမော် | စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ဂျာပူ ရွာရှိ ၎င်းတို့၏ နေအိမ်ကို ပြန်လာသော အသက် ၄၀ အရွယ် အမျိုးသား ၂ ဦးနှင့် အသက် ၃၀ အရွယ် အမျိုးသား ၁ ဦးကို ဖမ်းဆီးခဲ့သည်။ ၎င်းတို့သည် စစ်ကောင်စီတပ်ဖွဲ့ဝင်များကြားတွင် လူသားဒိုင်း အဖြစ် အတင်းအဓမ္မ လမ်းလျှောက် ခိုင်းခံခဲ့ရသည်။ IDP စခန်းခေါင်း ဆောင်နှင့် ဘာသာရေး အကြီးအကဲ တစ်ဦးမှ ရွာသားများကို လွှတ်ပေးရင် စစ်ကောင်စီ တပ်မှူးအား တောင်းဆိုခဲ့ခြင်း ကြောင့် ဇူလိုင် ၂၀ ရက်နေ့တွင် လွှတ်မြောက်ခဲ့သည်။ | ဖမ်းဆီးခံရကာ လူသား ဒိုင်းအဖြစ် ခိုင်းစေခံရသူ အမျိုးသား ၃ ဦး |
| ၂၅ ဇူလိုင် ၂၀၂၃ | တီးမား ရွာမြောက်ပိုင်း၊ မူဆယ် | ဇူလိုင် ၂၅ ရက်နေ့တွင် မူဆယ်မြို့၊ နမ်အွမ်၊ ဆိုင်းခေါင် (Sai Hkau) နှင့် ကောင်ဝင်း (Kawng Wing) ကျေးရွာများ၌ TNLA နှင့် စစ်ကောင်စီ ခလရ ၁၂၃ တပ်ကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုနေ့တွင် တီးမား (Dima) ကျေးရွာမှ ကချင် လူငယ်နှစ်ဦးဖြစ်သူ ဂင်ရော်တူးဂျား (၂၅ နှစ်) နှင့် ဦးဘရန်အောင် (၂၇ နှစ်) သည် ဘောလုံး ပြိုင်ပွဲတစ်ခုအတွက် ဘောလုံးဝတ်စုံဝယ်ရန် Pajero ကားတစ်စင်းဖြင့် ကွတ်ခိုင်သို့ သွားခဲ့သည်။ နေ့လည်ပိုင်းတွင် ကွတ်ခိုင်မှ ပြန်လာကြပြီး နမ်အွမ် (Nam Um) နှင့် ဒီးမာ (Dima) ရွာကြားတွင် စစ်ကောင်စီ၏ ဖမ်းဆီးခြင်း ခံခဲ့ရ သည်။ ၎င်းတို့၏ မိသားစုဝင်များက ၎င်းတို့ကို လိုက်လံ ရှာဖွေခဲ့ကြ သော်လည်း ဇူလိုင်လ ၃၁ ရက်နေ့ ကွတ်ခိုင်မြို့၊ ဆွန်လွန် (Sun Lung) ကျေးရွာအနီး မီးရှို့ ထားသော ၎င်းတို့၏ အလောင်းများကို | ဖမ်းဆီးသတ်ဖြတ်ခံရ သူ အမျိုးသား ၂ ဦး |

| | | | |
|---|---|---|---|
| | | မတွေ့ခင်အထိ မည်သူများ ရှာမတွေ့ခဲ့ပေ။ ၎င်းတို့၏ အဝတ်များ၊ ဖိနပ်များနှင့် အိတ်များကို ၎င်းတို့အလောင်းနားတွင် ရှိနေပြီး ဇူလိုင် ၂၅ ရက်နေ့ လေကြောင်းတိုက်ခိုက်မှုအတွင်း အသတ်ခံရသည် TNLA ဝတ်စုံ ဝတ်ဆင်ခံရသည့် အိုက်လော ၏ ရုပ်အလောင်းကိုလည်း အနားတွင် တွေ့ခဲ့ရသည်။ | |

## ၅။ ပစ္စည်းဥစ္စာများကို သိမ်းယူခြင်း

၂၀၂၂ ခုနှစ် မေလမှ အောက်တိုဘာလအတွင်း စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ဇန်းမော်၊ ပူတာအို၊ မြစ်ကြီးနား၊ မိုးကောင်းနှင့် ဖားကန့်မြို့နယ်များရှိ မြို့ရွာများတွင် NLD ပါဝင် ၆ ဦး၏ အိမ်များကို သိမ်းယူချိတ်ပိတ်ခဲ့သည်။ NLD ပါတီဝင်များအားလုံးသည်လည်း ပုန်းခိုနေကြရသည်။

| **သိမ်းယူသည့်ရက်စွဲ** | **အိမ်သိမ်းယူခံရသည့် NLD အဖွဲ့ဝင်အမည်များ** | **တည်နေရာ** |
|---|---|---|
| ၂၄ မေ ၂၀၂၂ | ဦးဇော်တင် | ဇန်းမော် |
| ၂၅ မေ ၂၀၂၂ | ဦးခင်လင်း | ပူတာအို |
| ၂၉ ဇွန် ၂၀၂၂ | ဦးအောင်မင်းဟိန်း | ရှရော့ခ (ကျေးရွာ၊ ဖားကန့် |
| ၈ ဇူလိုင် ၂၀၂၂ | ဦးသင်းထွန်းသိန်း | အင်ဂျန်ဒုန်၊ ရပ်ကွက်၊ မြစ်ကြီးနား |
| ၅ အောက်တိုဘာ ၂၀၂၂ | ဒေါ်ခိုင်မာမြင့် | မိုးကောင်း |
| ၇ အောက်တိုဘာ ၂၀၂၂ | ဦးဝင်းမိုလ် | နမတီးရွာ၊ မိုးကောင်း |

Kachin Women's Association Thailand
website: http://kachinwomen.com/
email: kwat.office@gmail.com
facebook: Kachin Women's Association Thailand - KWAT

အောက်တိုဘာလ ၉ ရက် ၂၀၂၃ တွင် ထုတ်ဝေသည်။

